ကန့်သတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဘက်စုံ စီမံကိန်း
(၂၀၀၁-၂၀၀၂ ခုနှစ် မှ ၂၀၃၀-၂၀၃၁ ခုနှစ် ထိ)
အတွဲ (၅)

# သစ်တောစိုက်ခင်းများတည်ထောင်ခြင်း

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဘက်စုံစီမံကိန်း
# (၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ)
# အတွဲ (၅)

# သစ်တောစိုက်ခင်းများတည်ထောင်ခြင်း

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ

# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်
# စိမ်းလန်းစေရမည်

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | မူဝါဒဖော်ပြချက် | | ၂-၃ |
| ၃။ | ရည်ရွယ်ချက် | | ၄ |
| ၄။ | အပူပိုင်းဒေသအတွင်းရှိ ကြိုးဝိုင်းဧရိယာနှင့် ကြိုးပြင်ဧရိယာ | | ၄ |
| ၅။ | အပူပိုင်းဒေသအတွင်းရှိ မြေအသုံးချမှုနှင့်သစ်တောဖုံးလွှမ်းမှုအခြေအနေ | | ၅ |
| ၆။ | တည်ထောင်ပြီး သစ်တောစိုက်ခင်းများ | | ၅-၆ |
| ၇။ | အပူပိုင်းဒေသအတွင်း သစ်တောဖုံးလွှမ်းမှု ဧရိယာလိုအပ်ချက် | | ၆ |
| ၈။ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၁၉၉၇-၉၈ ခုနှစ်မှ ၂၀၁၀-၁၁ ခုနှစ်အတွင်း (၄)နှစ် စီမံကိန်းအရ ဆောင်ရွက်မည့်အစီအစဉ် | | ၇ |
| ၉။ | ၂၀၁၁-၁၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အတွင်း စိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် နေရာဒေသများ သတ်မှတ်ခြင်း | | ၇-၉ |
| ၁၀။ | သစ်တောစိုက်ခင်းများတည်ထောင်ခြင်း | | ၉ |
| | ၁၀-၁ | သစ်တောစိုက်ခင်းတည်ထောင်ရန် စိုက်ကွက်ကြီးများ ဖွဲ့စည်းခြင်း | ၉-၁၀ |
| | ၁၀-၂ | နှစ်အလိုက် ဆောင်ရွက်ရမည့် စိုက်ကွက်များဖွဲ့စည်းသတ်မှတ်ခြင်း | ၁၁ |
| | ၁၀-၃ | နှစ်စဉ်တည်ထောင်မည့် စိုက်ခင်းပမာဏ | ၁၁ |
| | ၁၀-၄ | သစ်တောစိုက်ခင်းအမျိုးအစား | ၁၂-၁၉ |
| | ၁၀-၅ | သင့်လျော်သည့် သစ်မျိုးများရွေးချယ်စိုက်ပျိုးခြင်း | ၁၉ |
| | ၁၀-၆ | စိုက်ပင်အကွာအဝေးသတ်မှတ်ခြင်း | ၂၆-၂၇ |
| | ၁၀-၇ | စိုက်ခင်းမြေနေရာ ပြုပြင်ခြင်း | ၂၇-၃၂ |
| | ၁၀-၈ | သစ်တောပျိုးဥယျာဉ်များ | ၃၂-၄၀ |
| | ၁၀-၉ | စိုက်ပျိုးခြင်း | ၄၁-၄၄ |
| | ၁၀-၁၀ | စိုက်ပင်များအား ပြုစုထိန်းသိမ်းပေးခြင်း | ၄၄-၄၆ |
| | ၁၀-၁၁ | ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်း | ၄၆-၄၈ |
| | ၁၀-၁၂ | စိုက်ခင်းလုပ်ငန်းများအပေါ် သုံးသပ်ဆန်းစစ်ခြင်း | ၄၈-၄၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၁။ | | တည်ထောင်ပြီးစိုက်ခင်းများအား စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း | ၄၉ |
| | ၁၁-၁ | ပြုစုထိန်းသိမ်းကာကွယ်ခြင်း | ၄၉-၅၁ |
| | ၁၁-၂ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖြစ် လွှဲပြောင်းပေးခြင်း | ၅၂ |
| | ၁၁-၃ | ထုတ်ယူသုံးစွဲခြင်း | ၅၂-၅၃ |
| ၁၂။ | | စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ပံ့ပိုးမှုများ | ၅၃ |
| | ၁၂-၁ | ဝန်ထမ်းအင်အားလိုအပ်ချက် | ၅၃ |
| | ၁၂-၂ | စိုက်ခင်းအဆောက်အဦး မတည်ဆောက်လုပ်ခြင်း | ၅၄-၅၅ |
| | ၁၂-၃ | စက်ကိရိယာနှင့် ယာဉ်ယန္တရား | ၅၅ |
| | ၁၂-၄ | လောင်စာဆီလိုအပ်ချက် | ၅၆ |
| | ၁၂-၅ | လုပ်သားလိုအပ်ချက် | ၅၆-၅၇ |
| ၁၃။ | | အထွေထွေ | ၅၇-၅၈ |
| ၁၄။ | | နိဂုံး | ၅၈ |

# ပူးတွဲစာရင်းများ


| စဉ် | အကြောင်းအရာ | ပူးတွဲ |
|---|---|---|
| ၁၊ | မြို့နယ်အလိုက် ကြိုးဝိုင်းဧရိယာ၊ ကြိုးပြင်ဧရိယာနှင့် အခြားစိုက်ပျိုးမြေ အခြေအနေပြဇယား | ၁ |
| ၂။ | မြေအသုံးချမှုနှင့်သစ်တောဖုံးလွှမ်းမှု အခြေအနေပြဇယား | ၂ |
| ၃။ | သစ်တောစိုက်ခင်းတည်ထောင်ရန် မြေအမျိုးအစားအခြေအနေပြဇယား | ၃ |
| ၄။ | ၁၉၉၇-၉၈ ခုနှစ်မှ ၂၀၀၀-၀၁ ခုနှစ်အတွင်း တည်ထောင်မည့် သစ်တောစိုက်ခင်းများစာရင်း | ၄ |
| ၅။ | ၁၉၉၇-၉၈ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း | ၅ |
| ၆။ | ၁၉၉၈-၉၉ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း | ၅ အဆက် |
| ၇။ | ၁၉၉၉-၂၀၀၀ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း | ၅ အဆက် |
| ၈။ | ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း | ၅ အဆုံး |
| ၉။ | သက္ကရာဇ် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ စိုက်ခင်းတည်ထောင်မည့် အစီအစဉ် | ၆ |
| ၁၀။ | သက္ကရာဇ် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ စိုက်ခင်းတည်ထောင်မည့် အစီအစဉ် | ၆ အဆက် |
| ၁၁။ | ပထမ(၅)နှစ်၊ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း တိုင်း/ခရိုင်အလိုက် နှစ်စဉ်စိုက်ခင်းတည်ထောင်မည့်အစီအစဉ် | ၆ အဆက် |
| ၁၂။ | ဒုတိယ (၅)နှစ်၊ ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း တိုင်း/ခရိုင်အလိုက် နှစ်စဉ်စိုက်ခင်းတည်ထောင်မည့်အစီအစဉ် | ၆ အဆက် |
| ၁၃။ | တတိယ(၅)နှစ်၊ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တိုင်း/ ခရိုင်အလိုက် နှစ်စဉ်စိုက်ခင်းတည်ထောင်မည့်အစီအစဉ် | ၆ အဆက် |
| ၁၄။ | စတုတ္ထ(၅)နှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း တိုင်း/ ခရိုင်အလိုက် နှစ်စဉ်စိုက်ခင်းတည်ထောင်မည့်အစီအစဉ် | ၆ အဆက် |
| ၁၅။ | ပဉ္စမ(၅)နှစ်၊ ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း တိုင်း/ခရိုင်အလိုက် နှစ်စဉ်စိုက်ခင်းတည်ထောင်မည့်အစီအစဉ် | ၆ အဆက် |
| ၁၆။ | ဆဋ္ဌမ (၅)နှစ်၊ ၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အတွင်း တိုင်း/ ခရိုင်အလိုက် နှစ်စဉ်စိုက်ခင်းတည်ထောင်မည့်အစီအစဉ် | ၆ အဆုံး |

၁၇။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနယ်မြေအတွင်းရှိ ဆည်နှင့် ရေလှောင်တမံ (၅၄)ခု၏ ရေဝေရေလဲဒေသ အခြေအနေပြဇယား ၇

၁၈။ အမြဲတမ်းပျိုးဥယျာဉ်စာရင်း ၈

၁၉။ အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းအတွက် လိုအပ်သောယာဉ်ယန္တရားများစာရင်း ၉

၂၀။ ယာဉ်ယန္တရားများစာရင်း ၁၀

## မြေပုံများ

# သစ်တောစိုက်ခင်းများတည်ထောင်ခြင်း

## ၁။ နိဒါန်း

စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့် ရေမြေတောတောင်နှင့် သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းရန်လိုအပ်ပါသည်။ သစ်ပင်သစ်တောများနှင့် တောတောင် စိမ်းလန်း စိုပြည်နေမှသာလျှင် ရေအရင်းအမြစ် အလုံအလောက်ရရှိမှု၊ မြေဆီလွှာ ထိန်းသိမ်းကာကွယ်နိုင်မှုနှင့် ရာသီဥတု မျှတမှန်ကန်မှုတို့ကို ရရှိမည်ဖြစ်ပြီး ရာသီမရွေး သီးနှံစိုက်ပျိုးဖြစ်ထွန်း အောင်မြင်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသရှိ သဘာဝသစ်တောများမှာ ရှေးမြန်မာမင်းများ လက်ထက်မှစ၍ သာသနာရေးဆိုင်ရာ ဘုရားပုထိုးစေတီတော်များတည်ထားကိုးကွယ်ရန် အုတ်လုပ်ငန်း အတွက် သစ်ထင်းခုတ်ယူခြင်း၊ ဂျပန်ခေတ်ကာလနှင့် ပြည်တွင်းသောင်းကျန်းသူများ ဆူပူချိန်ကာလများ တွင် တရားဥပဒေစိုးမိုးမှုနည်းပါးသဖြင့် စည်းကမ်းမဲ့သစ်ထင်းခုတ်ယူသုံးစွဲကြခြင်း၊ မိုးခေါင်သည့်ကာလ များတွင် စိုက်ပျိုးသီးနှံမှ ဝင်ငွေမရရှိကြသည့်အခါ ထင်းခုတ်ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခြင်း၊ လူဦးရေထူထပ်လာသည်နှင့်အမျှ သစ်ထင်းလိုအပ်ချက်များပြားပြီး စည်းကမ်းမဲ့ခုတ်ယူသုံးစွဲ ခြင်းများကြောင့် သစ်တောများ ပျက်စီးပြုန်းတီးလာခဲ့ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၂၀ လက်မမှ ၄၀ လက်မအတွင်းသာ ရွာသွန်းသောဒေသဖြစ်ပါသည်။ မိုးရွာသွန်းမှုသည်လည်း အချိန်တို အတွင်းသာ ရွာသွန်းလေ့ရှိသဖြင့် မြေကြီးအတွင်းသို့ ရေစိမ့်ဝင်မှုနည်းပါးပြီး အပေါ်မြေဆီလွှာတိုက်စားမှု ဖြစ်ပေါ်ကာ မြေအမျိုးအစားညံ့ဖျင်း၍ ကျောက်တုံးကျောက်ခဲ ပေါများပါသည်။ သစ်ပင်သစ်တော ပေါက်ရောက်မှု နည်းပါးသဖြင့် ထင်းလောင်စာရှားပါးသော ဒေသလည်းဖြစ်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု နည်းပါးခြင်း၊ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် သောက်သုံးရေ လုံလောက်စွာမရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ သစ်တော ပြုန်းတီးမှုလည်း တစ်စထက်တစ်စ များပြားလာခြင်းတို့ကြောင့် ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင့်အတန်းများမှာ အခြားဒေသများထက် နိမ့်ကျခဲ့ရပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် ရေ၊ မြေ၊ တောတောင်သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ဒေသခံပြည်သူတို့၏ လူနေမှုဘဝ မြင့်မားလာစေရန်အတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ရေရှည်စီမံဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သဘာဝ သစ်တောများအား ပြုစုထိန်းသိမ်းရန် လိုအပ်သကဲ့သို့သင့်လျော်သည့်သစ်မျိုးများဖြင့် သစ်တောစိုက်ခင်းများ

တည်ထောင်ခြင်း လုပ်ငန်းသည်လည်း အဓိကလိုအပ်သော အရေးကြီးသည့် လုပ်ငန်းကြီး တစ်ခုဖြစ်ပါသည်။ သစ်တောစိုက်ခင်း များအား စနစ်တကျ တည်ထောင်ဆောင်ရွက်နိုင်မှသာလျှင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်လာမည်ဖြစ်ပါသည်။

## ၂။ မူဝါဒဖော်ပြချက်

၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ သဘောထားကြေငြာချက်တွင် နိုင်ငံတော်အစိုးရအနေနှင့် ကျယ်ပြန့် သော အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာ ဖော်ဆောင်နိုင်ရန်အလို့ငှာ ထိပ်ဆုံးမှ မလွဲ မသွေ ဦးစားပေးဖော်ဆောင်သွားရမည့် ပဓါနကျသော အချက်(၆)ချက်ကို အောက်အပါအတိုင်း ဖော်ပြထားပါသည် -

### (က) ကာကွယ်ခြင်း(Protection)

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

### (ခ) ထာဝစဉ်တည်တံ့စေခြင်း (Sustainability)

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

### (ဂ) အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းခြင်း (Basic Needs)

ပြည်သူလူထု၏ လောင်စာနေအိမ် အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

### (ဃ) စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း (Efficiency)

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးတို့ကို မထိခိုက်စေပဲ အပြည့်အဝအသုံးချနိုင်ရန်စီမံရမည်။

### (င) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း (Participation)

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

**(စ) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေခြင်း (Public awareness)**

နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန်နေ စေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

အထက်ဖော်ပြပါ အဓိကကျသော အချက်(၆)ချက်ကို ဖော်ဆောင်နိုင်ရေးအတွက် သစ်တောမျိုးဆက်ခြင်းနှင့် သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် အောက်ပါရည်ရွယ်ချက်များ သတ်မှတ်ထားရှိပါသည်။

၁။ သစ်တောမျိုးဆက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများဖြင့် သဘာဝသစ်တောများမှ ထွက်ရှိမှုကို အကောင်းဆုံးဖြစ်စေရန်အတွက် ကောင်းမွန်သော သစ်တောကဏ္ဍဖွံ့ဖြိုးမှု အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်။

၂။ စက်မှုလုပ်ငန်းနှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ဂေဟစနစ်များမျှတမှုကို ပြန်လည်ရရှိစေရန်အတွက် တောပျက်များနှင့် ယာမြေများတွင် အကြီးမြန်သောဘက်စုံသစ်မျိုးများ စိုက်ပျိုးခြင်းကို အားပေး ရန်။

သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် ပတ်သက်၍ မူဝါဒ လုပ်ငန်းများအနေဖြင့် အောက်ပါအတိုင်း သတ်မှတ်ဖော်ပြထားပါသည်။

(က) သစ်တောများပျက်စီးပြုန်းတီးနေသော ဒေသများတွင် သစ်တောများ ပြန်လည်တည်ထောင်နိုင်ရေးအတွက်သစ်တောစိုက်ပျိုးရေးသမဝါ ယမများတည်ထောင်လျက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်စေရန် ငွေကြေး ထောက်ပံ့ခြင်း၊ ချေးငှားခြင်း ပြုလုပ်ပေးရမည်။

(ခ) စိုက်ခင်းသစ်တောများသည်သဘာဝသစ်တောများကို အစားထိုးနိုင်ချေ မရှိကြောင်းကိုအသိအမှတ်ပြုရမည်။စိုက်ခင်းနှင့်သဘာဝသစ်တောများ ကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏ သစ်တော သယံဇာတများကို အကျိုးအရှိဆုံး အသုံး ချသွားရမည်။

(ဂ) ပျက်သုဉ်းသွားသည့် သစ်တောပျက်ဧရိယာများကို ပြန်လည် ထူထောင် ရန်နှင့် ဒေသခံပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် နှစ်စဉ် ဟက်တာနှစ်သောင်းတွင် သစ်တောစိုက်ခင်းများ တည်ထောင်သွားရမည်။

အထက်ဖော်ပြပါမြန်မာ့သစ်တောမူဝါဒ ဖော်ပြချက်များ အရ အပူပိုင်းဒေသအတွင်းသစ်တောစိုက်ခင်းထူထောင်ခြင်းလုပ်ငန်းများသည် နိုင်ငံတော်အတွက် မလွဲမသွေဆောင်ရွက်ရ မည့်လုပ်ငန်းများဖြစ်ပြီး စိုက်ခင်းလုပ်ငန်းများအောင်မြင်ရေးသည် အထူးအရေးကြီးသော လုပ်ငန်းကြီးဖြစ်ပါသည်။

## ၃။ ရည်ရွယ်ချက်

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်၊

၂။ ရေမြေသဘာဝဝန်းကျင်ကို ထိန်းသိမ်းရန်၊

၃။ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊

၄။ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွား ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်၊

၅။ သစ်တော၊ သစ်ပင်များ၏ တန်ဖိုးနှင့် အနှစ်သာရကို ဒေသနေပြည်သူများ သိရှိနားလည်စေရန်၊

၆။ သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူလူထု အသိပညာ မြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တိုးတက်ရရှိစေရန်၊

၇။ ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်၊

၈။ သဲကန္တာရဖြစ်ထွန်းမှုကို ကာကွယ်တားဆီးရန်၊

## ၄။ အပူပိုင်းဒေသအတွင်းရှိ ကြိုးဝိုင်းဧရိယာနှင့် ကြိုးပြင်ဧရိယာ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဖွဲ့စည်းပုံတွင်ပါဝင်သည့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းအတွင်းရှိ ခရိုင်(၁၃)ခရိုင်၊ မြို့နယ်(၅၇)မြို့နယ်တွင် ကြိုးဝိုင်းဧရိယာ(၃၇၇၇၄၇၉)ဧက၊ ကြိုးပြင်ဧရိယာ(၈၁၀၁၅၆၉)ဧက၊ အခြားစိုက်ပျိုးမြေဧရိယာဧက (၉၆၇၈၄၁၁)၊ စုစုပေါင်း ဧရိယာဧက (၂၁၅၅၇၄၅၉)ဧက ဖြစ်ပါသည်။ အပူပိုင်းဒေသအတွင်း ပါဝင်သည့် တိုင်း၊ ခရိုင်၊ မြို့နယ်များ၏ တည်နေရာပြ မြေပုံကို ပုံ(၁)ဖြင့် ဖော်ပြထားပါသည်။ အပူပိုင်းဒေသအတွင်းရှိ မြို့နယ်အလိုက် ကြိုးဝိုင်းဧရိယာနှင့် ကြိုးပြင်ဧရိယာများကို ပူးတွဲ(၁)တွင် ဖော်ပြထားပါသည်။

## ၅။ အပူပိုင်းဒေသအတွင်းရှိ မြေအသုံးချမှုနှင့်သစ်တောဖုံးလွှမ်းမှုအခြေအနေ

သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်ဌာနစိတ်မှ တွက်ချက်ရရှိသည့် အပူပိုင်းဒေသအတွင်းရှိ မြေအသုံးချမှုနှင့် သစ်တော ဖုံးလွှမ်းမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြေအသုံးချမှုနှင့်သစ်တော ဖုံးလွှမ်းမှု | အကျယ်အဝန်း (ဧက) | ရာခိုင်နှုန်း (%) |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | တောကောင်း | ၄၂၅၀၅၉၆ | ၁၉.၇% |
| ၂ | တောညံ့ | ၁၈၁၅၈၄၃ | ၈.၄% |
| ၃ | တောင်ယာပါဝင်သည့်တောညံ့ | ၂၈၀၄၁၇၄ | ၁၃.၀% |
| ၄ | စိုက်ပျိုးမြေ | ၁၁၉၆၂၃၉၅ | ၅၅.၅% |
| ၅ | အခြားမြေ | ၄၂၂၂၇၃ | ၂.၀% |
| ၆ | ရေ | ၃၀၂၁၇၈ | ၁.၄% |
| | **စုစုပေါင်း** | **၂၁၅၅၇၄၅၉** | **၁၀၀%** |

တိုင်း/ခရိုင်/မြို့နယ်အလိုက် မြေအသုံးချမှုနှင့် သစ်တောဖုံးလွှမ်းမှုအခြေအနေကို ပူးတွဲ(၂)တွင် ဖော်ပြထားပါသည်။

## ၆။ တည်ထောင်ပြီးသစ်တောစိုက်ခင်းများ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၊ မြေယာနှင့် ကျေးလက်ကြီးပွားရေး ကော်ပိုရေးရှင်း **(Agriculture and Rural Development Corporation)** အနေဖြင့် ၁၉၅၃-၅၄ ခုနှစ်မှစတင်၍ ၁၉၆၃-၆၄ ခုနှစ်အထိ (၁၀)နှစ်အတွင်း ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် ၁၉၆၄-၆၅ ခုနှစ်မှ ၁၉၉၃-၉၄ ခုနှစ်အထိ အပူပိုင်းဒေသအတွင်း သဘာဝတောများပြုစုထိန်းသိမ်းခြင်းနှင့် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၄-၉၅ ခုနှစ်မှစတင်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းအား အရှိန်အဟုန်မြှင့်ပြီး ကိုးခရိုင်အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပါသည်။

သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ အဝေးမှစူးစမ်းလေ့လာနှင့် ပထဝီဝင် သတင်းအချက်အလက်ဌာနစိတ်၏ တွက်ချက်မှုအရ သစ်တောစိုက်ခင်းများအား တောကောင်းများအဖြစ် အောက်ဖော်ပြပါအတိုင်း တိုင်းအသီးသီးတွင် တွေ့ရှိရပါသည်။

| စဉ် | တိုင်းအမည် | စိုက်ခင်းဧရိယာ (ဧက) |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | စစ်ကိုင်းတိုင်း | ၄၇၆၇.၆၀ |
| ၂ | မန္တလေးတိုင်း | ၄၁၃၇၉.၇၀ |
| ၃ | မကွေးတိုင်း | ၂၇၄၀.၇၀ |
| | **စုစုပေါင်း** | **၄၈၈၈၈.၀၀** |

## ၇။ အပူပိုင်းဒေသအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာလိုအပ်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အကျယ်အဝန်း(၁၆၇,၁၈၅,၅၆၀)ဧကအနက် သစ်တောဖုံးလွှမ်းသည့်ဧရိယာမှာ (၈၄,၉၀၂,၀၆၆)ဧက ဖြစ်သဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ (၅၁%)ရှိသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း စုစုပေါင်း ဧရိယာ (၂၁,၅၅၇,၄၅၉)ဧက အနက် တောကောင်းဧရိယာမှာ (၄,၂၅၀,၅၉၆)ဧကသာ ရှိသဖြင့် သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ (၁၉.၇%)သာ ရှိပါသည်။

အပူပိုင်းဒေသအတွင်း ရေမြေရာသီဥတု အခြေအနေအရ တစ်နိုင်ငံလုံး၏ သစ်တောဖုံးလွှမ်းမှုဧရိယာ (၅၁%) စံနှုန်းကို မမီနိုင်သော်လည်း အပူပိုင်းဒေသ စုစုပေါင်းဧရိယာ၏ (၃၅%)ကို သစ်တောဖုံးလွှမ်းမှုဧရိယာ ရရှိရေးအတွက် ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာ (၇,၅၄၅,၁၁၀)ဧက ရရှိစေရန် သဘာဝတောများအား အထူးကာကွယ်ထိန်းသိမ်းခြင်းနှင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းများအား အလေးပေးဆောင်ရွက်ရပါမည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ (၇,၅၄၅,၁၁၀)ဧက ရရှိစေရန် တောကောင်းဧရိယာ(၄,၂၅၀,၅၉၆)ဧကအား ဆက်လက်ထိန်းသိမ်းထားပြီး တောညံ့ဧရိယာ (၁,၈၁၅,၈၄၃)ဧကနှင့် တောင်ယာပါဝင်သည့် တောညံ့ဧရိယာ (၂,၈၀၄,၁၇၄)ဧက တို့အနက်မှ စုစုပေါင်းဧရိယာ (၃,၂၉၄,၅၁၄)ဧကအား တောကောင်းအဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်သွားရပါမည်။

## ၈။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၁၉၉၇-၉၈ ခုနှစ်မှ ၂၀၀၀-၀၁ ခုနှစ်အတွင်း (၄)နှစ်စီမံကိန်းအရ ဆောင်ရွက်မည့်အစီအစဉ်

၁၉၉၇-၉၈ ခုနှစ်မှ ၂၀၀၀-၀၁ ခုနှစ်အတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် (၄)နှစ်စီမံကိန်းဖြင့် သဘာဝတောထိန်းသိမ်းကာကွယ်ခြင်းနှင့် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

| စဉ် | ခုနှစ် | သဘာဝတောထိန်းသိမ်း ကာကွယ်ခြင်း (ဧက) | စိုက်ခင်း တည်ထောင်ခြင်း (ဧက) | စုစုပေါင်း (ဧက) |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ၁၉၉၇-၉၈ | ၁၀၀,၀၀၀ | ၁၉,၅၃၀ | ၁၁၉,၅၃၀ |
| ၂။ | ၁၉၉၈-၉၉ | ၁၀၀,၀၀၀ | ၃၅,၀၀၀ | ၁၃၅,၀၀၀ |
| ၃။ | ၁၉၉၉-၂၀၀၀ | ၂၁၀,၀၀၀ | ၃၅,၀၀၀ | ၂၄၅,၀၀၀ |
| ၄။ | ၂၀၀၀-၂၀၀၁ | ၂၁၀,၀၀၀ | ၃၅,၀၀၀ | ၂၄၅,၀၀၀ |
| | **စုစုပေါင်း** | **၆၂၀,၀၀၀** | **၁၂၄,၅၃၀** | **၇၄၄,၅၃၀** |

## ၉။ ၂၀၀၁-၀၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အတွင်း စိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် နေရာဒေသများ သတ်မှတ်ခြင်း

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာ (၃၅%) ရရှိစေရေးအတွက် လက်ရှိတောညံ့ ဧရိယာနှင့် တောင်ယာပါဝင်သည့် တောညံ့ဧရိယာတို့မှ စုစုပေါင်း ဧရိယာ (၃,၂၉၄,၅၁၄)ဧကအား တောကောင်းအဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် ၁၉၉၇-၉၈ ခုနှစ်မှ ၂၀၀၀-၀၁ ခုနှစ်အတွင်း ဧရိယာ (၇၄၄,၅၃၀)ဧကအား ဆောင်ရွက်မည်ဖြစ်သဖြင့် ၂၀၀၁-၀၂ ခုနှစ်မှ စတင်၍ ဆောင်ရွက်ရန် ဧရိယာ (၂,၅၄၉,၉၈၄)ဧက (ဆိုပါစို့ ဧက ၂၆ သိန်း) ကျန်ရှိမည် ဖြစ်ပါသည်။ လက်ရှိတောညံ့ဧရိယာများနှင့် တောင်ယာပါဝင်သည့် တောညံ့ဧရိယာများမှ ဧရိယာဧက (၂၆)သိန်းခန့်အား တောကောင်းများအဖြစ်သို့ ရောက်ရှိလာစေရန် ဆောင်ရွက်ရာ၌ သဘာဝတောများ အထူးကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း သဘာဝတောများ ထိန်းသိမ်းကာကွယ်ရန် လိုအပ်သော နေရာဒေသများနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ရန် လိုအပ်သည့် နေရာဒေသများအား

ရွေးချယ်သတ်မှတ်ရာတွင်သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်ဌာနစိတ် (Remote Sensing and GIS Section) မှ တွက်ချက် ရရှိသည့် မြေအသုံးချမှု အတန်းအစား (Land Use Classes)များနှင့် လျှောစောက် အတန်းအစား (Slope Classes) များအား အခြေခံ၍ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

သစ်တောဦးစီးဌာန စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ အဝေးမှ စူးစမ်းလေ့လာနှင့် ပထဝီ သတင်းအချက်အလက်ဌာနစိတ်မှ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် စိုက်ခင်း တည်ထောင် ခြင်းနှင့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကောင်းကင် ဂြိုဟ်တုမှ ရရှိသည့် ပထဝီဝင်ဆိုင်ရာ အချက်အလက်များကို အထောက်အထားပြု၍ အောက်ဖော်ပြပါ အတိုင်း အတန်းအစား (၄)မျိုး တွက်ချက်ရရှိပါသည် -

| စဉ် | အတန်းအစား | အကြောင်းအရာ | ဧရိယာ (ဧက) |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | အတန်းအစား(၁) | စိုက်ပျိုးရန်မလိုအပ်(သို့)မသင့်လျော်သောဒေသ | ၁၆,၈၄၅,၄၅၆ |
| ၂ | အတန်းအစား(၂) | စိုက်ခင်းစိုက်ရန်လိုအပ်သော်လည်း အလွန်မတ်စောက်သောဒေသများ (လျှောစောက် ၂၇% နှင့်အထက်) | ၃,၂၈၅,၄၃၁ |
| ၃ | အတန်းအစား(၃) | စိုက်ပျိုးရန်လိုအပ်သည့် ပြေပြစ်သောဒေသများ(လျှောစောက်၂၇%အောက်) | ၁,၃၁၅,၄၃၉ |
| ၄ | အတန်းအစား(၄) | လျှောစောက် ၂၇%အထက်တွင်ရှိ၍ ရေတိုက်စားမှုအန္တရာယ်ရှိသည့် သီးနှံစိုက်ပျိုးထားသောဒေသများ | ၁၁၁,၁၃၃ |
| | **စုစုပေါင်း** | | **၂၁,၅၅၇,၄၅၉** |

အထက်ဖော်ပြပါ အတန်းအစား(၄)မျိုးအနက် လျှောစောက်(၂၇%)နှင့်အထက် အလွန်မတ်စောက် သောနေရာဒေသများမှာ သစ်တောစိုက်ခင်းများ တည်ထောင်ရန် မသင့်လျော်ပဲ သဘာဝတောထိန်းသိမ်း ကာကွယ်ခြင်းနှင့် ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တောကောင်းအဖြစ်သို့ ရောက်ရှိအောင် ပြုစုကာကွယ်ထိန်းသိမ်းသွားရမည် ဖြစ်ပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ရန်အတွက် အတန်းအစား (၃)တွင် ပါဝင်သည့် ဧကပေါင်း (၁၃၁၅၄၃၉) တွင် ရွေးချယ် ဆောင်ရွက်ရမည် ဖြစ်သော်လည်း သစ်တောဦးစီးဌာနမှ တည်ထောင်မည့်

စိုက်ခင်းများနှင့် အခြားမြေအသုံးချမှု အမျိုးအစားတွင် ပါဝင်မှုစသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် အတန်းအစား (၃)တွင် ပါဝင်သည့် ဧရိယာအားလုံး၏ (၇၀%)ဖြစ်သည့် (၉၂၀၈၀၇)ဧကအား သစ်တောစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ (၁၉၉၇-၉၈) ခုနှစ်မှ (၂၀၀၀-၂၀၀၁) ခုနှစ်အထိ (၄)နှစ်စီမံကိန်းဖြင့် သစ်တောစိုက်ခင်းဧရိယာ (၁၂၄၅၃၀) ဧကကို တည်ထောင်သွားမည်ဖြစ်၍ (၂၀၀၁-၂၀၀၂) ခုနှစ်မှ (၂၀၃၀-၂၀၃၁) ခုနှစ်အထိ နှစ်(၃၀)ကာလအတွင်း သစ်တောစိုက်ခင်း ဧရိယာ (၇၉၆၂၇၇)ဧက (ဆိုပါစို့- ဧက ၈၀၀၀၀၀) တည်ထောင်ရမည်ဖြစ်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း သစ်တောဖုံးလွှမ်းသည့် ဧရိယာ (၃၅%)ရရှိစေရန် ၂၀၀၁-၀၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အထိ စိုက်ခင်းဧက (၈)သိန်းအား တည်ထောင်ရန် လိုအပ်သည့်အပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် သက်ပတ်ပြည့်၍ ခုတ်လှဲထုတ်ယူခွင့်ပြုခဲ့သည့် ကျေးရွာသုံး စိုက်ခင်းဟောင်းများနေရာတွင် ပြန်လည်၍ သစ်တောစိုက်ခင်းများ တည်ထောင်ရန် လိုအပ်ပါသည်။

သို့ဖြစ်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၀၁-၀၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အထိ နှစ်(၃၀)အတွင်း တစ်နှစ်လျှင် စိုက်ခင်းဧက (၃၅,၀၀၀)နှုန်းဖြင့် ဧကပေါင်း (၁,၀၅၀,၀၀၀)ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး သက်ပတ်ပြည့်၍ ထုတ်ယူခွင့်ပြုပြီးသော စိုက်ခင်းဟောင်းများနေရာတွင် ပြန်လည်စိုက်ပျိုးမည့် ကျေးရွာသုံးစိုက်ခင်း ဧက(၂၅၀,၀၀၀) ပါဝင်မည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနမှ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်ဌာနစိတ်မှ တွက်ချက်ရရှိသည့် အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ စိုက်ပျိုးရန် မလိုအပ်(သို့မဟုတ်) မသင့်လျော်သောဒေသများ၊ စိုက်ခင်းစိုက်ရန် လိုအပ်သော်လည်း အလွန်မတ်စောက်သောဒေသများ (လျှောစောက်၂၇%နှင့်အထက်)၊ စိုက်ပျိုးရန်လိုအပ်သည့် ပြေပြစ်သောဒေသများ (လျှောစောက်၂၇%အောက်)နှင့် (လျှောစောက် ၂၇%အထက်)တွင်ရှိ၍ ရေတိုက်စားမှုအန္တရာယ်ရှိသည့် သီးနှံစိုက်ပျိုးထားသော ဒေသများ၏ ဧရိယာအကျယ်အဝန်းကို တိုင်း/ခရိုင်/ မြို့နယ်အလိုက် ပူးတွဲ(၃)တွင် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းနေရာဒေသများ၏ တည်နေရာပြမြေပုံများကို ပုံ(၂) တွင် ဖော်ပြထားပါသည်။

## ၁၀။ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း

### ၁၀-၁။ သစ်တောစိုက်ခင်းတည်ထောင်ရန် စိုက်ကွက်ကြီးများ ဖွဲ့စည်းခြင်း

အပူပိုင်းဒေသအတွင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ရန် လိုအပ်သည့် ဧရိယာများကို သတ်မှတ်ရာ၌ သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက်ဌာနစိတ်မှ တွက်ချက် ရယူရာတွင်

ကောင်းကင်ဓာတ်ပုံမှ တောအမျိုးအစား၊ ပေါက်ရောက်မှု အခြေအနေနှင့်မြေမျက်နှာပြင်၏ လျှောစောက်အနေအထားကို မူတည်၍ တွက်ချက်ထားခြင်းဖြစ်သဖြင့် ပိုမိုတိကျမှုရှိစေရန် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး စိုက်ကွက်ကြီးများ ဖွဲ့စည်း၍ သတ်မှတ်ရမည်ဖြစ်ပါသည်။

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် သဘာဝ ပေါက်ပင်များကို အပြောင်ရှင်းလင်းပြီး ပြန်လည်စိုက်ပျိုးသည့်စနစ်ကို လုံးဝမကျင့်သုံးပဲ သဘာဝ ပေါက်ပင်များအတွင်း လစ်လပ်နေသော နေရာများ၌ စိုက်ပျိုးသည့် စနစ်ကို ကျင့်သုံးရမည်ဖြစ်ပါ၍ ကွင်းဆင်းစစ်ဆေးရာတွင် သဘာဝပေါက်ပင်များ၏ ပေါက်ရောက်မှု အစိပ်အကျဲကိုပါ အလေးထား စစ်ဆေး မှတ်တမ်းပြုရမည် ဖြစ်ပါသည်။ သဘာဝပေါက်ပင်များ၏ ပေါက်ရောက်မှုသည် တစ်ဧကလျှင် အပင် (၂၀၀)ရှိပါက သစ်တောစိုက်ခင်း တည်ထောင်ရန် လိုအပ်မည်မဟုတ်ဘဲ ဓမ္မတာမျိုးဆက်ခြင်း နည်းစနစ်ဖြင့် သစ်တောများကို ပြုစုထိန်းသိမ်း ဆောင်ရွက်သွားရပါမည်။ သို့ဖြစ်၍ သစ်တောစိုက်ခင်းများ တည်ထောင်ရန် အသေးစိတ် ကွင်းဆင်းစစ်ဆေးရာတွင် သစ်ပင်စိုက်ပျိုးရန် မလိုအပ်ဘဲ ကာကွယ်ပြုစု ထိန်းသိမ်းရမည့်နေရာ၊ စိုက်ခင်းတည်ထောင်ရန် လုံးဝမဖြစ်နိုင်သောနေရာ၊ အထူးမြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးမှ စိုက်ခင်း တည်ထောင်နိုင်သည့်နေရာ စသည်ဖြင့် အသေးစိတ် ခွဲခြားသတ် မှတ်ပေးရမည် ဖြစ်ပါသည်။

မြို့နယ်အလိုက် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး စိုက်ခင်းတည်ထောင်မည့် နေရာဒေသ၏ ပါဝင်ပင်မြေပုံ (Stock Map)နှင့် အုပ်ချုပ်မှုမြေပုံ (Management Map)များ ရေးဆွဲပြီး နေရာဒေသအလိုက် စိုက်ကွက်ကြီးများ ဖွဲ့စည်းရမည်ဖြစ်ပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် လက်ရှိသစ်တောပေါက်ရောက်မှု အနေအထားနှင့် ဒေသ၏ လျှောစောက်အခြေအနေကို အဓိကစဉ်းစားပြီး တည်ထောင်မည့် စိုက်ခင်း အမျိုးအစားနှင့် စိုက်ပျိုးမည့် နည်းစနစ်များကို သတ်မှတ်ပေးရန် လိုအပ်ပါသည်။

သစ်ပင်ပေါက်ရောက်မှု နည်းပါးပြီး လျှောစောက်ပြေပြစ်သည့် နေရာဒေသများတွင် သစ်တောစိုက်ခင်း တည်ထောင်ပြီး ပြန်လည်ထုတ်ယူ သုံးစွဲရန် ရည်ရွယ်သည့် ကျေးရွာသုံး စိုက်ခင်း များကို ဦးစားပေး တည်ထောင်ရမည်ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားမှု ထိန်းသိမ်းရန် အထူး လိုအပ်၍ မတ်စောက်သည့် လျှောစောက်များ တည်ရှိသော တောင်စောင်းဒေသများတွင် ပြန်လည် ထုတ်ယူသုံးစွဲရန် မရည်ရွယ်သည့် ရေဝေရေလဲစိုက်ခင်းများနှင့် စိမ်းလန်း စိုပြည်ရေး စိုက်ခင်းများကို တည်ထောင်ရမည် ဖြစ်ပါသည်။ မြေဆီလွှာတိုက်စားမှု ဖြစ်ပေါ်နိုင်သော တောင်စောင်းဆင်ခြေလျော များတွင် တည်ရှိသည့် လက်ရှိ စိုက်ပျိုးမြေများတွင် သီးနှံသစ်တော ရောနှောစိုက်ခင်းများကို စည်းရုံး တည်ထောင်သွားရန် လိုအပ်ပါသည်။

## ၁၀-၂။ နှစ်အလိုက် ဆောင်ရွက်ရမည့် စိုက်ကွက်များဖွဲ့စည်းသတ်မှတ်ခြင်း

သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက်ဌာနစိတ်မှ တွက်ချက်ထုတ်ပြန်ပေးသည့် မြို့နယ်အလိုက် စိုက်ခင်း ထူထောင်ရန် လိုအပ်သောနေရာများကို အသေးစိတ် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ပြီး မြို့နယ်အလိုက် စိုက်ကွက်ကြီးများ ဖွဲ့စည်းပြီးသည့်နောက် နှစ်အလိုက် ဆောင်ရွက်ရမည့် စိုက်ကွက်များ ဖွဲ့စည်းသတ်မှတ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအရ တိုင်း(၃)တိုင်း၊ ခရိုင်(၁၃)ခရိုင်၊ မြို့နယ် (၅၇)မြို့နယ်ဖြင့် နှစ်စဉ် သစ်တောစိုက်ခင်း ဧရိယာဧက (၃၅၀၀၀)ကို တည်ထောင်စိုက်ပျိုးမည်ဖြစ်ရာ ယေဘုယျအားဖြင့် တစ်မြို့နယ်လျှင် စိုက်ခင်းဧရိယာ (၆၀၀)ဧက ခန့် သတ်မှတ်ဆောင်ရွက်မှသာ စိုက်ခင်းလုပ်ငန်းများ အချိုးကျ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နှစ်စဉ်စိုက်ပျိုးမည့် စိုက်ကွက်များ ဖွဲ့စည်းသတ်မှတ်ရာတွင် စိုက်ကွက်တစ်ကွက်၏ ဧရိယာမှာ ဖြစ်နိုင်ပါက ဧက(၃၅၀)ထက် မကြီးသင့်ပါ။ စိုက်ကွက်၏ ဧရိယာ ကျယ်လွန်းပါက စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လိုအပ်သော လုပ်သားများ အချိန်မီရရှိရေးနှင့် စိုက်ပျိုးခြင်းလုပ်ငန်း အချိန်မီ ပြီးစီးရေးအတွက် အခက်အခဲများ တွေ့နိုင်ပါသည်။

## ၁၀-၃။ နှစ်စဉ်တည်ထောင်မည့် စိုက်ခင်းပမာဏ

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီမံကိန်းကာလများနှင့် လိုက်လျောညီထွေ ဖြစ်ရန်လိုအပ်သဖြင့် (၁၉၉၇-၉၈) ခုနှစ်မှ (၂၀၀၀-၀၁)ခုနှစ်အထိ ကာလအတွက် (၄)နှစ်စီမံကိန်း (၁)ခု ရေးဆွဲဆောင်ရွက် လျက်ရှိပါသည်။

(၁၉၉၇-၉၈) ခုနှစ်မှ (၂၀၀၀-၀၁)ခုနှစ်အထိ (၄)နှစ်စီမံကိန်း ကာလအတွင်း သစ်တောစိုက်ခင်း ဧရိယာဧက (၁၂၄,၅၃၀)ကို တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းအလိုက် တည်ထောင်စိုက်ပျိုးသွားမည့် စိုက်ခင်းဧရိယာ ဧကများကို <u>ပူးတွဲ(၄)</u>ဖြင့်လည်းကောင်း၊ ခရိုင် အလိုက် နှစ်စဉ်စိုက်ပျိုးသွားမည့် စိုက်ခင်းအမျိုးအစားနှင့် ဧရိယာဧကများကို <u>ပူးတွဲ(၅)</u>ဖြင့် လည်းကောင်း ဖော်ပြထားပါသည်။

၂၀၀၀-၀၁ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်အထိ နှစ်(၃၀) ကာလအတွင်း နှစ်စဉ် စိုက်ခင်း ဧက( ၃၅,၀၀၀ ) နှုန်းဖြင့် သစ်တောစိုက်ခင်း ဧကပေါင်း ( ၁,၀၅၀,၀၀၀ )ကို တည်ထောင်

သွားမည် ဖြစ်ပါသည်။ (၅)နှစ်စီမံကိန်း (၆)ခုဖြင့် စိုက်ခင်းဧကပေါင်း (၁၀.၅)သိန်းအား စိုက်ခင်း အမျိုးအစား အလိုက် တည်ထောင်မည့် အစီအစဉ်ကို ပူးတွဲ(၆)ဖြင့် ဖော်ပြထားပါသည်။

**၁၀-၄။ သစ်တောစိုက်ခင်းအမျိုးအစား**

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် စိုက်ခင်း တည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်နှင့် စိုက်ခင်းတည်ထောင်မည့် နေရာဒေသ၏ ပထဝီ အနေအထားတို့ကို မူတည်၍ အောက်ဖော်ပြပါအတိုင်း စိုက်ခင်းအမျိုးအစားများ သတ်မှတ် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**(က) ကျေးရွာသုံးစိုက်ခင်း**

(ကက) သာမန်ကျေးရွာသုံးစိုက်ခင်း

(ကခ) သီးနှံသစ်တောရောနှောစိုက်ခင်း

(ကဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း

**(ခ) ရေဝေရေလဲစိုက်ခင်း**

(ခက) သာမန်ရေဝေရေလဲစိုက်ခင်း

(ခခ) သီးနှံသစ်တောရောနှောစိုက်ခင်း

**(ဂ) အခြားစိုက်ခင်း**

(ဂက) တောင်တန်းဒေသများ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း

(ဂခ) သုတေသနစိုက်ခင်း

(ဂဂ) အခြားစိမ်းလန်းစိုပြည်ရေးစိုက်ခင်း

**၁၀-၄-၁။ ကျေးရွာသုံးစိုက်ခင်း**

ကျေးရွာသုံး စိုက်ခင်းများမှာ ကျေးလက်နေ ပြည်သူလူထု၏ လိုအပ်ချက် ဖြစ်သည့် သစ်၊ တိုင်၊ မျော စသည့် သစ်တောထွက် ပစ္စည်းများကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ စိုက်ပျိုးသည့် စိုက်ခင်းအမျိုးအစား ဖြစ်ပါသည်။ ကျေးရွာသုံးစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ပြီးစိုက်ပျိုးပင်များ ထုတ်ယူသုံးစွဲနိုင်သည့်အရွယ်ရောက်က ပြန်လည် ထုတ်ယူရမည်ဖြစ်၍ မြေဆီလွှာတိုက်စားမှု မဖြစ် ပေါ်စေရန် မြေအနေအထား ပြေပြစ် သည့် လျှောစောက်ရာနှုန်း (၂၇%)အောက်တွင် တည်ရှိသော သဘာဝတောများ ပြုန်းတီး နေသည့် နေရာများတွင် တည်ထောင်ရမည် ဖြစ်ပါသည်။ ကျေးရွာများနှင့် နီးစပ်သည့် နေရာဒေသ များတွင် ဦးစားပေး ရွေးချယ်စိုက်ပျိုး တည်ထောင်သွားရမည် ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ အဝေးမှ စူးစမ်း လေ့လာခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက် ဌာနစိတ်မှ အပူပိုင်းဒေသအတွင်း လျော့စောက်ရာခိုင်နှုန်း(၂၇%) အောက်ရှိ စိုက်ခင်းတည်ထောင်ရန် လိုအပ်သော နေရာဒေသများကို ခရိုင်အလိုက် စိုက်ခင်းစီမံချက်မြေပုံ (Regeneration Plan Map) များဖြင့် ဖော်ပြထားပြီး ဖြစ်ပါသည်။

ကျေးရွာသုံးစိုက်ခင်းများကိုတည်ထောင်ရာတွင် မြေအသုံးချမှု ပိုမိုအကျိုးရှိနိုင်မည့် အခြေအနေနှင့် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့ကို မူတည်၍ သာမန်ကျေးရွာသုံးစိုက်ခင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်း၊ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းဟူ၍ အမျိုးအစား ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်မည်ဖြစ်ပါသည်။

### ၁၀-၄-၁-၁။ သာမန်ကျေးရွာသုံးစိုက်ခင်း

သာမန်ကျေးရွာသုံး စိုက်ခင်းအမျိုးအစားမှာ စိုက်ခင်း တည်ထောင်ခြင်း ပြုစုကာကွယ် ထိန်းသိမ်းခြင်းစသည့် စိုက်ခင်းလုပ်ငန်း အဝဝအား၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး သစ်တောသစ်ပင်များဖြင့်သာ စိုက်ပျိုးတည်ထောင်သည့် ကျေးရွာသုံး စိုက်ခင်းများ ဖြစ်ပါသည်။ သာမန် ကျေးရွာသုံး စိုက်ခင်းများကို တည်ထောင်ရာတွင် တစ်ဧကလျှင် စိုက်ပျိုးပင် (၃၀၀)နှုန်း စိုက်ပျိုးပြီး စိုက်ပျိုးပင် တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို (၁၂'x၁၂') သတ်မှတ်ဆောင်ရွက်ပါမည်။ စိုက်ပျိုးမြေများ စိုက်ပျိုးရန် မြေပြုပြင်ရာ၌ မြေပြန့်ဒေသများတွင် (၄'x၄'x၁') အရွယ်ရှိ စိုက်ကျင်းများတွင် (၁'x၁'x၁')အရွယ်ရှိ ချက်ကျင်းများ တူးဖော်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တောင်စောင်းဆင်ခြေလျှော ဒေသများတွင် စိုက်ပျိုးပင်များအတွက် မိုးရေပိုမိုစုဆောင်းရရှိစေရန် ကွန်တိုလိုင်းအတိုင်း (၆'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$') အရွယ် စိုက်ကျင်းများတွင် (၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$') အရွယ်ရှိချက်ကျင်းများ တူးဖော်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စိုက်ကျင်းများ တူးဖော်ရန်နေရာ သတ်မှတ်ရာတွင် မိုးရေပိုမိုစုစည်းရရှိရေးအတွက် ဝက်ခေါင်းထိုးပုံစံ ပန်းက်ရိုက်သတ်မှတ်ပေး မည်ဖြစ်ပါသည်။ မြေအနေအထား ကောင်းမွန်၍ ထွန်ယက်ပြီး စိုက်ပျိုးနိုင်မည် ဆိုပါက တစ်ပင်နှင့် တစ်ပင် (၆'x၆') အကွာအဝေး တစ်ဧကလျှင် စိုက်ပျိုးပင် (၁၂၁၀)နှုန်း စိုက်ပျိုးမည် ဖြစ်ပါသည်။

## ၁၀-၄-၁-၂။ သီးနှံသစ်တောရောနှောစိုက်ခင်း

ကျေးရွာသုံးစိုက်ခင်း အမျိုးအစားအောက်ရှိ သီးနှံ သစ်တော ရောနှောစိုက်ခင်းမှာ သာမန်ကျေးရွာသုံး စိုက်ခင်းကဲ့သို့ပင် စိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများ အားလုံးကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး မြေအသုံးချမှု ပိုမို အကျိုးရှိစေရေးအတွက် သစ်တော သစ်ပင်များနှင့်အတူ သီးနှံစိုက်ပျိုးပင်များ ရောနှောစိုက်ပျိုးသည့် ကျေးရွာသုံး စိုက်ခင်းများဖြစ်ပါသည်။ ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများ အတွင်းရှိ ကျူးကျော်တောင်ယာများနှင့် ထွန်ယက်စနစ်ဖြင့် မြေပြုပြင်နိုင်သော သဘာဝ တောပျက်များအတွင်း ကျေးရွာသုံးစိုက်ခင်းများကို တည်ထောင်ရာ၌ သီးနှံ သစ်တော ရောနှောစိုက်ခင်း အမျိုးအစားဖြင့် စိုက်ခင်းတည်ထောင်နိုင်ပါက ဒေသခံ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူ ပြုနိုင်မည်ဖြစ်ပြီး သစ်တော သစ်ပင်များအတွက်လည်း ပိုမိုအကျိုးရှိစေမည် ဖြစ်ပါသည်။ သီးနှံ သစ်တော ရောနှောစိုက်ခင်း အမျိုးအစားဖြင့် ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်ရာတွင် သစ်တောသစ်ပင်များအား တစ်ပင်နှင့်တစ်ပင် (၆'x၂၄') အကွာအဝေး နှုန်းဖြင့် တစ်ဧကလျှင် စိုက်ပင်(၃၀၀)နှုန်း စိုက်ပျိုးဆောင်ရွက်သွား ပါမည်။ မြေပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် ပထမဦးစွာ စိုက်ပျိုးမည့် မြေနေရာအား ထွန်ယက်ပြီး သစ်တောသစ်ပင်များ စိုက်ပျိုးရန်အတွက် (၁'x၁'x၁') အရွယ်ရှိ စိုက်ကျင်းများ တူးဖော်ရမည်ဖြစ်ပါသည်။

## ၁၀-၄-၁-၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများမှာ သစ်တော စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းကို ဒေသခံပြည်သူ အစုအဖွဲ့များမှ သစ်တော ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း စည်းကမ်းများနှင့်အညီ ပါဝင်ပူးပေါင်း ဆောင်ရွက်သည့် သစ်တောစိုက်ခင်းများ ဖြစ်ပါသည်။

အပူပိုင်းဒေသအတွင်း ကျေးရွာသုံး စိုက်ခင်းများ တည်ထောင်ရမည့် နေရာဒေသများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများ တည်ထောင် လာနိုင်ပါသည်။ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများ တည်ထောင်ခြင်းကိုလည်း အားပေးကူညီ ပံ့ပိုးဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ရာတွင် ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများအတွင်းဖြစ်ပါက၊ တစ်ဧကလျှင် အနည်းဆုံးစိုက်ပျိုး

ပင်(၃၀၀)နှုန်း စိုက်ပျိုးရန်နှင့် တစ်ပင်နှင့်တစ်ပင်အကွာအဝေးကို (၁၂'x၁၂') ဖြစ်စေ၊ (၂၄'x၆') ဖြစ်စေ၊ ညှိနှိုင်း သတ်မှတ်ပေးရမည် ဖြစ်ပါသည်။ လယ်ယာမြေများတွင် သစ်တောပင်များ စိုက်ပျိုးခြင်းအတွက်မူ အပင်အကွာ အဝေးနှင့် တစ်ဧကတွင် စိုက်ပျိုးရမည့် သစ်တောပင်များအရေအတွက်ကို မူသေ သတ်မှတ်ခြင်း မပြုပဲ၊ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

**၁၀-၄-၂။ ရေဝေရေလဲစိုက်ခင်း**

ရေဝေရေလဲစိုက်ခင်းများမှာနိုင်ငံတော်မှ ငွေကြေးအကုန်အကျများစွာဖြင့် တည်ဆောက်ထားသည့် ရေလှောင်တမံများ၊ ဆည်များနှင့် အရေးကြီးသော မြစ်ချောင်းများ၏ ရေဝေဒေသအတွင်း သစ်တောများ ပျက်စီးပြုန်းတီးနေသော သဘာဝတောများ အတွင်းတွင် သစ်တောများ ပြန်လည်တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် စိုက်ခင်းများ တည်ထောင်ခြင်း ဖြစ်ပါသည်။ ရေဝေရေလဲစိုက်ခင်း အမျိုးအစားများမှာ မြေဆီလွှာ တိုက်စားမှုမှ ကာကွယ်ရန် မြစ်၊ ချောင်း၊ တာတမံနှင့် ဆည်များတွင် ရေကောင်းရေသန့် များ အစဉ်အမြဲ ရရှိစေရန်နှင့် ရာသီဥတု ကောင်းမွန်မျှတစေရန်တို့ အတွက် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်သဖြင့် ပြန်လည်ထုတ်ယူသုံးစွဲခြင်း မပြုပါ။

ရေဝေရေလဲစိုက်ခင်းများကိုသစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင်သတင်းအချက်အလက်ဌာနစိတ်မှ တွက်ချက်ရရှိသည့် လျှောစောက် (၂၇%) အောက်ရှိ စိုက်ခင်းတည်ထောင်ရန် လိုအပ်သော နေရာဒေသများအတွင်း မတ်စောက်သော တောင်စောင်း နေရာဒေသများနှင့် မြေအနေအထား ပြေပြစ် သော်လည်း သဘာဝပေါက်ပင် နည်းပါးသည့် ဆည်၊ ရေလှောင်တမံများနှင့် အရေးကြီးသော မြစ်ချောင်းများ၏ ရေဝေဒေသများတွင် အဓိကထား၍ တည်ထောင် စိုက်ပျိုးရမည် ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၊ ရေဝေရေလဲ ထိန်းသိမ်းရေး ဌာနခွဲမှ ထုတ်ပြန်သော အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး နယ်မြေအတွင်းရှိ ဆည်နှင့် ရေလှောင်တမံ (၅၄)ခု၏ ရေဝေရေလဲ အခြေအနေပြ ဇယား ပူးတွဲ(၇)အရ ရေဝေရေလဲ စိုက်ခင်းများအဖြစ် တည်ထောင်ရန် ကျန်ရှိသည့် ဧရိယာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | တိုင်းအမည် | စိုက်ပျိုးရန်ကျန် ဧရိယာဧက |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | စစ်ကိုင်းတိုင်း | ၇၉၅၆ |
| ၂ | မကွေးတိုင်း | ၁၃၈၅၀ |
| ၃ | မန္တလေးတိုင်း | ၂၂၀၆၀ |
| | **အပူပိုင်းဒေသပေါင်း** | **၄၃၈၆၆** |

ရေဝေရေလဲ စိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ရာတွင် စိုက်ပျိုးတည်ထောင်ရမည့် နေရာဒေသ၏ အခြေအနေကို မူတည်၍ သာမန်ရေဝေရေလဲစိုက်ခင်း၊ သီးနှံသစ်တော ရောနှောစိုက်ခင်းဟူ၍ အမျိုးအစား ခွဲခြားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၁၀-၄-၂-၁။ သာမန်ရေဝေရေလဲစိုက်ခင်း

သာမန်ရေဝေရေလဲစိုက်ခင်း အမျိုးအစားမှာ ရေဝေရေလဲ စိုက်ခင်းများကို တည်ထောင်ရာတွင် သီးနှံစိုက်ပျိုးပင်များနှင့် ရောနှောစိုက်ပျိုးခြင်းမရှိသည့် သစ်တောသစ်ပင်များဖြင့်သာ စိုက်ပျိုးသည့် ရေဝေရေလဲစိုက်ခင်းများ ဖြစ်ပါသည်။

သာမန် ရေဝေရေလဲ စိုက်ခင်းများတွင် တစ်ဧကလျှင် စိုက်ပျိုးပင် (၂၀၀)နှုန်း၊ တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို (၁၅'x၁၅') သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တောင်စောင်းဒေသများ၌ (၆'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$')အရွယ် စိုက်ကျင်းတွင် (၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$') အရွယ် ချက်ကျင်းဖြင့်လည်းကောင်း၊ မြေပြန့်ဒေသများတွင် (၄'x၄'x၁')အရွယ် စိုက်ကျင်းတွင်(၁'x၁'x၁')အရွယ် ချက်ကျင်းဖြင့်လည်းကောင်း၊ ကျင်းများတူးဖော်၍ စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

## ၁၀-၄-၂-၂။ သီးနှံသစ်တောရောနှောစိုက်ခင်း

ရေဝေရေလဲ စိုက်ခင်းအမျိုးအစား အောက်ရှိ သီးနှံသစ်တော ရောနှောစိုက်ခင်း အမျိုးအစားမှာ အပူပိုင်းဒေသအတွင်း ရေဝေရေလဲစိုက်ခင်းများကို တောင်ယာများ၊ စိုက်ပျိုးမြေများတွင် တည်ထောင်

ရသည့်အခါ သီးနှံစိုက်ပျိုးပင်များနှင့် သစ်တောသစ်ပင်များကို ရောနှောစိုက်ပျိုးရသည့် စိုက်ခင်းအမျိုးအစားဖြစ်ပါသည်။

သီးနှံသစ်တော ရောနှောသော စိုက်ခင်းအမျိုးအစားဖြင့် ရေဝေရေလဲ စိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ရာတွင် သစ်တောသစ်ပင်များ၏ တစ်ပင်နှင့်တစ်ပင်အကွာအဝေးကို မူသေသတ်မှတ်ခြင်းမပြုပဲ၊ တစ်ဧကလျှင် အပင် (၂၀၀)နှုန်း စိုက်ပျိုးရန်ဖြစ်ပါသည်။

မြေပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် သီးနှံစိုက် ပျိုးပင်များအတွက် ထွန်ယက်ထားပြီးမြေတွင် သစ်တောသစ်ပင်များ စိုက်ပျိုးရန် (၁'x၁'x၁') အရွယ်ရှိ စိုက်ကျင်းများ တူးဖော်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**၁၀-၄-၃။ အခြားစိုက်ခင်း**

အခြားစိုက်ခင်းများမှာ အပူပိုင်းဒေသအတွင်း စိမ်းလန်း စိုပြည်ရေး အတွက် အထူးလိုအပ်သော နေရာဒေသများ၌ ကျေးရွာသုံးစိုက်ခင်း ရေဝေရေလဲ စိုက်ခင်း အမျိုးအစားတို့တွင် မပါဝင်ဘဲ သီးခြားစိုက်ပျိုးရသော သစ်တောစိုက်ခင်းများ ဖြစ်ပါသည်။ အခြားစိုက်ခင်း အမျိုးအစားကို စိုက်ပျိုး တည်ထောင်ရာတွင် စိုက်ခင်း တည်ထောင်ရမည့်နေရာဒေသနှင့် စိုက်ခင်းတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်များကို မူတည်၍ အောက်ဖော်ပြပါအတိုင်း စိုက်ခင်းအမျိုးအစားများ သက်မှတ်ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

(က) တောင်တန်းဒေသစိမ်းလန်းစိုပြည်ရေးစိုက်ခင်း

(ခ) သုတေသနစိုက်ခင်း

(ဂ) အခြားစိမ်းလန်းစိုပြည်ရေးစိုက်ခင်း

**၁၀-၄-၃-၁။ တောင်တန်းဒေသများစိမ်းလန်းစိုပြည်ရေးစိုက်ခင်း**

တောင်တန်းဒေသများ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများကို အပူပိုင်းဒေသအတွင်းရှိ စိမ်းလန်းစိုပြည်ရန် အထူးလိုအပ်နေသော တောင်ကုန်း တောင်တန်းများတွင် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ အပူပိုင်းဒေသအတွင်းရှိ တောင်တန်းများမှာ အပေါ်ယံမြေလွှာပျက်စီးနေပြီး သစ်တောများပြန်လည် စိုက်ပျိုးရန်ခက်ခဲသော နေရာဒေသများဖြစ်ပါသည်။ တောင်တန်းတစ်ခုချင်းအလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါသည်။

တောင်တန်းဒေသများ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရာတွင် နေရာဒေသ အခြေအနေကို မူတည်ပြီး တစ်ဧကလျှင် စိုက်ပျိုးပင်(၁၀၀)နှုန်းမှ (၂၀၀)နှုန်းအထိ စိုက်ပျိုးသွားရမည်ဖြစ်ပါသည်။ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျင်းရှည်များ ဥပမာ (၁၁'x၂'x၂') တူးခြင်း၊ ကျင်းငယ်များ ဥပမာ(၃'x၂'x၂') တူးခြင်း၊ **(Contour Band)**များ ပြုလုပ်ခြင်း၊ စိုက်ကျင်းများအတွင်း မြေဆွေး/နွားချေးများဖြင့် မြေဩဇာထည့်ပေးခြင်း စသည်ဖြင့် နေရာဒေသ၏ လိုအပ်ချက် နှင့်အညီ ဆောင်ရွက်သွားရပါမည်။ အခြေအနေပေးပါက စိုက်ပျိုးပင်များအား ရေလောင်းပေးခြင်း၊ မြေဩဇာကျွေးခြင်းစသည့် လုပ်ငန်းများကိုပါ ဆောင်ရွက် ရမည် ဖြစ်ပါသည်။

### ၁၀-၄-၃-၂။ သုတေသနစိုက်ခင်း

သုတေသန စိုက်ခင်းများမှာ အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် အောင်မြင်မှုပိုမို ရရှိစေရေးအတွက် ပိုမိုကောင်းမွန်သည့် သစ်တောစိုက်ပျိုးခြင်း နည်းပညာများ ရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးစမ်းသပ်သော စိုက်ခင်းများဖြစ်ပါသည်။ နေရာဒေသနှင့် ကိုက်ညီမည့် သစ်မျိုးများ ရွေးချယ်ခြင်း၊ ပိုမိုကောင်းမွန်သည့် မြေပြုပြင်ခြင်း နည်းစနစ်များ ဖော်ထုတ်ခြင်း၊ သစ်တောစိုက်ပျိုးခြင်း နည်းစနစ်အသစ်များ ရှာဖွေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် သုတေသန စိုက်ခင်းများကို တည်ထောင်သွားမည်ဖြစ်ပါသည်။

သုတေသန စိုက်ခင်းများ တည်ထောင်ရာတွင် သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၁၀-၄-၃-၃။ အခြားစိမ်းလန်းစိုပြည်ရေးစိုက်ခင်း

အခြားစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများမှာ အပူပိုင်း ဒေသအတွင်းရှိ မြို့နယ်အသီးသီးတွင်စိမ်းလန်းစိုပြည် သာယာလှပစေရေးကို ရည်ရွယ်၍ စိုက်ပျိုးသော သစ်တောစိုက်ခင်းများဖြစ်ပါသည်။

အခြား စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကို ရုံးဝင်း၊ ကျောင်းဝင်း နှင့် လမ်းဘေးဝဲယာတို့တွင်၊ အရိပ်ပင်/အလှပင်များအဖြစ် စိုက်ပျိုးခြင်း၊ ကျေးရွာ များ အနီးတစ်အုပ်တစ်မ စိုက်ခင်းများအဖြစ် စိုက်ပျိုးခြင်း စသည်ဖြင့် စိုက်ပျိုး တည်ထောင် ရမည်ဖြစ်ပါသည်။ အခြားစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ တည်ထောင်ရာတွင် အပူပိုင်ဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ၊ ပျိုးပင်များ ဖြန့်ဝေပေးခြင်း၊ နည်းပညာကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး၊ ပြည်သူ လူထုမှ မြေပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ပြုစုကာကွယ် ထိန်းသိမ်း ခြင်း လုပ်ငန်းတို့ကို ပူပေါင်းပါဝင် ကူညီဆောင်ရွက်ရန်ဖြစ်ပါသည်။

အခြားစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ စိုက်ပျိုးရာတွင်၊ စိုက်ပင် များ၏ အကွာအဝေးကို မူသေ သတ်မှတ်ထားခြင်း မရှိဘဲ နေရာဒေသ အခြေ အနေကို မူတည်ပြီး (၆'x၆')၊ (၉'x၉')၊ (၁၂'x၁၂') စသည်ဖြင့် သင့်လျော်သော အကွာအဝေးတို့ဖြင့် စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

## ၁၀-၅။ သင့်လျော်သည့် သစ်မျိုးများရွေးချယ်စိုက်ပျိုးခြင်း

### ၁၀-၅-၁။ ဘက်စုံသုံးသစ်မျိုးများ

သစ်တောစိုက်ခင်းများ တည်ထောင်သည့်အခါ စိုက်ခင်း တည်ထောင်ရ သည့် ရည်ရွယ်ချက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်သည့် သစ်မျိုးများကို ရွေးချယ်စိုက်ပျိုးရန် အထူးလိုအပ်ပါသည်။ ဘက်စုံအသုံးဝင် သစ်မျိုးများမှာ လိုအပ်ချက် တစ်ခုထက်ပို၍ အကျိုးပြုပေးစွမ်း နိုင်သော သစ်မျိုးများဖြစ်ပါသည်။ ဘက်စုံအသုံးဝင် သစ်မျိုးတစ်မျိုးမှ စားသုံးနိုင်သည့် အသီးအပွင့် တိရစ္ဆာန်အစားအစာ၊ ထင်းလောင်စာနှင့် မြေဆီသြဇာ ကောင်းမွန်ရေး စသည်တို့ကို ပေးစွမ်းနိုင်ပါသည်။ သို့ဖြစ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်အလိုက် လိုအပ်သော အရည်အသွေးနှင့် သင့်လျော်သည့် သစ်မျိုးအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

#### ၁၀-၅-၁-၁။ ထင်းလောင်စာအတွက် သင့်လျော်သည့် သစ်မျိုးများ

ထင်းလောင်စာအတွက် အသုံးပြုရန် စိုက်ပျိုးမည့် သစ်မျိုး များသည် အောက်ဖော်ပြပါ အရည်အသွေးများနှင့် ပြည့်စုံရန်လိုအပ်ပါသည်။

(က) မြေအမျိုးအစား ကျယ်ပြန့်စွာတွင် ပေါက်ရောက်ဖြစ်ထွန်းနိုင်ခြင်း

(ခ) အချိန်တိုအတွင်းလျင်မြန်စွာပေါက်ရောက်ကြီးထွားပြီးသစ်ထုထည် အများဆုံးရရှိနိုင်ခြင်း

(ဂ) အပင်ရောဂါနှင့် ပိုးမွှားများ၏ ဒဏ်ကိုခံနိုင်ရည်ရှိခြင်း

(ဃ) ခြောက်သွေ့မှုနှင့် ရာသီဥတုပြင်းထန်မှုကို ခံနိုင်ရည်ရှိခြင်း

(င) ဝုတ်တက်ထွက်အားကောင်းခြင်း

(စ) ဥယျာဉ် ခြံလုပ်ငန်းများအတွက် အသုံးချနိုင်ခြင်း

(ဆ) သစ်သားမှာ လွယ်ကူစွာခွဲစိတ်နိုင်ခြင်း

(ဇ) အဆိပ်အတောက်မဖြစ်သည့် မီးခိုးထွက်ခြင်း၊ မီးခိုးအနည်းငယ်သာ ထွက်ခြင်း

(ဈ) မီးလောင်သည့် အခါမီပွားမထွက်ခြင်း

(ည) မီးကြာမြင့်စွာလောင်နိုင်ခြင်း

အထက်ဖော်ပြပါအရည်အသွေးနှင့် ကိုက်ညီသည့် သစ်မျိုးများမှာ ယူကလစ်(Eucalyptus equisetifolia)၊ ဘောစကိုင်း(Leucaena leucocephala) မယ်ဇလီ(Cassia siamia)၊ အော်ရီးရှာ(Acacia auriculiformis)၊ ရှား(Acacia catechu)၊ သန်း(Terminalia oliverii)၊ ဒဟတ်(Tectona hamiltonii) စသည့် သစ်မျိုးများ ဖြစ်ပါသည်။

**၁၀-၅-၁-၂။ အိမ်တိုင်ခြံတိုင်အတွက် သင့်လျော်သည့် သစ်မျိုးများ**

အိမ်တိုင်ခြံတိုင်အတွက် အသုံးပြုရည်ရွယ်သည့် သစ်မျိုးများသည် အောက်ဖော်ပြပါ အရည်အသွေးများနှင့် ပြည့်စုံရန်လိုအပ်ပါသည်-

(က) ပင်စည်ဖြောင့်တန်းမှုရှိခြင်း

(ခ) အဓိကပင်စည်တစ်ခုသာရှိခြင်း

(ဂ) ကိုင်းတက်အနည်းငယ်သာထွက်ခြင်း

(ဃ) ပင်စည်အောက်ခြေမှ ထိပ်ဖြားအထိလုံးပတ်ကွာခြားမှုနည်းခြင်း

(င) အလိုအလျောက် ကိုင်းတက်ချိုင်ခြင်း၊ အမျက်အနာကင်းမဲ့ခြင်း

(စ) အခေါက်ခွာမှု လွယ်ကူခြင်း

(ဆ) ပေါ့ပါး၍ ခံနိုင်ရည်ရှိသော သစ်ဖြစ်ခြင်း

(ဇ) ခြနှင့်သစ်သားဖေါက်ပိုးများ၏ ဒဏ်ကိုနိုင်ခြင်း

(ဈ) သစ်ကြာရှည်ခံဆေးများသွတ်သွင်းရန် လွယ်ကူခြင်း

အထက်ဖော်ပြပါအရည်အသွေးနှင့်ကိုက်ညီသည့် သစ်မျိုး များမှာရှား (Acacia catechu)၊ ကုက္ကို(Albizz lebbek) ယင်းမာ (Chukrasia tabularis)၊ ရုံး (Anogeissus acuminatus)၊ စစ်(Albizzia Procera) စသည့် သစ်မျိုးများ ဖြစ်သည်။

**၁၀-၅-၁-၃။ တိရစ္ဆာန်အစားအစာအတွက် သင့်လျော်သည့် သစ်မျိုးများ**

တိရစ္ဆာန် အစားအစာအဖြစ် ရည်ရွယ်သည့် သစ်မျိုးများ သည် အောက်ဖော်ပြပါ အရည်အသွေးများနှင့် ပြည့်စုံရန် လိုအပ်ပါသည်-

(က) တိရစ္ဆာန်များ ကြိုက်နှစ်သက်သည့် အရွက်နှင့်အသီးများရရှိခြင်း

(ခ) ရွက်အုပ်ချိုးနှိမ်ခြင်း၊ ကိုင်းတက်ချိုင်ခြင်း၊ ငုတ်တက်ချွန်ခြင်းများ ပြုလုပ်နိုင်ခြင်း

(ဂ) အထူးသဖြင့် ငယ်ရွယ်စဉ်တွင် ကြီးထွားနှုန်းမြန်ခြင်း

(ဃ) နေရာဒေသ ပတ်ဝန်းကျင် အမျိုးမျိုးတွင် ပေါက်ရောက်ရှင်သန် နိုင်ခြင်း

(င) အခြားသစ်မျိုးများနှင့်ရောနှောစိုက်လျှင်လောင်းရိပ်ဒဏ်ခံ နိုင်ခြင်း

(စ) မြေဆီလွှာကောင်းမွန်ရေးအတွက်နိုက်ထရိုဂျင်ဓါတ်ကိုဖြစ် စေခြင်း

(ဆ) ပိုးမွှားရောဂါဒဏ်နှင့် တိရစ္ဆာန်များ၏နင်းခြေမှုဒဏ်ခံနိုင်ရည်ရှိခြင်း

(ဇ) အခြားသောအသုံးဝင်မှုများရှိခြင်း

(ဈ) တိရစ္ဆာန်များအတွက် လိုအပ်သော အဟာရဓါတ်များ ဖြည့်စွမ်း နိုင်ခြင်း

အထက်ဖော်ပြပါ အရည်အသွေးနှင့်ကိုက်ညီသော သစ်မျိုး အချို့မှာ ကုက္ကို(Albizzia lebbek)၊ ဘောစကိုင်း(Leucaena leucocephala)၊ အော်ရီရှား (Acacia auriculiformis)၊ တမာ(Azadirachta indica)၊ သဘော်ငုစပ် (Gliricidia sepium)စသည်တို့ ဖြစ်ပါသည်။

**၁၀-၅-၁-၄။ ခြံစည်းရိုးပင်များအတွက် သင့်လျော်သည့်သစ်မျိုးများ**

ခြံစည်းရိုးအဖြစ် အသုံးပြုရန် ရည်ရွယ်သည့် သစ်မျိုးများမှာ အောက်ဖော်ပြပါ အရည်အသွေးများနှင့် ပြည့်စုံရန်လိုအပ်ပါသည်-

(က) နေရာမရွေးပေါက်ရောက်နိုင်ခြင်း

(ခ) အကွာအဝေး နေရာစိပ်စိပ်ပေါက်ရောက်နိုင်ခြင်း

(ဂ) ပြုစုထိန်းသိမ်းရမှုအနည်းဆုံးဖြစ်ခြင်း

(ဃ) ရွက်အုပ်နှိမ်ခြင်း၊ ကိုင်းတက်ချိုင်ခြင်းတို့ကို ခံနိုင်ရည်ရှိခြင်း

(င) အပင်အစိတ်အပိုင်း အမျိုးမျိုးမှ မျိုးပွားပြန့်နှံ့နိုင်ခြင်း

(စ) သင့်တင့်သော အမြင့်သို့ လျှင်မြန်စွာ ပေါက်ရောက်နိုင်ပြီးကြာရှည် ခံခြင်း

(ဆ) တိရစ္ဆာန်များ မစားသုံးသည့် ကိုင်းတက်အညွှန့်အရွက်များ ရှိခြင်း

(ဇ) အပင်အစိတ်အပိုင်းအမျိုးမျိုးမှ မျိုးပွားပျံ့နှံ့နိုင်ခြင်း

အထက်ဖော်ပြပါ အရည်အသွေးများနှင့်ကိုက်ညီသော သစ်မျိုးများမှာ ပဲစင်းငုံ(Cajanus cajan)၊ ကသစ်(Erythrina arborescens)၊ ရှားနီ (Calliandra callothysus)၊ သင်္ဘောငုစပ် (Gliricidia sepium) ၊ ဘောစကိုင်း (Leucaena leucocephala)၊ မယ်ဇလီ (Cassia siamia)၊ အော်ရီးရှာ(Acacia auriculiformis)၊ ကဗွီး(Casuarina equisetifolia)၊ သင်္ဘောမန်ကျည်း (Albizzia falcata) စသည့် သစ်မျိုးများဖြစ်ပါသည်။

**၁၀-၅-၁-၅။ လေကာတန်းအဖြစ် သင့်လျော်သည့်သစ်မျိုးများ**

လေကာတန်းအဖြစ် စိုက်ပျိုးမည့် သစ်မျိုးများသည် အောက်ဖော်ပြပါ အရည်အသွေးများနှင့်ပြည့်စုံရန် လိုအပ်ပါသည်-

(က)ကြမ်းတမ်းပြင်းထန်သည့် ပတ်ဝန်းကျင်တွင် ပေါက်ရောက်နိုင်ခြင်း

(ခ) ခြုံသဖွယ် ရွက်အုပ်ထူသော်လည်း လေဖြတ်သန်း တိုက်ခိုက်နိုင်သည့် ရွက်အုပ်ရှိခြင်း

(ဂ) ရွက်အုပ်နိမ့်နိမ့်ဖြင့် အချိန်ကြာစွာရှိခြင်း

(ဃ)အမြစ်များ ကြွခိုင်သန်မာခြင်း

(င) အပင်သက်တန်းရှည်ခြင်း

(စ) ပိုးမွှားနှင့် ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း

(ဆ)အနီးအနားရှိ စိုက်ပျိုးသီးနှံပင်များအား ထိခိုက်စေနိုင်သော ပိုးမွှားများ၏ လက်ခံပင်မဖြစ်ခြင်း

လေကာတန်းအဖြစ် အသုံးပြုစိုက်ပျိုးသည့် သစ်မျိုးအချို့မှာ ပင်လယ်ကဗွီး(Casuarina equisetifolia)၊ ကသစ်(Erythrina arborescens)၊ မယ်ဇလီ (Cassia siamia)၊ ဘောစကိုင်း (Leucaena leucocephala) စသည်တို့ ဖြစ်ပါသည်။

**၁၀-၅-၁-၆။ မြေဆီလွှာ ထိန်းသိမ်းရန်နှင့် သစ်တော ပြန်လည် ထူထောင်ရန် အတွက် သစ်မျိုးများ**

မြေဆီလွှာ ထိန်းသိမ်းရန်နှင့် သစ်တော ပြန်လည်ထူထောင် ရန်အတွက် စိုက်ပျိုးမည့်သစ်မျိုးများသည် အောက်ပါအရည်အသွေးများနှင့် ပြည့်စုံရန် လိုအပ်ပါသည်-

(က) ပေါက်ရောက်ကြီးထွားမှု မြန်ခြင်း

(ခ) ဆိုးဝါးသည့်ရာသီဥတုနှင့် မြေအမျိုးအစားတွင် ပေါက်ရောက်နိုင်ခြင်း

(ဂ) ကျယ်ပြန့်သောရွက်အုပ်ရှိခြင်း

(ဃ) မြေဆီလွှာထိန်းသိမ်းနိုင်ရန် အမြစ်ဖွဲ့စည်းမှုကောင်းမွန်ခြင်း

(င) မြေဆီလွှာကောင်းမွန်စေသည့် နိုက်ထရိုဂျင် ပြုလုပ်ပေးနိုင်သော ပိုးမွှားများနှင့် သဟဇာတဖြစ်ခြင်း

(စ) အမြစ်ပွားခြင်းဖြစ်စေ၊ သစ်စေ့မှဖြစ်စေ မျိုးပွားရန်လွယ်ကူခြင်း

(ဆ) အထူးသဖြင့် မြေပြိုခြင်းဖြစ်နိုင်သောနေရာများတွင် ခိုင်မာသော အမြစ် အအုံရှိခြင်း

(ဇ) မီးလောင်ခြင်းဒဏ်ခံနိုင်ခြင်း

မြေဆီလွှာထိန်းသိမ်းရန်နှင့် သစ်တောပြန်လည် ထူထောင် ရန်အတွက်စိုက်ပျိုးသင့်သည့်သစ်မျိုးအချို့မှာအော်ရီရှား(Acacia auriculiformis)၊ ပင်လယ်ကဗွီး(Casuarina equistifolia)၊ ကန္တာစိမ်း (Prosopis juliflora) တို့ ဖြစ်ပါသည်။

**၁၀-၅-၁-၇။ အရိပ်ပင်နှင့် စောင့်ရှောက်ပြုစုပင် အတွက် ရည်ရွယ်သည့် သစ်မျိုးများ**

အရိပ်ပင်နှင့် စောင့်ရှောက်ပြုစုပင်အတွက် စိုက်ပျိုးမည့် သစ်မျိုးများ သည် အောက်ဖော်ပြပါ အရည်အသွေးများနှင့် ပြည့်စုံရန် လိုအပ်ပါသည်-

(က) အပေါက်မြန် အကြီးမြန်ခြင်း

(ခ) လွယ်ကူစွာစိုက်ပျိုးဖြစ်ထွန်းခြင်း

(ဂ) အမြဲစိမ်းသစ်မျိုးဖြစ်ခြင်း

(ဃ) နှစ်ရှည်ခံသစ်မျိုးဖြစ်ခြင်း

(င) စားကျက်မြေကဲ့သို့သောမြေကြပ်သည့်နေရာများတွင် ပေါက်ရောက် ရှင်သန်နိုင်ခြင်း

(စ) ငုတ်တက်ထွက်ခြင်းကောင်းမွန်ပြီး ရွက်အုပ်ချိုင်ခြင်းကို ခံနိုင်ရည် ရှိခြင်း

(ဆ) မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓါတ် ရရှိစေခြင်း

(ဇ) တိရစ္ဆာန်များ နားနေရန်အတွက်ဖြစ်ပါက ထူထပ်၍ကျယ်ပြန့်သော ရွက်အုပ်ရှိခြင်း

(ဈ) စောင့်ရှောက်ပြုစုပင်အဖြစ် စိုက်ပျိုးပါက ကျဲပါးသော ရွက်အုပ်ရှိခြင်း

(ည) စောင့်ရှောက်ပြုစုပင်အဖြစ် စိုက်ပျိုးပါက သီးနှံစိုက်ပျိုးပင်များနှင့် မြေဩဇာယှဉ်ပြိုင်စားသုံးမှု မရှိခြင်း

အရိပ်ပင်နှင့်စောင့်ရှောက်ပြုစုပင်များအဖြစ် စိုက်ပျိုးသင့်သော သစ်မျိုးအချို့မှာ ကသစ်(Erythrina aborescens)၊ ပင်လယ်ကသစ် (Erythrina rariegata)၊ ငုစပ် (Cassia javania)၊ ဘောစကိုင်း (Leucaena leucocephala)၊ ပေါက်ပန်းဖြူ (Sesbania grandiflora) နှင့် မယ်ဇလီ (Cassia siamea) တို့ဖြစ်ပါသည်။

## ၁၀-၅-၂ ။ နေရာဒေသနှင့် ကိုက်ညီမည့် သစ်မျိုးများ

သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် စိုက်ခင်းတည်ထောင်ခြင်း၏ အဓိကရည်ရွယ်ချက်၊ တည်ထောင်စိုက်ပျိုးမည့် ဒေသ၏ ရာသီဥတု၊ မြေဆီလွှာ၏ ရူပ နှင့် ဓါတုအရည်အသွေးများအပေါ် အခြေခံ၍ သင့်လျော်ကိုက်ညီသော သစ်မျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ရန် လိုအပ်ပါသည်။

အထူးသဖြင့် သစ်တောများ ပြန်လည်တည်ထောင်ရန် အရေးတကြီး လိုအပ်သော နေရာဒေသများသည် ရာသီဥတုနှင့် မြေဆီလွှာအခြေအနေများ ဆိုးရွားပြင်းထန်နေလေ့ရှိသဖြင့် သင့်လျော် မှန်ကန်သော သစ်မျိုးများသာလျှင် အောင်မြင်ဖြစ်ထွန်းသော စိုက်ခင်းများ တည်ထောင်ခြင်းကို အထောက်အကူပြုမည် ဖြစ်ပါသည်။

နေရာဒေသနှင့် ရာသီဥတု၊ မြေဆီလွှာ အခြေအနေ အမျိုးမျိုးအလိုက် ရွေးချယ်စိုက်ပျိုးနိုင်သည့် သစ်မျိုးအချို့ကို နမူနာအဖြစ် ကောက်နုတ်၍ အောက်တွင် ဖော်ပြထားပါသည်။

**၁၀-၅-၂-၁။ ပူပြင်းခြောက်သွေ့မှုဒဏ် ခံနိုင်ရည်ရှိသော သစ်မျိုးများ**

ယူကလစ် (Eucalyptus camaldutenis)၊ တမာ (Azadirachta indica)၊ ရှား (Acacia atechu)၊ ကုက္ကို (Albizzia lebbek)၊ ထနောင်း (Acacia leucophloea)

**၁၀-၅-၂-၂ ။ မိုးခေါင်မှုဒဏ် ကြာရှည်စွာ ခံနိုင်သောသစ်မျိုးများ**

ကန္တာစိမ်း (Prosopis juliflora)၊ ရှား (Acacia catechu)၊ ဆူးဖြူ (cacia Arabica)၊

**၁၀-၅-၂-၃။ ရေမြှုပ်ခြင်းဒဏ်ခံနိုင်ရည်ရှိသော သစ်မျိုးများ**

အော်ရီရှား (Acacia auriculformis)

**၁၀-၅-၂-၄-။ မြေအချဉ်အငံဓါတ် နည်းလွန်း၊ များလွန်းသော မြေများအနက်**

(က) အက်စစ်ဓါတ်လွန်ကဲသောမြေမျိုးများတွင် ဖြစ်ထွန်း ပေါက်ရောက်နိုင်သော သစ်မျိုးများ ရှား(Acacia catechu)၊ အော်ရီရှား (Acacia auriculformis)၊ ယူကလစ် (Eucalyptus camaldulensis)

(ခ) အယ်ကာလီဓါတ် လွန်ကဲသော မြေမျိုးများတွင် ဖြစ်ထွန်း ပေါက်ရောက်နိုင်သော သစ်မျိုးများ ဘောစကိုင်း (Leucaena leucocephala)၊ အော်ရီရှား (Acacia auriculformis)၊ ကဗွီး (Casuarina equistifolia)၊ ကန္တာစိမ်း (Prosopis juliflora)၊ ညံ(Sesbania)မျိုးများ

## ၁၀-၆။ စိုက်ပင်အကွာအဝေးသတ်မှတ်ခြင်း

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် စိုက်ပျိုးပင် တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို တည်ထောင်သည့် စိုက်ခင်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးပင်၏ ကြီးထွားမှု ပုံသဏ္ဍာန်၊ ရာသီဥတုနှင့် မြေအနေအထားတို့ ပေါ်တွင် မူတည်၍ သတ်မှတ်ကြပါသည်။

### ၁၀-၆-၁။ ကျေးရွာသုံးစိုက်ခင်း

ကျေးရွာသုံးစိုက်ခင်း အမျိုးအစားမှာ အပူပိုင်းဒေသအတွင်း အထူးဦးစားပေးစိုက်ပျိုးရသော စိုက်ခင်းအမျိုးအစားဖြစ်ပြီး ပြည်သူလူထုအတွက် သစ်၊ ထင်း လိုအပ်မှုကို ထုတ်လုပ်ပေးရန် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်သဖြင့် စိုက်ပျိုးပင် တစ်ပင်နှင့် တစ်ပင် အကွာအဝေးကို (၁၂'x၁၂')သတ်မှတ်၍ တစ်ဧကလျှင် စိုက်ပျိုးပင် (၃၀၀)နှုန်း စိုက်ပျိုးရပါမည်။ ထွန်ယက်မြေပြုပြင်ခြင်းစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက သစ် ထင်း လိုအပ်ချက်ကို အချိန်တိုအတွင်း ပိုမိုဖြည့်စည်းပေးနိုင်သည့် တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို (၉'x၉')၊ (၆'x'၆')စသည်တို့ဖြင့် စိုက်ပျိုးသင့်ပါသည်။

### ၁၀-၆-၂။ ရေဝေရေလဲစိုက်ခင်း

အပူပိုင်းဒေသအတွင်း ရေဝေရေလဲ စိုက်ခင်းများကို နိုင်ငံတော်မှ တည်ဆောက်ပြီးသော ရေလှောင်တမံများ၊ ဆည်ကြီးများ၏ ရေဝေဒေသများ၊ အရေးကြီးသော တောင်တန်းဒေသများတွင် စိုက်ပျိုးရမည်ဖြစ်ပြီး သဘာဝပေါက်ပင်များကို ရှင်းလင်းခြင်းမပြုပဲ စိုက်ပျိုးရမည်ဖြစ်၍ စိုက်ပျိုးပင် တစ်ပင်နှင့်တစ်ပင် အကွာဝေးကို (၁၅'x၁၅') သတ်မှတ်ပြီး တစ်ဧကလျင် စိုက်ပျိုးပင် (၂၀၀)နှုန်း စိုက်ပျိုးရပါမည်။

### ၁၀-၆-၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်း

ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းအမျိုးအစားမှာ ကျေးရွာသုံးစိုက်ခင်း အမျိုးအစားနည်းတူ တစ်ဧကလျှင် စိုက်ပျိုးပင် (၃၀၀)နှုန်း စိုက်ပျိုးရမည် ဖြစ်ပါသည်။ စိုက်ပျိုးပင် တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို ဒေသခံပြည်သူ အစုအဖွဲ့ဝင်တို့နှင့် ညှိနှိုင်းပြီး(၁၂'x၁၂')၊ (၂၄'x၆')စသည့်အကွာအဝေး သတ်မှတ်၍ စိုက်ပျိုးရပါမည်။

### ၁၀-၆-၄။ သီးနှံသစ်တောရောနှောစိုက်ခင်း

သီးနှံသစ်တော ရောနှောစိုက်ခင်းများမှာ အဓိကအားဖြင့် စိုက်ပျိုးမြေများနှင့် တောင်ယာများအတွင်း သစ်ပင်ပေါက်ရောက်မှု လိုအပ်ချက်အရ စိုက်ပျိုးခြင်းဖြစ်ပါသည်။ သီးနှံပင်များကို သစ်တောစိုက်ပျိုးပင်များအကြား လွယ်ကူစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးပင် တစ်ပင်နှင့်တစ်ပင် အကွာအဝေးကို စိုက်ခင်း၏ ရည်ရွယ်ချက်အပေါ် မူတည်ပြီး သတ်မှတ်ရပါမည်။ ကျေးရွာသုံးအတွက် ရည်ရွယ်ပါက တစ်ဧကလျှင် စိုက်ပျိုးပင် (၃၀၀)နှုန်း ရှိစေရန် (၂၄'x၆') အကွာအဝေးဖြင့် လည်းကောင်း၊ ရေဝေရေလဲ ထိန်းသိမ်းရေးအတွက် ရည်ရွယ်ပါက တစ်ဧကလျှင် စိုက်ပျိုးပင် (၂၀၀)နှုန်း ရှိစေရန် (၁၅'x၁၅') အကွာအဝေးဖြင့်လည်းကောင်း စိုက်ပျိုးသွား ရပါမည်။

### ၁၀-၆-၅။ အခြားစိုက်ခင်း

အခြားစိုက်ခင်း အမျိုးအစားတွင် အထူးအရေးကြီးသော တောင်တန်းဒေသများနှင့် မြို့ရွာများ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးခြင်းနှင့် သုတေသန လုပ်ငန်းအတွက် စိုက်ပျိုးသော သစ်တောစိုက်ခင်းများ ပါဝင်သဖြင့် စိုက်ပျိုးပင် တစ်ပင်နှင့် တစ်ပင် အကွာအဝေးကို မူသေသတ်မှတ်၍ မရပါ။ စိုက်ပျိုးမည့်နေရာဒေသနှင့် ရည်ရွယ်ချက်တို့အပေါ် မူတည်၍ စိုက်ပျိုးပင် တစ်ပင်နှင့်တစ်ပင် အကွာအဝေးမှာ (၆'x၆')၊ (၉'x၉')၊ (၁၂'x၁၂')၊ (၂၄'x၂၄') စသည်ဖြင့် အကွာအဝေး အမျိုးမျိုး သတ်မှတ်စိုက်ပျိုးရမည် ဖြစ်ပါသည်။

## ၁၀-၇။ စိုက်ခင်းမြေနေရာ ပြုပြင်ခြင်း

အပူပိုင်းဒေသအတွင်း စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရာတွင် စိုက်ခင်းမြေနေရာ ပြုပြင်ခြင်းလုပ်ငန်းသည် အရေးကြီးသော အဓိကကျသည့် လုပ်ငန်းဖြစ် ပါသည်။ စိုက်ခင်းမြေနေရာ ပြုပြင်ခြင်းလုပ်ငန်းသည် ငွေကုန်ကြေးကျများပြားပြီး လုပ်သားများစွာဖြင့် အချိန်ကြာမြင့်စွာ ဆောင်ရွက်ရသော လုပ်ငန်းလည်း ဖြစ်ပါသည်။ ၎င်းလုပ်ငန်းကို အပူပိုင်းဒေသအတွင်း ရာသီဥတုပူပြင်းသည့် ဧပြီလမတိုင်မီ ပြီးစီးရန် လိုအပ်ပါသည်။

မြေနေရာပြုပြင်ရာတွင် အောက်ပါအတိုင်း (၃)မျိုး ခွဲခြားနိုင်ပါသည်-

## ၁၀-၇-၁။ လူအားဖြင့် မြေနေရာပြုပြင်ခြင်း(ကျင်းတူးခြင်းစနစ်)

လူအားဖြင့် ကျင်းတူးမြေပြင်ခြင်းလုပ်ငန်းသည် ရေအစိုဓာတ် ဖမ်းရန်နှင့် စိုက်ပျိုးမည့် အပင်များ ငယ်ရွယ်စဉ် မြေဆီလွှာအတွင်း ထိုးဖောက်မှု လွယ်ကူစေရန် အဓိကရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျင်းတူးစနစ်တွင် မြေပြန့်ဒေသများ၌ ထွန်ယက်ခြင်းစနစ် မဆောင်ရွက်နိုင်ပါက (၄'x၄'x၁') အရွယ် ကျင်းများတွင် (၁') ပတ်လည်ချက်ကျင်းစနစ်သည် အသင့်လျော်ဆုံး ကျင်းအရွယ်အစားဖြစ်ကြောင်း စမ်းသပ်လေ့လာမှုများအရ သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

တောင်စောင်းဒေသများတွင် ကွန်တိုညီအရှည်လိုက် (၆'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$') အရွယ်ကျင်းများတွင် ချက်ကျင်း (၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$')ပါရှိသော ကျင်းရှည်များကို ဝက်ခေါင်းထိုးသဏ္ဍာန် တူးခြင်းသည် ရေအစိုဓာတ် ဖမ်းခြင်းတွင် ပိုမိုသင့်လျော်ပါမည်။ (၆'x၁$\frac{၁}{၂}$'x၁$\frac{၁}{၂}$')ရှိ ကျင်းများကို တူးရာတွင် မြေကြီးအလွန်မမာခင် ကြိုတင်တူးထားရန်လိုပါသည်။ ဤသို့ တူးရာတွင် အောက်ပါပုံစံအတိုင်း ပန္နက်ရိုက်ရန် လိုအပ်ပါသည်-




မြေတွင်းအောင်း ပိုးမွှားများကို နှိမ်နှင်းရန်အတွက် တူးပြီးကျင်းများကို (၁၅)ရက်မှ (၁)လခန့်ကြာသည်အထိ နေအပူရှိန် ရစေပြီးနောက် ကျင်းများကို ပြန်လည်ဖို့ရာတွင် အောက်ပါအတိုင်း တိတိကျကျ လိုက်နာရန် လိုအပ်ပါသည်-

(၁) ကျင်းအတွင်းသို့ အပေါ်ဘက်တွင် ကျင်းတူးစဉ်က ပုံထားသော အပေါ်ယံမြေဆီလွှာ ဖြင့်သာ ဖို့ရန်။

(၂) ချက်ကျင်းနှင့်တည့်တည့်တွင်အောက်တွင်ဖော်ပြသည့် ပုံအတိုင်းဖို့ရန်ဖြစ်ပါသည်။




(၃) ကျင်းကို မည်သည့်နည်းနှင့်မျှ အပြည့်မဖို့ရပါ။ ကျင်းအတွင်းသို့ ကျဆင်းလာသောရေများ စိမ့်ဝင်နိုင်ရန်အတွက် ခေတ္တထိန်းထားရန် အထူးလိုအပ်ပါသည်။

(၄) ကျင်းကို အပြည့်ဖို့ပါက စီးဝင်ရေများ ခေတ္တမျှ မထိန်းနိုင်၍ ဆုံးရှုံးမှုရှိနိုင်ပါသည်။

(၅) မည်သည့်နည်းနှင့်မျှ (Sub- Soil)များ ကျင်းအတွင်းသို့ မဖို့ရပါ။ (Top-Soil) မြေဆီလွှာ မလုံလောက်ပါက ကျင်းအပေါ်ပိုင်းမှ ယူ၍ ဖို့နိုင်ပါသည်။

စနစ်တကျ ကျင်းတူးခြင်းလုပ်ငန်းတွင် ပထမဦးစွာ တူးထုတ်လိုက်သော အပေါ်ယံမြေဆီလွှာကို သီးသန့်နေရာတွင် စုပုံထားပြီး အောက်ပိုင်းမှ ဆက်လက်တူးထုတ်ရရှိသော မြေသားများကို အခြားနေရာတွင် ခွဲခြားစုပုံထားခြင်းဖြင့် ကျင်းများကို မြေပြန်ဖို့သောအခါ အပေါ်ယံမှ တူးထုတ်ရရှိခဲ့သော မြေဆီလွှာကို ကျင်း၏အောက်ဆုံးတွင် စတင်ပြန်လည်ဖို့နိုင်ပြီး အမြစ်ရောက်ရှိသော နေရာရှိမြေသည် အပင်ငယ်အတွက် အဟာရဓာတ် ပိုမိုပေးစွမ်းနိုင်သည့် အပေါ်ယံမြေဆီလွှာဖြစ်နေရန် ဆောင်ရွက်နိုင်ပါမည်။ ကျင်းအတွင်း ပြန်ဖို့သော မြေများကို ကောင်းစွာ ချေမွပြီးမှ ပြန်ဖို့ခြင်းဖြင့် အစိုဓာတ် ပိုမိုဖမ်းယူပြီး ကြာမြင့်စွာ ထိန်းသိမ်းထားနိုင်စေမည် ဖြစ်ပါသည်။ ကျင်းပြန်ဖို့သည့်အခါ ကျန်ရှိနေတတ်သည့် မြေများကို ကျင်း၏အနိမ့်ဘက်မှ စုပုံကာရံပေးခြင်းဖြင့်ရေဖမ်း ရေထိန်းစနစ်တစ်ခုကိုရရှိနိုင်ပါသည်။ ရန်ပုံငွေအခြေအနေအရ မြေဆွေး၊ နွားချေး မြေအစားထိုး ဖြည့်သွင်းနိုင်ပါက ကျင်းပြန်ဖို့ချိန်တွင် ဆောင်ရွက်နိုင်ပါသည်။ လုပ်သားရရှိမှုနှင့် လုပ်ငန်းပမာဏအပေါ်မူတည်၍ ကျင်းတူး၊ ကျင်းဖို့ခြင်းစသည့် လူအားဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းကို ဆိုင်ကလုန်းနှင့် မုတ်သုန်မိုးများ မရွာမီ ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၁၀-၇-၂။ ထွန်ယက်ခြင်းဖြင့် မြေပြုပြင်ခြင်း

လုပ်ငန်းပမာဏ များပြားမှုနှင့် လုပ်သားရရှိနိုင်မှု ခက်ခဲသော ဧရိယာများတွင် အချိန်တိုတိုအတွင်း စိုက်ခင်းဧရိယာများစွာကို လုပ်သားအရေအတွက် အနည်းဆုံး ဖြင့် ဖော်ဆောင်နိုင်ရန် စက်များ အသုံးပြုထွန်ယက်ခြင်းဖြင့် မြေပြုပြင်နိုင်မည်ဖြစ်ပါ သည်။ ဥပမာအားဖြင့် ဧက(၃၀၀)ရှိသော စိုက်ခင်းဧရိယာတစ်ခုကို အသင့်စိုက်ပျိုးနိုင်ရန် မြေပြုပြင်ခြင်း လုပ်ငန်းကို (၁၅)ရက်အတွင်း ပြီးစီးရန်ဆိုပါက လုပ်သား (၄၀၀)မှ (၆၀၀)ခန့် နေ့စဉ်လိုအပ်မည် ဖြစ်သော်လည်း စက်ဖြင့် ထွန်ယက် မြေပြုပြင်မည်ဆိုပါက ထွန်စက် (၃)စီး (၃ သွားထယ်တပ်နှစ်စီးနှင့် ၁၆ သွားထွန်တပ်တစ်စီး)သာ လိုအပ်ပါ သည်။ (၃)သွားထယ်ဖြင့် တစ်စပ်၊ (၁၆)သွားတပ်ထွန်ဖြင့် (၂)စပ် ထွန်ယက်ခြင်းဖြင့် အသင့်စိုက်ပျိုးသော မြေပြုပြင်နိုင်သည့် အဆင့်သို့ ရောက်ရှိပြီး စိုက်ပျိုးခဲ့သည့် သစ်တောစိုက်ခင်းများ၏ အောင်မြင်ကြီးထွားမှုမှာ ကျေနပ်ဖွယ်ရာ အခြေကောင်းများ လက်တွေ့ ရရှိပြီးဖြစ်ပါသည်။ လူ့လုပ်အားသက်သက်ဖြင့်သာ ဆောင်ရွက်လေ့ရှိကြသော သစ်တော စိုက်ခင်း လုပ်ငန်းများတွင် သမရိုးကျ လူလုပ်အားများဖြင့် မြေပြုပြင်ခြင်း လုပ်ငန်းထက် ကုန်ကျစရိတ်များစွာ သက်သာပြီး လုပ်ငန်းပမာဏများစွာကို အချိန်တိုတိုအတွင်း မြေပြုပြင်ပေးနိုင်သည့် ဤနည်းစနစ်တွင် အောက်ပါအကျိုးရှိမှုနှင့်အကျိုးမဲ့မှုများရှိကြောင်း ကြိုတင်သိရှိထားသင့်ပါသည်-

### (က) အကျိုးရှိမှုများ

၁။ အချိန်တိုကာလအတွင်း လုပ်ငန်းပမာဏ များစွာကို ဆောင်ရွက်နိုင်ခြင်း၊

၂။ စက်ကိရိယာနှင့် လောင်စာဆီစျေးနှုန်းကို အထူးထည့်သွင်းတွက်ချက်ရန် မလိုသောကာလများတွင် ကုန်ကျစရိတ် အဆများစွာ သက်သာခြင်း၊

၃။ လုပ်သားအင်အားများစွာ မလိုခြင်း၊

၄။ မြေပြုပြင်မှု ကုန်ကျစရိတ်တစ်ခုထဲဖြင့် ငွေကြေးများစွာ ပိုမိုကုန်ကျရန် မလိုအပ်ပဲ တစ်ဧကပေါ်ဝင်ပင် ပိုမိုများပြားသည့် ပိုမိုစိပ်သော အပင်အကွာ အဝေးများဖြင့် စိုက်ခင်းတောထွက်အဆများစွာ ရရှိနိုင်သည့် အစီအစဉ်များ ပြုလုပ်နိုင်ခြင်း၊

၅။ သီးနှံသစ်တော ရောနှောစိုက်ခင်းများ ပြည်သူလူထု ပါဝင်ဆောင်ရွက်သော သစ်တောပြုစု စိုက်ပျိုးခြင်း စနစ်များ ဖော်ဆောင်နိုင်ခြင်း။

(၆) ကျင်းတူးစနစ်ထက် အစိုဓာတ် ဖမ်းယူထိန်းသိမ်းသော ဧရိယာ ပိုမိုများပြားသဖြင့်ရှင်သန်ကြီးထွားမှုအားရဖွယ်ကောင်းမွန်ခြင်း၊

**(ခ) အကျိုးမဲ့မှုများ**

၁။ တစ်ဆက်တစ်စပ်တည်းရှိသော (ငုတ်ကျွတ်ယာမြေ) ဧရိယာ များမဟုတ်ပါက မသင့်လျော်ခြင်း၊

၂။ သဲဆန်သောမြေများတွင်ရေစီးကြောင်းတိုက်စားမှုကို ကွန်တို အလိုက် ထွန်ယက်ရုံမျှဖြင့် မထိန်းသိမ်းနိုင်ပဲ၊ သဲထုရွေ့လျား ခြင်းကြောင့် အပင်များ သေကြေပျက်စီးတတ်ခြင်း၊

၃။ ကျောက်စရစ်ဆန်သော မြေများတွင် ထွန်သွားမစူးသဖြင့် ဆောင်ရွက်ရန်ခက်ခဲခြင်း၊

၄။ စက်ကိရိယာများပျက်ပါက အချိန်ကာလမမီပဲလုပ်ငန်း နှောင့် နှေးထိခိုက်ဆုံးရှုံးတတ်ခြင်း၊

၅။ ကျွမ်းကျင်နားလည်ပြီး အတွေ့အကြုံရှိသော ဝန်ထမ်းများ မရှိပါက လုပ်ငန်းမအောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ လွယ်ကူမြန် ဆန်စွာ ဖြစ်ပေါ်တတ်ခြင်း၊

၆။ စိုက်ပျိုးသောပထမနှစ်မိုးရာသီတွင်ပေါင်းပင်များထူထပ်ကြီး ထွားလာတတ်သဖြင့် စီးပွားရေးစိုက်ခင်း အပြောင်ရှင်း ဧရိယာများကဲ့သို့ ပေါင်းရှင်းမြေဆွခြင်းကို အနည်းဆုံး(၃) ကြိမ်ခန့် ပြုလုပ်ရန် လိုအပ်လေ့ရှိခြင်း။

**၁၀-၇-၃။ ခက်ခဲသည့်နေရာများတွင် မြေအထူးပြုပြင်ခြင်း**

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ပုံမှန်ရွေးချယ်လေ့ ရှိသော မြေမျက်နှာပြင်နှင့်မြေဆီလွှာမျိုးများမဟုတ်ဘဲ လိုအပ်ချက်အရဆောင်ရွက်ရသည့် စိုက်ခင်းတည်ထောင်ရန် နေရာအချို့သည် ထူးခြားစွာ ပျက်စီးနေသည့် မြေဆီလွှာမျိုး များအဖြစ် ကြုံတွေ့ရတတ်ပါသည်။ ဥပမာအားဖြင့် နှစ်ကာလများစွာ ပျက်စီးယိုယွင်း နေခဲ့သော တောင်တန်းဧရိယာမျိုးများတွင် တိုက်စားမှုအမျိုးမျိုး၏ ဒဏ်ကြောင့် သစ်ပင် များ ပြန်လည်မျိုးဆက်စိုက်ပျိုးရန် အခွင့်အလမ်း နည်းပါးပြီး အထူးခက်ခဲသော အခြေ အနေမျိုးများကို တွေ့ရပါသည်။

သစ်ပင်စိုက်ပျိုးရန် ခက်ခဲသည့် နေရာဒေသများတွင် သစ်ပင်များ ပေါက်ရောက်ရှင်သန်နိုင်မည့်မြေဆီလွှာများ မရှိသလောက် ကုန်ခန်းနေပြီး ကျောက်သား ထုထပ်များပြားခြင်း၊ မြေဆီလွှာအဟာရဓာတ် ကင်းမဲ့ခြင်း၊သဘာဝအလျှောက် အစိုဓာတ် လုံလောက်စွာ မရရှိနိုင်ခြင်း၊ မညီညာသောမြေပြင်အခြေအနေများကြောင့် ရေတိုက်စား ခြင်း၊ မြေပြိုခြင်းစသည့်ပြဿနာများစွာကို ဖြေရှင်းကျော်လွှားနိုင်ရန် မြေအထူးပြုပြင်ခြင်း အစီအစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးပင်များအတွက် မြေအထူးပြုပြင်ခြင်း လုပ်ငန်းများတွင် သင့်လျော်သော မြေဆီလွှာအခြေအနေရရှိရန်နှင့် မြေဆီလွှာတိုက်စားခြင်း အမျိုးမျိုးကို ကာကွယ်ရန် တောင်ခါးပန်း၊ ဆင်ခြေလျောများတွင် ကွန်တိုလိုင်းဖောက်၍ ကျောက်တုံး များစီထည့်ခြင်း၊ ပါးလွှာပြီး အဟာရဓာတ် နည်းပါးကင်းမဲ့သော ကျောက်ဆန်သော မြေ ဆီလွှာနေရာတွင် အဟာရဓာတ်ပိုမိုပါဝင်ပြီး သစ်ပင်များ မျိုးဆက်ဖြစ်ထွန်းရန် သင့်လျော် သော မြေဆီလွှာဖွဲ့စည်းပုံရှိသည့် အစားထိုးမြေများကို သယ်ယူဖြည့်စွက်ပေးခြင်းနှင့် အစို ဓာတ်ပိုမိုဖမ်းယူရရှိစေနိုင်မည့် ရေဖမ်း စနစ်ငယ် (Micro catchment) များ ပြုလုပ်ပေး ခြင်း စသည်တို့ ပါဝင်ပါမည်။

အထူးမြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်တွေ့ ဆောင်ရွက်ရမည့် နေရာဒေသ၏ မြေဆီလွှာ အခြေအနေကို လေ့လာသုံးသပ်ပြီး စိုက်ခင်း တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်ကို အောင်မြင်စေရန် အဖက်ဖက်မှ စဉ်းစားဆောင် ရွက်ရန် လိုအပ်ပါသည်။

## ၁၀-၈။ သစ်တောပျိုးဥယျာဉ်များ

သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းတွင် ပျိုးဥယျာဉ်လုပ်ငန်းများသည် အထူးအရေးကြီးသောလုပ်ငန်းဖြစ်ပါသည်။ အောင်မြင်ကြံ့ခိုင်သည့်ပျိုးပင်များကို စိုက်ပျိုး ချိန်အမီ ထုတ်လုပ်ပေးနိုင်ရန် လိုအပ်ပါသည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် အရည် အသွေးကောင်းမွန်သည့် ပျိုးပင်များ ထုတ်လုပ်ပေးနိုင်ရန် သစ်တောပျိုးဥယျာဉ်များ တည်ထောင်ရန် လိုအပ်ပါသည်။

### ၁၀-၈-၁။ အမြဲတမ်းပျိုးဥယျာဉ်

အမြဲတမ်းပျိုးဥယျာဉ်တစ်ခုတည်ထောင်နိုင်ရန် အောက်ဖော်ပြပါ အချက်အလက်များကို အလေးထားစဉ်းစားရပါမည်။

### ၁၀-၈-၁-၁။ ရေကောင်းရေသန့် လုံလောက်စွာရရှိနိုင်ခြင်း

ပျိုးဥယျာဉ်တစ်ခုတည်ထောင်ရန်အတွက် ရေလုံလောက်စွာရရှိမှုသည်အရေးကြီးပါသည်။ သစ်စေ့များစတင်ပျိုးထောင်သည့်အချိန်မှစ၍ စိုက်ပျိုးချိန်အထိ ပျိုးပင်များ ကောင်းမွန်စွာဖြစ်ထွန်းရေးအတွက် ရေလောင်းပေးနိုင်ရန် အထူးလိုအပ်ပါသည်။ အပူပိုင်းဒေသအတွင်းရှိ အချို့သောချောင်းရေ၊ တွင်းရေ၊ ကန်ရေများမှာ အင်ဓါတ်များလွန်းသဖြင့် အချို့သစ်မျိုးများအတွက်ပျိုးထောင်ရန် အခက်အခဲရှိပါသည်။ ပျိုးဥယျာဉ်များ တည်ထောင်ရာ၌ ထုတ်လုပ်မည့်ပျိုးပင်အတွက် လုံလောက်သောရေရရှိနိုင်မှုကို အဓိကထားဆောင်ရွက်ရမည် ဖြစ်ပါသည်။

### ၁၀-၈-၁-၂။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း

ပျိုးဥယျာဉ်များသည် တည်ထောင်မည့် စိုက်ခင်းဧရိယာနှင့် ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်ရန် လိုအပ်ပါသည်။ စိုက်ခင်းဧရိယာနှင့် ပျိုးဥယျာဉ်တည်နေရာ နီးလေကောင်းလေ ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စိုက်ခင်းဧရိယာသို့ ပျိုးပင်များသယ်ယူရာတွင် ခရီးဝေးလေပျိုးပင်များ ပျက်စီးမှုများလေဖြစ်ပါသည်။

### ၁၀-၈-၁-၃။ ပျိုးဥယျာဉ်လုပ်သားများ လွယ်ကူစွာရရှိနိုင်ခြင်း

ပျိုးဥယျာဉ်လုပ်ငန်းသည် သတ်မှတ်အချိန် ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အပြင် ရာသီဥတု ပိုးမွှားရောဂါ အခြေအနေအရ လုပ်သား လိုအပ်ချက် အပြည့်အဝရရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ပျိုးဥယျာဉ်များ တည်ထောင်ရန် နေရာရွေးချယ်ရာ၌ လွယ်ကူစွာ လုပ်သားရရှိနိုင်မှု အခြေအနေကိုမူတည်ပြီး ရွေးချယ်ရန်လိုအပ်ပါသည်။

### ၁၀-၈-၁-၄။ ရေစီးရေလာကောင်းမွန်သည့်နေရာဖြစ်ရန်လိုအပ်ခြင်း

ပျိုးဥယျာဉ်များတွင် ပျိုးပင်များကို ပျိုးထောင်ရာ၌ လိုအပ်သောရေရရှိရန် လိုအပ်သကဲ့သို့ မလိုလားအပ်ပဲ၊ ရေဝပ်ခြင်း မဖြစ်စေရန် လိုအပ်ပါသည်။ အပူပိုင်းဒေသတွင် ရေရရှိရေးကို ဦးစားပေး၍ အချို့သော ချောင်းကမ်းပါးများတွင် တည်ထောင်ကြရာ မမျှော်လင့်ပဲ၊ မိုးဦးကာလ ချောင်းရေများ စီးဆင်းလာပါက ပျိုးပင်များ ရေတိုက်စား ပျက်စီးမှု ဖြစ်ပေါ်တတ်ပါသည်။ သို့ဖြစ်၍ ရေရလွယ်ကူသော ချောင်းကမ်းဘေး၌ ပျိုးဥယျာဉ်များကို တည်ထောင်ရာတွင်

မမျှော်လင့်ဘဲ ချောင်းရေကြီးခြင်းကြောင့် ပျက်စီး နိုင်မည့်အနေအထားကိုပါ ကြိုတင်စဉ်းစားရွေးချယ်သင့်ပါသည်။

**၁၀-၈-၁-၅။ လေပြင်းတိုက်ခတ်သောနေရာများကိုရှောင်ကြဉ်ခြင်း**

ပျိုးဥယျာဉ်များကို တည်ထောင်ရန် နေရာရွေးချယ်ရာ၌ လေပြင်း တိုက်ခတ်မှုပြင်းထန်ပြီး သဘာဝသစ်ပင် အရိပ်အကာမဲ့သော နေရာများကို ရှောင်ကြဉ်သင့်ပါသည်။ အရိပ်အကာမဲ့ပြီး လေပြင်း တိုက်ခတ်သော နေရာများတွင် ရေငွေ့ပျံခြင်းများပြီး ပျိုးပင်များ၏ သန်စွမ်း ဖြစ်ထွန်းမှုကို ထိခိုက်နိုင်သဖြင့် သဘာဝလေကာ၊ နေကာ သစ်ပင်များ မရှိပါက လေကာ၊ နေကာများ ပြုလုပ်ပေးရပါမည်။

**၁၀-၈-၁-၆။ လုံလောက်သောမြေနေရာရရှိရန် လိုအပ်ခြင်း**

ပျိုးဥယျာဉ်များ တည်ဆောက်သည့်အခါ ပျိုးထောင်ပေး ရမည့်ပျိုးပင် အရေအတွက်ကို ပြုစုထားရှိရန် ပျိုးစင်အကျယ်အဝန်း၊ သဲမြေဆွေး ထားရှိရမည့်နေရာ၊ ဝန်ထမ်းနှင့်လုပ်သားများ နေထိုင်ရန် နေရာ၊ ယာဉ်ယန္တရား များထားရှိမည့်နေရာ၊ ရေစက်ရေစင် ရေကန်များ တည်ဆောက်မည့်နေရာ၊ ပျိုးဥယျာဉ်အတွင်း ဖောက်လုပ်ရမည့်လမ်းများ နေရာစသည့် လိုအပ်ချက်များ ရှိသဖြင့် လုံလောက်သောအကျယ်အဝန်း ရရှိထားရန် လိုအပ်ပါသည်။

**၁၀-၈-၂။ ယာယီပျိုးဥယျာဉ်များ**

သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် အမြဲတမ်းပျိုးဥယျာဉ် ကြီးများနှင့် စိုက်ကွက်များ အလွန်ဝေးကွာသည့်အခါ ယာယီပျိုးဥယျာဉ်များ တည်ထောင်ရန် လိုအပ်ပါသည်။ ယာယီပျိုးဥယျာဉ်များကို စိုက်ကွက်အနီး ရေလုံ လောက်စွာရရှိနိုင်သည့် နေရာများတွင်ရွေးချယ် ဆောက်လုပ်ရပါသည်။ စိုက်ပျိုး မည့်နှစ်အတွက် လိုအပ်သော ပျိုးပင်များရရှိရေးအတွက် ရည်ရွယ်သော်လည်း ကုန်ကျစရိတ် သက်သာမှုရှိစေရန် ယာယီပျိုးဥယျာဉ်များကို (၃)နှစ်ကြာအထိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ရွေးချယ်ဆောက်လုပ်သင့်ပါသည်။

**၁၀-၈-၃။ ယာယီပျိုးစင်များ လိုအပ်ခြင်း**

အပူပိုင်းဒေသအတွင်း စိုက်ခင်းများတည်ထောင်ရာ၌ စိုက်ကွက်များ အတွင်း ပျိုးပင်များစိုက်ပျိုးချိန်အမီ သယ်ယူနိုင်ရေးသည် အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်ပါသည်။ စိုက်ကွက်များနှင့်ပျိုးဥယျာဉ်များခရီးမကွာဝေးပဲ သယ်ယူရန် ယာဉ်ယန္တရား

များ အဆင်သင့် ရှိပါက ပျိုးပင်များကို အချိန်မီ စိုက်ကွက်များသို့ သယ်ယူနိုင်သော်လည်း စိုက်ကွက်များသည် ပျိုးဥယျာဉ်များနှင့် ဝေးကွာခြင်း၊ ယာဉ်ယန္တရားအခက်အခဲရှိခြင်း၊ ပျိုးပင်သယ်ယူရန် အရေအတွက် များခြင်းစသည့် အခြေအနေမျိုးတွင် ပျိုးပင်များကို စိုက်ကွက်သို့ ကြိုတင်သယ် ယူရပါသည်။ ယင်းကဲ့သို့ အခြေအနေများတွင် စိုက်ကွက်အတွင်း သယ်ယူပြီး ပျိုး ပင်များကို စောင့်ရှောက်ပြုစုရန် လိုအပ်ပါသည်။ ပျိုးပင်များအား ယာယီပျိုးစင်များ ပြုလုပ်၍ ထားရှိပြီး ရာသီဥတုအခြေအနေနှင့် ပျိုးပင်များ၏ သန်စွမ်းမှုအပေါ် မူတည်၍ ရေလောင်းပေးခြင်းလုပ်ငန်း ဆောင်ရွက်ရပါသည်။ ယာယီပျိုးစင်များကို စိုက်ကွက်အတွင်း အချက်အချာကျပြီး သွားလာမှုလွယ်ကူသော နေရာများ၌ ယာယီထားရှိမည့် ပျိုးပင်အရေအတွက်ကို တွက်ချက်၍ စိုက်ပျိုးချိန်အမီ ကြိုတင် ဆောက်လုပ်ပေးရမည် ဖြစ်ပါသည်။

## ၁၀-၈-၄။ ပျိုးစင်များတည်ဆောက်ခြင်း

ပျိုးဥယျာဉ်တည်ထောင်ရန် မြေနေရာရွေးချယ်ပြီးသည့်နောက် ပျိုးထောင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ပျိုးစင်များကို တွက်ချက်၍ ဆောက်လုပ်ရန် လိုအပ်ပါသည်။ အပူပိုင်းဒေသအတွင်း မတ်လမှ မေလအတွင်း လေပူများတိုက်ခတ်တတ်သောကြောင့် ပျိုးစင်များကို အမြင့်(၇)ပေခန့်သာ ဆောက်လုပ်သင့်ပါသည်။ ပျိုးထောင်ခြင်းလုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရေးအတွက် ပျိုးစင်များ၏ ခန်းဖွင့်အကျယ်ကို ဘေးစွန်းအခန်း(၂)ခန်းအတွက် (၁၀)ပေခန်း ဖွင့်ထားရှိပြီး အလယ်ခန်းဖွင့်များကို (၁၂)ပေထားသင့်ပါသည်။ သို့မှသာ ပျိုးစင်အခန်းတစ်ခန်းအတွင်း (၄)ပေအကျယ်ပျိုးဘောင်(၁)ခု၊ (၂)ပေအကျယ် လူသွားလမ်း(၂)လမ်းနှင့် ပျိုးစင်တိုင်ကိုငုံ၍ (၂)ပေအကျယ် ပျိုးဘောင်(၂)ခု ရရှိနိုင်ပါမည်။ (၂)ပေအကျယ် လူသွားလမ်းထားရှိခြင်းမှာ မြေဆွေးများသယ်ယူခြင်း၊ ပျိုးပင်များရွှေ့ပြောင်းခြင်း၊ရေထမ်းပုံးဖြင့် ရေလောင်းခြင်းတို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါသည်။ ပျိုးစင်တိုင်များကို ငုံ၍ ပျိုးဘောင်များမပြုလုပ်ပါက ရေထမ်းပုံးဖြင့် ရေလောင်းသည့်အခါ အခက်အခဲတွေ့ရပါသည်။ ဆောက်လုပ်ပြီးပျိုးစင်များသည် (၁၂)ပေခန်းဖွင့် မဟုတ်ဘဲ (၉)ပေခန်းဖွင့်များဖြစ်ပါက၊ ပျိုးစင်တိုင်ကိုငုံ၍ (၃)ပေ အကျယ် ပျိုးဘောင်များပြုလုပ်ပြီး (၁½)ပေအကျယ် လူသွားလမ်းများ ထားရှိရန် လိုအပ်ပါသည်။

ပျိုးဘောင်များ၏ အောက်ခြေကို (Concrete)ခင်းခြင်း၊ အုတ်စီထားခြင်းများပြုလုပ်ထားနိုင်ပါကပျိုးအိတ်များမှအမြစ်များ အောက်ခံမြေသားသို့ ထိုးဖောက်မှုမရှိသဖြင့် ပျိုးပင်များရွှေ့ပြောင်းပေးရခြင်း၊ အမြစ်ဖြတ်ပေးခြင်း လုပ်ငန်းများ သက်သာနိုင်ပါသည်။

ပျိုးစင်များ ဘေးပတ်လည်တွင် မြေဆွေးသယ်ခြင်း၊ ပျိုးပင်သယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လွယ်ကူမှုရှိစေရေးအတွက် မော်တော်ယာဉ်များ၊ ထွန်စက်များဝင်ထွက်နိုင်ရန် (၁၂)ပေအကျယ်ရှိ လမ်းများဖောက်လုပ်ထားရန် လိုအပ်ပါသည်။

**၁၀-၈-၅။ ပျိုးပင်လိုအပ်မှု တွက်ချက်ဆောင်ရွက်ခြင်း**

သစ်တောစိုက်ခင်းများအတွက် လိုအပ်သော ပျိုးပင်အရေအတွက် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရန် ပျိုးဥယျာဉ်များတွင် ပျိုးထောင်နိုင်မည့် ပျိုးပင်အရေအတွက်ကို ကြိုတင်ခန့်မှန်းတွက်ချက်ရန် လိုအပ်ပါသည်။

အကြမ်းအားဖြင့် ပျိုးစင်တစ်ခုရှိ ပျိုးဘောင်ဧရိယာ(၁)စတုရန်းပေတွင် (၇"x၃")အရွယ်ပျိုးအိတ် (၂၀)ထားရှိပျိုးထောင်နိုင်သော သတ်မှတ်ချက်ဖြင့် မိမိလိုအပ်မည့် ပျိုးပင်ပမာဏအတွက် ထားရှိရမည့် ပျိုးဘောင်ဧရိယာ၊ ပျိုးစင်အရွယ်အစား၊ အရေအတွက်တို့ကို အနီးစပ်ဆုံး ခန့်မှန်းတွက်ချက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုအပ်သောအချိန်၌ လိုအပ်သောပျိုးပင် အရေအတွက်ကို လုံလောက်စွာရရှိရေးသာမက စိုက်ပျိုးရန်သင့်လျော်သည့် ပျိုးပင်အရွယ်အစားရရှိရေးမှာ အလွန်အရေးကြီးသဖြင့် သစ်မျိုးအလိုက် ပေါက်ရောက်ကြီးထွားနှုန်းကို ကြိုတင်တွက်ဆ၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**၁၀-၈-၆။ ပျိုးဥယျာဉ်လုပ်ငန်းများ စနစ်တကျ အချိန်မီဆောင်ရွက်ခြင်း**

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ပျိုးဥယျာဉ်လုပ်ငန်းများကို စနစ်တကျ အချိန်မီဆောင်ရွက်နိုင်မှသာ အောင်မြင်ကြံ့ခိုင်သောပျိုးပင်များကို အချိန်မီထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။ ပျိုးပင်များကို အချိန်မီထုတ်လုပ်နိုင်ရေးအတွက် ပျိုးထောင်ခြင်းလုပ်ငန်းအဆင့်ဆင့်အား အောက်ဖော်ပြပါ အချိန်ဇယားအတိုင်း ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ် ပါသည်။

## “မျိုးထောင်ခြင်းလုပ်ငန်းအချိန်ဇယား”

| စဉ် | လုပ်ငန်းအမျိုးအမည် | ဆောင်ရွက်ရမည့်ကာလ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | သစ်စေ့စုဆောင်းခြင်း | အောက်တိုဘာလမှဇန္နဝါရီလအထိ။ |
| ၂ | မျိုးဥယျာဉ်တည်ဆောက်ခြင်း/ပြုပြင်ခြင်း | အောက်တိုဘာလမှနိုဝင်ဘာလအထိ။ |
| ၃ | မြေဆွေး/သဲစုဆောင်းခြင်း | နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ။ |
| ၄ | မျိုးအိတ်မြေသွပ်ခြင်း | နိုဝင်ဘာလမှ ဇန္နဝါရီလအထိ။ |
| ၅ | သစ်စေ့မျိုးထောင်ခြင်း/မျိုးပင်ကူးပြောင်းခြင်း | နိုဝင်ဘာလမှ ဇန္နဝါရီလအထိ။ |
| ၆ | မျိုးပင်များပြုစုခြင်း | ဇန္နဝါရီလမှ ဧပြီလအထိ။ |
| ၇ | မျိုးပင်များကြံ့ခိုင်စေခြင်း | မေလ။ |

### ၁၀-၈-၆-၁။ သစ်စေ့စုဆောင်းခြင်း

သစ်တောစိုက်ခင်းများကို ဧရိယာဧကများပြားစွာ စိုက်ပျိုးလာသည်နှင့်အမျှ ကောင်းမွန်အောင်လုံသော သစ်စေ့များ လုံလောက်စွာ ရရှိရန် လိုအပ်ပါသည်။

သစ်စေ့စုဆောင်းခြင်းလုပ်ငန်းအား စနစ်တကျ ကြိုတင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စုဆောင်းရရှိသည့် သစ်စေ့များ စနစ်ကျစွာ သိုလှောင်သိမ်းဆည်းရန်လည်း လိုအပ်ပါသည်။ တမာ၊ စကားဝါကဲ့သို့သော သစ်စေ့မျိုးများမှာ (Viability) တိုတောင်းသည့်အတွက် သစ်စေ့ရင့်မှည့်ချိန်တွင် အချိန်နှင့်တပြေးညီ စုဆောင်းရယူ မျိုးထောင်ရန် လိုအပ်ပါသည်။ သစ်စေ့စုဆောင်းချိန်နောက်ကျခြင်းသည် မျိုးထောင်ခြင်းလုပ်ငန်းထိခိုက် စေနိုင်သည့်အတွက် ကြိုတင်စုဆောင်း ထားရန် လိုအပ်ပါသည်။ မျိုးစေ့ရယူနိုင်မည့် ဒေသများ ကြိုတင်တွက်ချက် စီစဉ်ထားရန် လိုအပ်ပါသည်။

ယေဘူယျအားဖြင့် ဒဟတ်သစ်မျိုးအတွက် နိုဝင်ဘာလမှ ဇန္နဝါရီလအတွင်း၊ မယ်ဇလီစေ့အားဖေဖော်ဝါရီလမှ မတ်လအတွင်း၊ ပိတောက် သစ်စေ့အား နိုဝင်ဘာလမှ ဇန္နဝါရီလအတွင်း၊ ပေါက်ပန်းဖြူစေ့အား ဖေဖော်ဝါရီလမှ မတ်လအတွင်း၊ စစ်နှင့်သန်းသစ်စေ့အား ဇန္နဝါရီလမှ ဖေဖော်ဝါရီလအတွင်း၊ သဘော်ကုက္ကိုသစ်စေ့အား မတ်လမှမေလအတွင်း၊ ယမနေ သစ်စေ့အား ဧပြီလမှ မေလအတွင်း၊ အော်ရီရှား သစ်စေ့အား ဒီဇင်ဘာလမှ ဇန္နဝါရီလအတွင်း

သဘာဝတောများ၊ သစ်တောစိုက်ခင်းများမှ စုဆောင်း ရရှိသည့် သစ်စေ့များ၊မျိုးရိုးဗီဇအရ အောင်လုံမှုနှင့် လုံလောက်သည့် အရေအတွက် ရရှိနိုင်ရန်အတွက် တွက်ချက်ခန့်မှန်းရန် ခက်ခဲသောကြောင့် အသင့် လျော်ဆုံး နည်းလမ်းမှာ ဒေသအသီးသီးတွင် (Permanent Seed Orchard) များ တည်ထောင်သွားရန် လိုအပ်ပါသည်။

## ၁၀-၈-၆-၂။ မြေစုဆောင်းခြင်း

သစ်တောစိုက်ခင်း တည်ထောင်ရန်၊ ပျိုးထောင်ခြင်း လုပ်ငန်း အတွက် မြေစုဆောင်းခြင်းလုပ်ငန်းသည် ရှေးဦးစွာ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် သစ်တောမြေမှ အမှိုက်သရိုက် ဆွေးများ၊ သစ်ရွက်ဆွေးများ၊ ရောနှောပါဝင်သည့်မြေများ ရယူစုဆောင်းရန်ဖြစ်သော်လည်း အပူပိုင်းဒေသတွင် လုံလောက်စွာ ရရှိရန် ခက်ခဲသည့်အတွက် မြစ်ရေကျချိန်တွင် ကျန်ရစ်ခဲ့သည့် အနယ်ကျ နုံးမြေများ၊ ရေကန်များတွင် ရေခန်းခြောက်လျော့ နည်းသွားသည့် အချိန်၌ ပေါ်ပေါက်လာသည့် နုံးမြေများကို ရယူ စုဆောင်း နိုင်ပါသည်။ သို့ရာတွင် အဆိုပါနုံးမြေများတွင် သဲမြေပါဝင်မှု အချိုးများပြားသဖြင့် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

မြေဆွေးရယူစုဆောင်းရန် အတွက် မြေဆွေးကျင်းများ ပြုလုပ်၍ လည်းကောင်း၊ အမှိုက်မျိုးစုံ ရောနှောစုပုံသည့် နေရာများ မှလည်းကောင်း စုဆောင်းရယူနိုင်ပါသည်။ မြေဆွေးကျင်း အမှိုက်ပုံ များမှရရှိသော မြေဆွေးများမှာ တစ်ခါတစ်ရံ စိုထိုင်းနေတတ်သည့်အတွက် အခြောက်လှန်းပြီး ရောနှောပါဝင် လာတတ်သည့် အမှိုက်သရိုက်များအား ဆန်ခါချ၍ ဖယ်ရှား ပစ်ရန်လိုအပ်ပါ သည်။ ဆန်ခါချရာတွင် (၃/၁၆"-၅/၁၆")အရွယ် ဆန်ခါပေါက်များ ရှိသည့် သံဆန်ခါအား အသုံးပြုရန် သင့်လျော်ပါသည်။ သံဆန်ခါအား သစ်သားဘောင် ခွေ၍ (၄၅°)ထောင် ထားကာ အဆိုပါသံဆန်ခါပေါ်သို့ ကော်ပြားဖြင့် အဆက်မပြတ် ကော်တင်ပေး၍ ပျဉ်ပြားငယ်ဖြင့် ဆန်ခါတိုက်ချခြင်းဖြင့် သေးငယ်သောမြေ ဆွေးမှုန်များ ဆန်ခါအခြား တစ်ဖက်သို့ ကျဆင်း၍ ဆန်ခါ တဖက်တွင် အမှိုက်သရိုက်များ၊ မြေစိုင်ခဲများ ကျန်ရစ်ခဲ့မည်ဖြစ်ပါသည်။ ဆန်ခါချရာမှ ကျန်ရစ်ခဲ့သည့် မြေစိုင်မြေခဲ များအား ထုထောင်း၍ ပြန်လည်ပြီး ဆန်ခါချယူခြင်းဖြင့် မြေဆွေးများ ထပ်မံ ရရှိနိုင်ပါသည်။

နွားချေးစုဆောင်းရာတွင် လတ်ဆတ်သောနွားချေး(Fresh cow dung)မဖြစ်ရန် အထူးသတိပြုရပါမည်။ စိုထိုင်းနေသော (Organic matter) သည် ပျိုးထောင်ရာတွင် အပင်ငယ်များကိုထိခိုက်သေဆုံးနိုင်၍ နှစ်ချို့နွားချေး များကိုစုဆောင်းရန် လိုအပ်ပါသည်။ အညာဒေသကျေးလက်များတွင် နွားမွေးမြူ ခြင်းကျယ်ပြန့်စွာဆောင်ရွက်လေ့ရှိသဖြင့် နွားချေးဝယ်ယူစုဆောင်းရန် များစွာ အခက်အခဲမရှိလှပါ။ သို့ရာတွင် ပတ်ဝန်းကျင်ကျေးရွာရှိ အခြားစိုက်ပျိုးရေး လုပ်ငန်းများ တွင် လည်း နွားချေးများဝယ်ယူစုဆောင်းလေ့ရှိသဖြင့် မိမိအလိုရှိသည့် နွားချေးပမာဏအား ကြိုတင်တွက်ချက်၍ ဝယ်ယူရန် စီမံထားသင့် ပါသည်။ နွားချေး၊ မြေဆွေး၊သဲရောစပ်သည့် လုပ်ငန်းတွင်ပျိုးထောင်မည့် ပျိုးပင် ရှင်သန်လုံလောက်သည့် အဟာရဓါတ်ရှိရန် အရေးကြီးသကဲ့သို့ စိုက်ပျိုးချိန်တွင် ပျိုးအိတ်ဖယ်ထုတ်သည့်အခါ မြေလုံး(Ball of earth) ကွဲမသွားစေရန် လုံလောက် သည့် အစေးဓာတ်များပါဝင်ရန် လိုအပ်ပါသည်။ သာမန်အားဖြင့် သဲမြေအချိုး အနည်းငယ်ပိုသော ရောစပ်မြေသည်ရွံ့စေးအချိုးအနည်းငယ်ပိုသောမြေထက် ပျိုးပင် ရှင်သန်ကြီးထွားမှု အတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။

**၁၀-၈-၆-၃။ ပျိုးပင်များပြုစုပျိုးထောင်ခြင်း**

ပျိုးပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည့် အဓိက ကာလမှာ ဒီဇင်ဘာလလယ်မှ မေလအလယ်ထိဖြစ်ပါသည်။ ပျိုးပင် အရွယ်(၈"- ၁၄")အမြင့်သည် အသင့်လျော်ဆုံး အရွယ်အစားဖြစ်ပြီး သန်စွမ်းနုပျိုသော ပျိုးပင်ငယ်များအား စိုက်ကွက်သို့ မြေချစိုက်ပျိုးခြင်းဖြင့် အပင်များလျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးစေနိုင်ပါသည်။ ပျိုးထောင်ရန်ပျိုးအိတ်များ မြေသွပ်လုပ်ငန်း မဆောင်ရွက်မီ ပျိုးအိတ်၏အလယ်ပိုင်းတွင် ရေထွက်ပေါက်များ(၄-၆)ပေါက် ပျိုးအိတ်အောက်ခြေမှ (၂")ခန့်အကွာတွင်(၂)ပေါက် ခန့်(၁/၈")အရွယ် ဖောက်ပေး ခြင်းဖြင့် ပျိုးအိတ်အတွင်း လေဝင်လေထွက် ကောင်းမွန်၍ အပင်များရှင်သန်ရန် အစိုဓာတ်ထိန်းထားပေးသကဲ့သို့ တစ်ဖက်မှာလည်း ရေဝပ်၍ မပျက်စီးစေရန် ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ပျိုးထောင်ရာတွင် သစ်စေ့များသည် သစ်မျိုးအလိုက် အောင်လုံပေါက်ရောက်နိုင်မှု အမျိုးမျိုး ကွဲပြားခြားနားလေ့ ရှိပါသည်။ သစ်စေ့ခွံ (Seed coat/cover)အထူအပါးနှင့် ပေါက်နှုန်းတို့ ဆက်နွယ်နေလေ့ရှိ ပါသည်။ အချို့ ရင့်မှည့်ပြီးသစ်စေ့များမှာ ရက်ပိုင်းအတွင်း ပျိုးထောင်မှ ပေါက်ရောက်နိုင် သကဲ့သို့ အချို့သစ်စေ့များမှာ နှစ်ကြာရှည်စွာ သိုလှောင် ထားသော်လည်း ပေါက်ရောက်နိုင် လေ့ရှိပါသည်။ သစ်စေ့တို့၏ ပေါက်ရောက်နိုင်မှု

ခံနိုင်ရည်ရှိမှု၊ ပေါက်ရောက်ရန် လွယ်ကူမှုတို့အပေါ် အခြေခံ၍ ပျိုးထောင်ခြင်း လုပ်ငန်း မဆောင်ရွက်မီ ကြိုတင်၍ (Pretreatment) ကြိုတင်ပြုပြင်ပေးခြင်း ဆောင်ရွက်သင့်၊ မသင့်အတွက် အောက်ပါ အတိုင်း အုပ်စုခွဲခြားနိုင်ပါသည်။

(၁) (Viability)တိုတောင်း၍ မျိုးဆက်မှုကောင်းမွန်သည့် သစ်စေ့များ။ (ဥပမာ-တမာ၊ သနပ်ခါး)

(၂) နူးညံ့ပျော့ပြောင်းသည့် အစေ့ခွံရှိပြီး မျိုးဆက်မှုကောင်းမွန်သည့် သစ်စေ့ များ။ (ဥပမာ-မယ်ဇလီ၊ ပျဉ်းကတိုး)

(၃) (Pre-treatment) ပေးလျှင် အစေ့ခွံမာသော်လည်း မျိုးဆက်မှု ကောင်းမွန် သည့် အစေ့များ။ (ဥပမာ-ဘောစကိုင်း)

(၄) အစေ့ခွံထူထဲ၍ မျိုးဆက်မှုညံ့ဖျင်းသည့်အစေ့များ။(ဥပမာ-ကျွန်း)

ပျိုးဘောင် (သို့မဟုတ်) ပျိုးသေတ္တာများတွင် အပင်ပျိုးပြီး ပျိုးပင် ပေါက်များကို မြေဆွေးထည့်ထားသည့် ပလပ်စတစ်ပျိုးအိတ်များသို့ ပြောင်းရွှေ့ စိုက်ပျိုးခြင်းလုပ်ငန်းအတွက် သစ်မျိုးအလိုက် အချိန်ကာလ ကွဲပြားနိုင်ပါသည်။ ပျိုးအိတ်များတွင် ပျိုးထောင်ပြီး (၂၀)ရက်သားခန့် အကြာ(Curling operation) ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အရွယ် ညီညာမှုတွင်သာမက အမှန်တကယ် ပေါက်ရောက်ရှင်သန်သည့် ပျိုးပင် အရေအတွက်ကိုလည်း သိရှိနိုင် မည်ဖြစ်ပါသည်။ ပျိုးပင်များရှင်သန် ကြီးထွားမှုပေါ်မူတည်၍ အမြစ်ဖြတ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ တောင့်တင်းသန်မာသော ပျိုးပင်များ ထုတ်လုပ် ရရှိရေးအတွက် ပျိုးပင်များ စိုက်ကွက်ထဲသို့မစိုက်မီ (၁)လခန့်အလိုတွင် ပျိုးပင်များ ကြံ့ခိုင်ခြင်း(Hardening operation) လုပ်ငန်းဆောင်ရွက်ရန် လိုအပ် ပါသည်။ အပူပိုင်းဒေသတွင် တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းများမှာ ရာသီဥတု ပြောင်းလဲမှုဒဏ် မလွှဲမသ ွေတွေ့ကြုံရမည်ဖြစ်၍ ပျိုးပင်များ စိုက်ကွက်သို့ ရောက်ရှိချိန်တွင် ရာသီဥတုဒဏ်ခံနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။(Hardening operation)စတင်သည်နှင့်တပြိုင်နက် ရှေးဦးစွာ ရေလောင်းခြင်း လုပ်ငန်းအား နေ့စဉ်ရေလောင်းနေရာမှ တစ်ရက်ကျော် ရေလောင်းခြင်း၊ (၂)ပတ်ခန့်အကြာတွင် ပျိုးစင်အမိုးများ တဖြည်းဖြည်း ဖွင့်ပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးဖြင့် ပျိုးပင်များပင်စည် တောင့်တင်းသန်မာလာခြင်း၊ အရွက်များ အရောင်ရင့်လာခြင်းများ ဖြစ်ပေါ်လာပါမည်။ (Hardening operation) ပြုလုပ်ပြီးသော ပျိုးပင်များမှာ စိုက်ကွက်အတွင်းသို့ ပြောင်းရွှေ့စိုက်ပျိုး ရာတွင် သယ်ယူပို့ဆောင်မှုဒဏ် ခံနိုင်မှုရှိပြီး အောင်မြင်ရှင်သန်မှုကို ရရှိမည် ဖြစ်ပါသည်။

## ၁၀-၉။ စိုက်ပျိုးခြင်း

### ၁၀-၉-၁။ ပျိုးပင်များစိုက်ကွက်သို့သယ်ယူခြင်း။

ယေဘူယျအားဖြင့် အနောက်တောင်မုတ်သုံလေသည် နှစ်စဉ်မေလ လယ်မှစ၍ မြန်မာနိုင်ငံတောင်ဖျားစွန်းဒေသများမှ စတင်ဝင်ရောက်လေ့ရှိပြီး မေလ တတိယပတ်တွင် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသသို့ ရောက်ရှိ၍ မိုးရွာသွန်း လေ့ရှိပါသည်။ အပူပိုင်းဒေသများတွင် အနောက်တောင်မုတ်သုံလေ သည် တစ်ခါတစ်ရံ ဇွန်လ လယ်(သို့မဟုတ်) ဇွန်လကုန်မှသာ စတင်ဝင်ရောက်၍ မိုးရွာသွန်းလေ့ ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရန်ပျိုးပင်များ မေလတွင် အသင့်ရှိနေရန် လိုအပ်ပြီး မိုးစတင်ရွာသွန်းသည်နှင့် တပြိုင်တည်း စိုက်ကွက်သို့ သယ်ယူ ရွှေ့ပြောင်းနိုင်ရေး ကြိုတင် စီစဉ်ထားရန် လိုအပ်ပါသည်။

တည်ထောင်စိုက်ပျိုးမည့် စိုက်ခင်းဧရိယာဧက များပြားပါက အပူ ပိုင်းဒေသ၏ မိုးရွာသွန်းမှုမှာ တိုတောင်းလေ့ရှိသဖြင့် လုံလောက်သည့် အစိုဓာတ် ရရှိသည်နှင့်တပြိုင်နက် စိုက်ပျိုးနိုင်ရန် မိုးမရွာသွန်းမီ ပျိုးပင်များအား စိုက်ကွက် အတွင်းသို့ ကြိုတင်စီစဉ်ပို့ဆောင်ထားနိုင်ရန် ဂရုပြုသင့်ပါသည်။ အကယ်၍ မိုးပြတ်တောင်း ကာလနှင့် ကြုံကြိုက်၍ ဆက်လက် စိုက်ပျိုးနိုင်ခြင်း မရှိခဲ့ပါက ရေလောင်းထားပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားထားရမည် ဖြစ်ပါသည်။ ကားလမ်းမပေါက်သည့် နေရာများတွင် လှည်းဖြင့်သယ်ယူနိုင်ရေးအတွက် မြေပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ချိန် ကာလကပင် လှည်းလမ်း၊ ကားလမ်းကျရောက် သည့်နေရာတလျှောက် မြေကျင်းတူးခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ရန်လည်း အထူးလိုအပ်ပါသည်။ စိုက်ကွက်အတွင်း ကြိုတင်ပို့ဆောင်ထား သည့် ပျိုးပင်များ၊ ကျွဲ၊ နွားတိရစ္ဆာန် စားကျက်ဒဏ်မခံရရေးလည်း ကြိုတင်၍ အကာအကွယ်အစီအမံများ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ ပျိုးပင်များ စိုက်ကွက်သို့ သည်ယူလာသည့်အခါ ကြိုတင်၍ ရေလုံလောက်စွာ လောင်းပေးနိုင်ရန် လိုအပ်ပါသည်။ စိုက်ကွက်သို့ရောက်ရှိ၍ မစိုက်ပျိုးနိုင်မီ အတောအတွင်း အထိုက်အလျှောက်ရေငတ်သည့် ဒဏ်ကို ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။ သေးငယ်သည့်အပင်များအား မိုးကာ စသည့် အကာအရံဖြင့် သယ်ယူသင့်ပါသည်။ ကုန်ကျစရိတ်သက်သာမှုကို ငဲ့ညှာ၍ ပျိုးပင် သယ်ယူသည့်အခါ ယာဉ်ပေါ်တွင် ပျိုး(၂)ထပ်၊ (၃)ထပ်ဆင့်၍ သယ်ယူခြင်း မပြုသင့်ပါ။ ဤကဲ့သို့ သယ်ယူခြင်းသည် ပျိုးပင်များကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ပျိုးပင်များ သယ်ယူရာတွင်၊ ပျိုးသေတ္တာများ အသုံးပြုပြီး သယ်ယူပါက ပျိုးပင်ထိခိုက်ပျက်စီးမှု နည်းမည်ဖြစ်သော်လည်း ငွေကုန်ကြေးကျများသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ လက်တွေ့ ဆောင်ရွက်ရာတွင် စဉ်းစားဆောင်ရွက်သင့်ပါသည်။

ပျိုးပင်များသယ်ယူခြင်းလုပ်ငန်းအား မိုးရွာသွန်းနေသည့် နေ့ရက်များမဟုတ်ပါက မနက်စောစောပိုင်းနှင့် ညနေပိုင်းများတွင် အားစိုက်၍ သယ်ယူပေးသင့်ပါသည်။

## ၁၀-၉-၂။ ပျိုးအိတ်ဖြင့်စိုက်ပျိုးခြင်း

မိုး(၂)ကြိမ် (၃)ကြိမ်ခန့်ကောင်းစွာရွာသွန်းပြီး မြေအောက်သို့အစိုဓာတ်စိမ့်ဝင်မှုအနေဖြင့် သာမန်မြေတွင် (၄"-၆")ခန့် ထွန်ယက်ထားသည့်မြေတွင် (၆"-၈")ခန့် အစိုဓာတ်ရရှိပြီးဆိုပါက စတင်စိုက်ပျိုးနိုင်သည့် အခြေအနေသို့ ရောက်ရှိသည်ဟု ခန့်မှန်းနိုင်ပါသည်။ လုံလောက်သည့် အစိုဓာတ်ရရှိအောင် မိုးရွာသွန်းခြင်းစပြီး ရက်သတ္တ(၁)ပါတ်ခန့်အတွင်း စိုက်ပျိုးခြင်းလုပ်ငန်း အပြီးသတ်အောင်ဆောင်ရွက်သင့်ပါသည်။ ပျိုးအိတ်ဖြင့်စိုက်ပျိုးခြင်းလုပ်ငန်းတွင် ပျိုးအိတ်အတွင်းတွင် ရေလုံလောက်စွာပါသွားသည့်အပြင် တူးဖော်/ထွက်ယက်ထားသည့် မြေတွင်လည်း လုံလောက်သည့်အစိုဓာတ် ရရှိပြီးဖြစ်သည့်အတွက် အနည်းဆုံး ရက်သတ္တ(၂)ပါတ်ခန့် မိုးရွာသွန်းမှု ပြတ်တောက်သွားသော်လည်း အပင်ရှင်သန်မှုအတွက် ထိခိုက်နှောင့်ယှက်မှု မရှိကြောင်း တွေ့ရှိရပါသည်။

ပျိုးအိတ်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်း စတင်မဆောင်ရွက်မီ ကျွမ်းကျင်ဝန်ထမ်းများမှ စိုက်ပျိုးမည့်လုပ်သားများအား စုစည်းခေါ်ယူ၍ သရုပ်ပြစိုက်ပျိုးပေးရန် မဖြစ်မနေလိုအပ်ပါသည်။ ပလပ်စတစ်အိတ်မခွာပဲ မစိုက်ပျိုးရန် ပလပ်စတစ်အိတ်ခွာယူသည့်အခါ မြေလုံးမကွဲရန် သရုပ်ပြသင်ကြားလေ့ကျင့်ပေးရန်လိုအပ်ပါသည်။

မည်သို့ပင် သရုပ်ပြလေ့ကျင့်ထားသော်လည်း ပျိုးအိတ်မှပလပ်စတစ်အား မခွာပဲစိုက်ပျိုးထားခြင်းရှိ/မရှိ၊ ပျိုးပင်များအား တည့်မတ်စွာစိုက်ပျိုးထားခြင်းရှိ/မရှိ၊ စိုက်ပျိုးပင်၏ အပင်ခြေရင်းရှိမြေအား(compact)ဖြစ်ရန် ဖိသိပ်ပေးထားခြင်းရှိ/မရှိစသည်တို့ကို ဝန်ထမ်းနှင့်ရိုးသားနာခံတတ်သည့် လုပ်သားများဦးဆောင်လျက် ထက်ကြပ်မကွာ လိုက်လံစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ သေပင်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်ရန် နည်းပါးပြီး အောင်မြင်သောစိုက်ခင်းတစ်ခု တည်ထောင်နိုင်မည်ဖြစ်ပါသည်။

မိုးရွာသွန်းမှု (၃)ရက်(၄)ရက်ခန့် ပြတ်တောက်သွားပါက သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းအား ခေတ္တရပ်နားထားသင့်ပါသည်။ မိုးပြန်လည်ရွာသွန်းသည်နှင့် လုံလောက်သည့် လုပ်သားရယူစေလျက် ဆက်လက်စိုက်ပျိုးရန် စည်းရုံးဆောင်ရွက်ရန် လိုအပ်ပါသည်။

စိုက်ကွက်တွင် တာဝန်ချထားသည့် ဝန်ထမ်းများမှာလည်း မိုးလေဝသအခြေအနေ သတင်းအရပ်ရပ်အား စဉ်ဆက်မပြတ်အကဲခတ်လျက် ဆုံးဖြတ်တတ်ရန်အထူးလိုအပ်ပါသည်။ အပူပိုင်းဒေသသည် မိုးရွာသွန်းမှုလွန်စွာ နည်းပါးသဖြင့် မိုးဦးကာလ ပထမဆုံးရွာသွန်းသည့်မိုးရေမှ အစိုဓာတ်ရရှိနိုင်မည့် အခွင့်အရေးအား လက်လွှတ်ဆုံးရှုံးမခံပဲ အချိန်တိုတိုအတွင်း စိုက်ပျိုးပြီးစီးရန် အထူးသတိပြုသင့်ပါသည်။

## ၁၀-၉-၃။ သစ်စေ့တိုက်ရိုက်စိုက်ပျိုးခြင်း။

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် မိုးရွာသွန်းမှုနည်းပါးခြင်း၊ မိုးပြတ်တောက်ကာလ ကြာမြင့်တတ်ခြင်းတို့အတွက် အစေ့ချတိုက်ရိုက်စိုက်ပျိုးခြင်း နည်းစနစ်အား အသုံးမပြုထိုက်သော နည်းစနစ်တခု ဖြစ်ပါသည်။ သို့ရာတွင် ကုန်ကျစရိတ်လွန်စွာနည်းပါးခြင်း၊ အုပ်ချုပ်မှုလွယ်ကူခြင်း၊ အချိန်တိုတိုအတွင်း ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများအရ စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးနိုင်ပါသည်။ ပျိုးအိတ်ဖြင့် စိုက်သော မြေကျင်းများတွင် စိုက်ပျိုးမည့် ပျိုးပင်များ အကြောင်းကြောင်းကြောင့် သေကြေပျက်စီးပါက အစားထိုးအပင် ရရှိစေရေးအတွက် ပျိုးအိတ်စိုက်သည့်အခါ မြေကျင်းများ၏ ဒေါင့်များတွင် ရှား၊ ဘောစကိုင်းစေ့ ကဲ့သို့သော သစ်စေ့များ ထည့်သွင်းစိုက်ပျိုးခြင်းကို ပူးတွဲဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် အစောဆုံး ရွာသွန်းသည့်မိုးရေကို အမိအရဖမ်းယူ စိုက်ပျိုးသွားရန် လိုအပ်ပါသည်။ အစေ့မှ ပေါက်လာသည့် အပင်ငယ်များအတွက် မိုးပြတ်တောင်း ကာလတွင် ပြန်လည်သေကြေတတ်ခြင်း၊ အပင်ပေါက်လာသော်လည်း မြေစေးတတ်သည့် စိုက်ကွက်မြေများတွင် ရေဝပ်ပြီး သေဆုံးတတ်ခြင်းတို့ကြောင့် သစ်စေ့တိုက်ရိုက် ပျိုးမည်ဆိုပါက အထူးဂရုစိုက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၁၀-၉-၄။ သေပင်ဖာထေးခြင်း။

သေပင်ဖာထေးခြင်းလုပ်ငန်းမှာ စိုက်ပျိုးပြီးနောက် အနာအဆာဖြစ်သွားသည့်အပင်များ လုံးဝသေကြေပျက်စီးသွားသည့် အပင်များနေရာတွင် ထပ်မံဖြည့်စွက်စိုက်ပျိုးသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ စိုက်ပျိုးပြီး(၃)ပတ် (၄)ပတ်ခန့်ကြာပြီဆိုပါက သေဆုံးသွားသည့် အပင်များမှာ အရွက်များခြောက်သွားခြင်း၊ ရှင်သန်မည့်အပင်များမှာလည်း ရွက်နုများ စတင်ထွက်လာခြင်း စသည်တို့ကို လွယ်ကူစွာခွဲခြား သိမြင်နိုင်သည့်ကာလဖြစ်၍ ၎င်းအချိန်တွင် စတင်ဆောင်ရွက် သင့်ပါသည်။ သစ်ပင် စိုက်ပျိုးခြင်းကဲ့သို့ပင် မိုးရွာရက်များ အတွင်း ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ စိုက်ပျိုးပြီး စိုက်ခင်းအား

ဝန်ထမ်းနှင့်လုပ်သား ပူးတွဲလျက် စနစ်တကျ လိုက်လံစစ်ဆေး၍ သေပင်တွေ့ရှိရသည့် ကျင်း/ထွန် ယက်နေရာများရှိ ဝါးပန္နက်များတွင် အမှတ်အသားများပြုလုပ်မှတ်သားပေးခြင်း အားဖြင့် သေပင်ဖာထေးသည့်ဝန်ထမ်းနှင့်လုပ်သားများအတွက် သေပင်ရှိသော ကျင်းအား လွယ်ကူစွာ တွေ့မြင်ဖာထေးနိုင်မည်ဖြစ်ပါသည်။ သေပင်ဖာထေးခြင်း လုပ်ငန်းသည် စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ထပ်တူအရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်၍ စနစ်တကျ ဖာထေးသွားရန်အထူးလိုအပ်ပါသည်။ သေပင်ဖာထေးခြင်း လုပ်ငန်းအား စိုက်ပျိုးသည့်နှစ်အတွင်း ပြည့်စုံစွာ ဆောင်ရွက်သွားသင့်ပါသည်။ စိုက်ပျိုးပြီး နောက်နှစ်များသို့ ရောက်ရှိမှ ဖာထေးမည်ဆိုပါက ငွေကြေးကိစ္စ၊ ပေါင်းပင်ထူထပ်လာခြင်းကိစ္စ၊ စိုက်ကွက်နှင့် ပျိုးဥယျာဉ် ဝေးကွာသွား၍ ပျိုးပင် သယ်ယူရန်ခက်ခဲခြင်း၊ အုပ်ချုပ်မှုခက်ခဲခြင်း စသည်တို့ကြောင့် အခက်အခဲများ တွေ့ကြုံစေနိုင်ပါသည်။

## ၁၀-၁၀။ စိုက်ပင်များအား ပြုစုထိန်းသိမ်းပေးခြင်း

### ၁၀-၁၀-၁။ မြေဆွပေးခြင်း

မြေဆီလွှာ အစိုဓာတ်ထိန်းသိမ်းရန်နှင့် အမြစ်ထိုးဖောက်မှု အားကောင်းစေရန် လုပ်ဆောင်ပေးသင့်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ အပူပိုင်းဒေသသစ်တောစိုက်ခင်းများတွင် ပေါင်းပင်များ စိုက်ပင်နှင့်အပြိုင် ပေါက်ရောက် ဖုံးလွှမ်းမှုအခြေအနေမှာ မရှိသလောက် ဖြစ်၍ ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်း အစား မြေဆွပေးခြင်းလုပ်ငန်းကိုသာ ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ပထမအကြိမ် မြေဆွခြင်းအား မိုးပြတ်တောက်သည့် ခြောက်သွေ့ရာသီဖြစ်သော ဩဂုတ်လအကုန်တွင် ဆောင်ရွက်ပေးခြင်းဖြင့် ပြန်လည်ရွာသွန်းသည့်မိုးရေကို ကောင်းစွာ ရရှိစေပြီး အပင်၏ကြီးထွားမှုကို အထောက်အကူရရှိနိုင်ပါသည်။ ဒုတိယအကြိမ်မြေဆွခြင်းအား အောက်တိုဘာလ (သို့) နိုဝင်ဘာလလယ်တွင် ဆောင်ရွက်ပေးခြင်းဖြင့် အပင်၏ ရေငွေ့ပျံမှုကို ထိန်းချုပ်ပေးနိုင်မည်ဖြစ်ပါသည်။ မြေဆွခြင်းလုပ်ငန်းမှာ မြေအောက်ရှိမြေဆီလွှာရေငွေ့ပျံမှုကို လျော့ကျစေနိုင်ပါသည်။

### ၁၀-၁၀-၂။ ရေလောင်းပေးခြင်း။

ယေဘူယျအားဖြင့်အပင်အရေအတွက် ပမာဏများပြားစွာ တည်ထောင်စိုက်ပျိုးမည့်သစ်တောစိုက်ခင်းများတွင် ရေလောင်းပေးခြင်းလုပ်ငန်းဆောင်ရွက်ရန်

လွန်စွာခက်ခဲမည် ဖြစ်ပါသည်။ ရေလုံလောက်စွာ ရရှိနိုင်မှု ရေသယ်ရန်ခက်ခဲမှု ရှိသည့်အပြင် ရေလောင်းလုပ်သားများအတွက် ကုန်ကျစရိတ်များစွာ လိုအပ်လာမည် ဖြစ်ပါသည်။ သို့ရာတွင် အထူးလုပ်ငန်းအဖြစ် ဆောင်ရွက်ရသည့် စိုက်ခင်းလုပ်ငန်း အချို့တွင်မူ မဖြစ်မနေ ရေးလောင်းပေးရန် လိုအပ်ပါသည်။

## ၁၀-၁၀-၃။ မြေဩဇာကျွေးခြင်း

စိုက်ခင်းဧရိယာဧကေ ပမာဏများစွာ တည်ထောင်စိုက်ပျိုးကြရာတွင် မြေဩဇာ ကျွေးခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်ခြင်း နည်းပါးပါသည်။ အပေါ်ယံ မြေဆီလွှာ အော်ဂဲနစ် ပစ္စည်းများ မြေချဉ်ငံဓါတ်၊ မြေဆီလွှာအဟာရ ဓါတ်စသည် များ ပုံမှန်ရှိသည့် နေရာများတွင် မြေဩဇာကျွေးခြင်းလုပ်ငန်း အထူး ဆောင်ရွက်ရန် မလိုအပ်သော်လည်း အပူပိုင်းဒေသ သစ်တောစိုက်ခင်း တည်ထောင်သည့် မြေနေရာ များမှာ များသောအားဖြင့် မြေဆီလွှာ ညံ့ဖျင်း၍ မြေဆီလွှာ အဟာရဓါတ်များ (N;P;K)မှာလည်း များစွာ လျော့နည်းနေတတ်သဖြင့် ရန်ပုံငွေရှိပါက ဆောင်ရွက် သင့်သော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

### ၁၀-၁၀-၃-၁။ ဓါတ်မြေဩဇာ

အပင်အစိတ်အပိုင်းများ ကြီးထွားနှုန်း ကောင်းမွန်ရန် ယူရီးယား (Urea)၊ပိုတက်(Potash)နှင့် ဖော့စဖရပ်(Phosphrous)အားလုံး ပါဝင်သည့် ဘက်စုံမြေဩဇာများကို သုံးစွဲနိုင်ပါသည်။ သို့ရာတွင် သုံးစွဲနည်းစနစ် မှန်ကန်စေရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများဖြင့်သာ ဆောင်ရွက် သင့်ပါသည်။ မြေဆီလွှာ လွန်စွာညံ့ဖျင်းသည့် စိုက်ခင်းများတွင် ထည့်သွင်း အသုံးပြုသင့်ပါသည်။

### ၁၀-၁၀-၃-၂။ သဘာဝမြေဩဇာ

နွားချေးများ၊ သစ်ရွက်ဆွေးမြေများ၊ အမှိုက်သရိုက်စွန့်ပစ် ပစ္စည်းများအား အသုံးပြုလျက် သဘာဝမြေဩဇာကျင်းများ ပြုလုပ်သုံးစွဲ နိုင်ပါသည်။ ငွေကုန်ကြေးကျ သက်သာ၍ ဆောင်ရွက်သင့်သည့် လုပ်ငန်း တစ်ခုဖြစ်ပါသည်။

### ၁၀-၁၀-၄။ ပေါင်းသင်ရှင်းလင်းခြင်း

#### ၁၀-၁၀-၄-၁။ စိုက်ခင်းအမျိုးအစားအလိုက် ဆောင်ရွက်မည့် အကြိမ်

အပူပိုင်းဒေသတွင် တည်ထောင် စိုက်ပျိုးမည့် သစ်တောစိုက်ခင်းများအတွက် ပေါင်းသင်ရှင်းလင်းခြင်း လုပ်ငန်းအား စိုက်ခင်းတည်ထောင်စိုက်ပျိုးသည့် ပထမနှစ်တွင် (၂)ကြိမ်၊ တည်ထောင်ပြီး ဒုတိယနှစ်တွင် (၂)ကြိမ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

#### ၁၀-၁၀-၄-၂။ ဆောင်ရွက်မည့်နည်းစနစ်

အပူပိုင်းဒေသတွင် တည်ထောင်စိုက်ပျိုးမည့် သစ်တောစိုက်ခင်းများတွင် သာမန်အားဖြင့် ပေါင်းပင်များသည် စိုက်ပျိုးအပင်နှင့် အပြိုင်လွှမ်းမိုးဖုံးအုပ်သွားအောင် ပေါက်ရောက်နိုင်မှု နည်းပါးသည့်အတွက် မြေဆွခြင်း (Soil Woring)နှင့် ပူးတွဲဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဩဂုတ်လတွင် ပထမအကြိမ်၊ အောက်တိုဘာလ (သို့မဟုတ်) နိုဝင်ဘာလ လယ်ခန့်တွင် ဒုတိယအကြိမ် ဆောင်ရွက်သင့်ပါသည်။ အပင်ခြေပတ်လည်တွင် ပေါင်းသင်မြေဆွခြင်း (Weeding and soil working) ပြုလုပ်ပြီးနောက် ရရှိသည့် ပေါင်းမြက်များအား စိုက်ပင်ခြေရင်းတွင် စုပုံပေးခြင်းဖြင့် ရေငွေ့ပျံဆုံးရှုံးမှုကို လျော့နည်းသက်သာစေမည် ဖြစ်ပါသည်။

### ၁၀-၁၁။ ပြည်သူလူထုပူးပေါင်းဆောင်ရွက်ခြင်း

သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းတွင် လုပ်ငန်းအဆင့်ဆင့် များပြားသည်နှင့်အမျှ တစ်နှစ်ပတ်လုံး အချိန်ကိုက် ဆောင်ရွက်ရသော လုပ်ငန်းရပ်မျိုးဖြစ်ပါသည်။ လုပ်ငန်းတိုင်း အချိန်မီအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါအတိုင်း လုပ်ငန်းအချိန်ဇယားရေးဆွဲ၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

## သစ်တောစိုက်ခင်းလုပ်ငန်း အချိန်ဇယား

| စဉ် | လုပ်ငန်းအမျိုးအမည် | ဆောင်ရွက်ရမည့်ကာလ |
|---|---|---|
| ၁ | စိုက်ခင်းမြေနေရာသတ်မှတ်တိုင်းတာခြင်း | စက်တင်ဘာ၊ အောက်တိုဘာ |
| ၂ | ပန္နက်စုဆောင်းခြင်း | စက်တင်ဘာ၊ အောက်တိုဘာ |
| ၃ | ပန္နက်ရိုက်ခြင်း | အောက်တိုဘာ၊ နိုဝင်ဘာ |
| ၄ | ကျင်းတူးခြင်း၊ ထွန်ယက်ခြင်း | နိုဝင်ဘာလမှ ဖေဖော်ဝါရီလ |
| ၅ | ကျင်းဖို့ခြင်း | မတ်လ |
| ၆ | စိုက်ပျိုးခြင်း | မေလ၊ ဇွန်လ |
| ၇ | သေပင်ဖာထေးခြင်း | ဇူလိုင်လ |
| ၈ | မြေဆွပေါင်းရှင်းခြင်း | ဩဂုတ်လနှင့် အောက်တိုဘာလ |
| ၉ | ရှင်ပင်ရေတွက်ခြင်း | ဒီဇင်ဘာလနှင့် မေလ |
| ၁၀ | မီးတားလမ်းဖေါက်ခြင်း | ဇန္နဝါရီလ |
| ၁၁ | မီးကာကွယ်ခြင်း | ဖေဖော်ဝါရီလမှမေလအထိ |

သစ်တောစိုက်ခင်း လုပ်ငန်းများအား အချိန်မီပြီးစီးနိုင်ရေးအတွက် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

လုပ်သားအခက်အခဲများမရှိစေရန် ရာသီဥတုအလိုက် ဆောင်ရွက်ရသော လုပ်ငန်းများတွင် ဒေသခံလူထုမှ စိတ်ဝင်စားတက်ကြွစွာ ဆက်သွယ်ပါဝင်လာရေးကို ကြိုတင်စည်းရုံး ညှိနှိုင်းထားရန် လိုအပ်ပါသည်။

### ၁၀-၁၁-၁။ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း

သစ်တောစိုက်ခင်းတည်ထောင် စိုက်ပျိုးခြင်းလုပ်ငန်းတွင် မြေကျင်းတူးခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ မီးကာကွယ်ခြင်းစသည့် လုပ်ငန်းများအား လုပ်အားခဖြင့် ဆောင်ရွက်သည်ဖြစ်သော်လည်း လူထုပူးပေါင်းပါဝင်ခြင်း မရှိက ဆောင်ရွက်၍ မရနိုင်ပါ။ နယ်မြေဒေသ တိုးတက်ရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်အဖြစ် လူထုအတွင်း ကျယ်ပြန့်စွာ စိမ့်ဝင်လက်ခံလာစေရန် စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒေသအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းတွင် သစ်ပင်သစ်တောအား မိမိတို့ ပိုင်ဆိုင်ခွင့်ရမည် ဆိုသောအချက်အား ဒေသခံတို့မှ သဘောပေါက် လက်ခံလာစေရန် လိုအပ်ပါသည်။

### ၁၀-၁၁-၂။ စိုက်ခင်းထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း။

စိုက်ခင်းထိန်းသိမ်း ကာကွယ်ခြင်း လုပ်ငန်းတွင်လည်း ပြည်သူလူထု ပူးပေါင်း ဆောင်ရွက်မှုမှာ မဖြစ်မနေလိုအပ်ပါသည်။ သစ်တောသစ်ပင်တို့ ရှိခြင်း၏ အကျိုးကျေးဇူး၊ ဒေသအတွက် ထောက်ပံ့နိုင်မည့် အနေအထား စသည့် အချက်အလက်များအား ပြည်သူလူထု သဘောပေါက် လက်ခံလာစေရန် သစ်တောဝန်ထမ်းများမှ စည်းရုံးဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဧရိယာဧက များပြားစွာ တည်ထောင်စိုက်ပျိုး မည့် သစ်တောစိုက်ခင်းများမှာ ဝန်ထမ်းအင်အား တစ်ခုတည်းဖြင့် ထိန်းသိမ်းကာကွယ် နိုင်စွမ်း မရှိသည့်အတွက် ပြည်သူလူထု လက်တွဲပါဝင်လာစေရန် အထူးအလေးပေး ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

## ၁၀-၁၂။ စိုက်ခင်းလုပ်ငန်းများအပေါ် သုံးသပ်ဆန်းစစ်ခြင်း

### ၁၀-၁၂-၁။ ရှင်ပင်ရေတွက်ခြင်း

သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှစ်၏ အဆုံးသတ်ကာလတွင် ရှင်ပင်ရေတွက်ခြင်းလုပ်ငန်း ဆောင်ရွက်လေ့ရှိပါသည်။ အဆိုပါလုပ်ငန်းမှာ တည်ထောင်ခဲ့သည့် စိုက်ခင်း၏ အောင်မြင်မှုအတွက် သုံးသပ်ဆန်းစစ်သည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

ရှင်ပင်ရေတွက်ခြင်းလုပ်ငန်းအား စေ့စပ်ကျွမ်းကျင်သောဝန်ထမ်းများဖြင့် စိုက်ခင်းဧရိယာတစ်ခုလုံး ခြုံငုံစစ်ဆေးရေတွက်ရန် လိုအပ်ပါသည်။ အောက်ခြေဝန်ထမ်း အဖွဲ့အစည်းများ၏ ကွင်းနင်းစစ်ဆေး ရေတွက်ထားသည့် မှတ်တမ်းအပေါ် အထက်ဌာနအဆင့်ဆင့်မှ ထပ်ဆင့်စစ်ဆေးအတည်ပြု ဆန်းစစ်သင့်ပါသည်။ ယေဘူယျအားဖြင့် စိုက်ပျိုးသည့်နှစ်၏ ဒီဇင်ဘာလတွင် ရေတွက်လေ့ရှိပါသည်။ ပိုမို သေချာစေရန် စိုက်ပျိုးပြီး နောက်နှစ်၏ မေလတွင် ထပ်မံရေတွက်၍ မှတ်တမ်းပြုစုသင့်ပါသည်။ စိုက်ပျိုးသည့်နှစ်ရှိ အပင်ငယ်များ စိုက်ပျိုးပြီးနောက်နှစ်၏ အပူပြင်းဆုံးကာလ (နွေရာသီ)အား ဖြတ်ကျော်ပြီး ဖြစ်သဖြင့် မေလတွင် စစ်ဆေးရေတွက် ရရှိသော ရှင်ပင် ရေတွက်ခြင်း မှတ်တမ်းများသည် ပိုမိုသေချာမည်ဖြစ်ပါသည်။ ဤကဲ့သို့ စစ်ဆေး ရေတွက်ခြင်းမှာ စိုက်ပျိုးပြီး နောက်နှစ် မိုးရာသီအတွင်း သေပင်ဖာထေးနိုင်ရန် အတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။

### ၁၀-၁၂-၂။ ပေါက်ရောက်မှု ကြီးထွားမှုကို တိုင်းတာခြင်း

ရှင်ပင်ရေတွက်ခြင်း လုပ်ငန်းကဲ့သို့ပင် အထူး အလေးအနက်ထား ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ကျွမ်းကျင် ဝန်ထမ်းများဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ တည်ထောင်ခဲ့သည့် စိုက်ခင်းဧရိယာ အတွင်း အပင်များ ရှင်သန် ပေါက်ရောက်မှုအား ကောင်း/သင့်/ညံ့ စံကွက်များ သတ်မှတ်လျက် အပင်အမြင့်၊ လုံးပတ်စသည်တို့ကို မှတ်တမ်းပြုစုထားသင့်ပါသည်။ နမူနာစံကွက်၏ အရွယ်အား အနည်းဆုံး(၀.၂၅)ဧက ရှိသင့်ပါသည်။ စိုက်ခင်းဧရိယာအတွင်း နမူနာကွက်များ သိသာ ထင်ရှားအောင် အမှတ်အသား နယ်နိမိတ်ပြုလုပ်ထားသင့်သကဲ့သို့ မှတ်တမ်းများလည်း စနစ်တကျ ရေးသွင်းသွားရန် လိုအပ်ပါသည်။ ပေါက်ရောက်ကြီးထွားခြင်း အတွက် စံကွက် တိုင်းတာခြင်းလုပ်ငန်းအား အနည်းဆုံး (၃)လလျှင်တစ်ကြိမ် ဆောင်ရွက်သင့် ပါသည်။

ဤလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် နေရာဒေသနှင့် သင့်လျော်မည့် သစ်မျိုး များကို ရွေးချယ်ရာတွင် များစွာ အကျိုးသက်ရောက်စေမည် ဖြစ်ပါသည်။

## ၁၁။ တည်ထောင်ပြီးစိုက်ခင်းများအား စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း

### ၁၁-၁။ ပြုစုထိန်းသိမ်းကာကွယ်ခြင်း

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းတည်ထောင် ရာတွင် အောင်မြင်သော သစ်တောစိုက်ခင်းများ ဖြစ်ပေါ်လာရေးအတွက် သစ်တောစိုက်ခင်းများ အား စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်း ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ် ပါသည်။

### ၁၁-၁-၁။ ရှင်းလင်းခြင်း၊ ကိုင်းတက်ချိုင်ခြင်း

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် သဘာဝတောများအား အပြောင်ရှင်းလင်းပြီး စိုက်ပျိုးသည့် စနစ်ဖြင့် ဆောင်ရွက်ခြင်း မပြုပဲ သဘာဝတောများ အတွင်းရှိ ကွက်လပ်နေရာများတွင် စိုက်ပျိုးသည့် စနစ်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ စိုက်ပျိုးပင်များနှင့် မူလ သဘာဝပေါက်ပင်များ ပိုမိုကောင်း မွန်စေရေးအတွက် မလိုလားအပ်သောအပင်များအား ရှင်းလင်းခြင်း၊ ကိုင်းတက်ချိုင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းများမှ ဒေသခံပြည်သူ များအတွက် ထင်းလောင်စာ ရရှိရေးကို အထောက်အကူ ပြုစေမည်ဖြစ်ပါသည်။

### ၁၁-၁-၂။ ပင်ကြပ်နှုတ်ခြင်း

အပူပိုင်းဒေသ သစ်တောစိုက်ခင်းများတွင် ယေဘုယျအားဖြင့် ပင်ကြပ်နှုတ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မလိုအပ်သော်လည်း အချို့စိုက်ခင်းများတွင် မူလစိုက်ပျိုးစဉ်က တစ်ပင်နှင့်တစ်ပင် နီးကပ်စွာ စိုက်ပျိုးခဲ့ခြင်းကြောင့် စိုက်ပျိုးပင်များ ဆက်လက်ကြီးထွားနိုင်စေရန်နှင့် မြေဆီလွှာ ရေတိုက်စားမှု မဖြစ်ပေါ်စေရန် အတွက် ချင့်ချိန်ဆောင်ရွက်သွားရပါမည်။

### ၁၁-၁-၃-။ မီးကာကွယ်ခြင်း

အပူပိုင်းဒေသသည် နွေရာသီတွင် လွန်စွာပူပြင်းခြောက်သွေ့၍ မိုးရာသီတွင်ပေါက်ခဲ့သည့် ပေါင်းမြက်များသည် မီးလောင်မှုကို အားပေးစေသည့် လောင်စာများအဖြစ် ပြောင်းလဲသွားလေ့ရှိသဖြင့် မီးကာကွယ်ခြင်းလုပ်ငန်းမှာ အထူးဂရုပြု ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ စိုက်ခင်းအပြင်ပတ်လည်တွင် ဒီဇင်ဘာလ နောက်ဆုံးပါတ် (သို့မဟုတ်) ဇန္နဝါရီလ ပထမပတ်ခန့်တွင် (Controlled burning) အဖြစ် မီးလှန်ခြင်း လုပ်ငန်းကို ကြိုတင် ဆောင်ရွက်ထားသင့်ပါသည်။ ဖေဖော်ဝါရီလ ရောက်ပြီဆိုပါက အပူချိန် မြင့်တက်လာလေ့ရှိ၍ (Controlled burning) မဆောင်ရွက်သင့်တော့ပါ။ (Controlled burning) ဆောင်ရွက်ရာတွင် ဝန်ထမ်းများဖြင့် စနစ်တကျ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

အပူပိုင်းဒေသ သစ်တောစိုက်ခင်းများသည် များသောအားဖြင့် ကားလမ်းဘေး ဝဲ/ယာတွင် တည်ရှိတတ်၍ ခရီးသွားများနှင့် စိုက်ခင်းပတ်ဝန်းကျင် ကျေးရွာများမှ ယုန်လိုက်၊ အမဲလိုက်ခြင်းများအတွက် မီးရှို့ခြင်းများမှာ စတင်၍ မီးကူးစက်လောင်ကျွမ်းတတ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ သစ်တောစိုက်ခင်းဧရိယာ တစ်ခုလုံးအား ခြံငုံ၍လည်းကောင်း၊ စိုက်ခင်းဧရိယာအတွင်း ကန့်လန့်ဖြတ်၍လည်းကောင်း၊ အပြင်မီးတားလမ်း၊ အတွင်းမီးတားလမ်းများ ဖောက်လုပ်ပေးရန် လိုအပ်ပါသည်။ မီးတားလမ်း၏ အကျယ်မှာ (၁၅)ပေရှိပါက လုံလောက်ပါသည်။ မီးတားလမ်းပေါ်တွင် သစ်ခက်သစ်ရွက်ခြောက်များ၊ အမှိုက်သရိုက်များ အစဉ်သဖြင့် မရှိစေရန် ဂရုပြုဆောင်ရွက်ပေးရပါမည်။ ဧရိယာဧက များပြား၍ တစ်ဆက်တစ်ဆပ်တည်း တည်ထောင်ထားရှိသော သစ်တောစိုက်ခင်းများတွင် ယေဘူယျအားဖြင့် ဧက(၅၀)လျှင် မီးစောင့်(၁)ဦး ခန့်ထားစောင့်ကြပ်ရန်ဖြစ်သော်လည်း စိုက်ခင်းများကို အကွက်ငယ်များစွာဖြင့် တည်ထောင်ထားပါက ဧက (၅၀)လျှင် မီးစောင့်(၂)ဦးခန့် ခန့်ထားစောင့်ကြပ်ရန် လိုအပ်ပါသည်။ မီးစောင့်လုပ်ငန်း အား ဇန္နဝါရီလမှ မိုးစတင်ရွာသွန်းသည့် မေလနောက်ဆုံးပတ်အထိ ခန့်ထားသင့်ပါသည်။

မီးစောင့်များအား နေ့ရောညပါ (၂၄)နာရီ တာဝန်ပေး စောင့်ကြပ်ရန် လိုအပ်ပါသည်။ ဝန်ထမ်းများမှာလည်း မီးကာကွယ်သည့် ရာသီတွင် အချိန်ပြည့် စောင့်ကြပ်လျက် အလှည့်ကျ ကင်းလှည့်စနစ် ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ပါသည်။ မီးစောင့်များအား စုစည်းလျက် မီးကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် မီးလောင်ပါက အချက်ပေး ဆက်သွယ်ပြီး ပူးပေါင်းငြိမ်းသတ်ရေးတို့အတွက် အထူးလေ့ကျင့်ပေးထားရန် လိုအပ်ပါသည်။ အပူပိုင်းဒေသသစ်တောစိုက်ခင်း နေရာများတွင် ရေတွင်း၊ ရေကန် နည်းပါးသည့်အတွက် မီးလောင်ပါက မီးငြိမ်းသတ်ရေးအတွက် မီးငြိမ်းသတ် ကိရိယာများကို ပြည့်စုံစွာ ပြင်ဆင်ထားပေးသင့်ပါသည်။

## ၁၁-၁-၄။ တိရစ္ဆာန်များဖျက်ဆီးခြင်းမှ ကာကွယ်ခြင်း

အပူပိုင်းဒေသ သစ်တောစိုက်ခင်တည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင်စိုက်ပျိုးသည့် သစ်မျိုးလိုက်၍ တိရစ္ဆာန်များဖျက်ဆီးမှုမှ ကာကွယ်ပေးရန် လိုအပ်ပါသည်။ ဘောစကိုင်း၊ မယ်ဇလီ၊ ကုက္ကို စသည့်သစ်မျိုးများမှာ ကျွဲ၊ နွား၊ ဆိတ်တိရစ္ဆာန်များ ဖျက်ဆီးမှုဒဏ် ခံရလေ့ရှိပါသည်။ အပူပိုင်းဒေသများတွင် အထူးသဖြင့် ဆိတ်မွေးမြူလေ့ရှိသဖြင့် ဆိတ်စားကျက်မှ ကာကွယ်ထားရှိရန် အထူးလိုအပ်ပါသည်။

## ၁၁-၁-၅။ ပိုးမွှားရောဂါအန္တရာယ်မှ ကာကွယ်ခြင်း

အပူပိုင်းဒေသအတွင်း တည်ထောင်သည့် သစ်တောစိုက်ခင်းများတွင် အမြစ်အား ခြကိုက် ဖျက်ဆီးခြင်းကိုလည်းကောင်း၊ ရွက်နုများအား ယုန်ကိုက်ဖျက်ဆီးလေ့ရှိသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ ရွက်နု(New shoot) ဖျက်ဆီးမှုခံရခြင်းသည် အပင်သေကြေအောင် အဟန့်အတားမဖြစ်သော်လည်း အမြစ်(Tap root) ဖျက်ဆီးခံရခြင်းသည် အပင်ကို သေကြေနိုင်သဖြင့် ခြပေါသည့်ဒေသတွင်တည်ထောင်သည့် စိုက်ခင်းများ၌ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်း မဆောင်ရွက်မီ ချက်ကျင်းများအတွင်း အော်ဒရင်းမှုန့်ကဲ့သို့ သော ပိုးသတ်ဆေးတစ်ခုခုအား ဖြည့်သွင်းထားသင့်ပါသည်။

ပိုးမွှားနှင့်အပင်ရောဂါ ကျရောက်ခြင်းများအား စောင့်ကြည့်စစ်ဆေး၍ ဆေးဝါးပက်ဖြန်းပေးရန် လိုအပ်ပါသည်။ သစ်မျိုးတစ်မျိုးတည်းဖြင့် စိုက်ပျိုးတည်ထောင်ထားသည့် သစ်တောစိုက်ခင်းများတွင် သစ်မျိုးစုံရောနှောစိုက်ပျိုးသည့် သစ်တောစိုက်ခင်းများထက် ပိုးမွှားရောဂါ ကျရောက်မှု ကြုံတွေ့ရတတ်၍ သစ်မျိုးတစ်မျိုးတည်း တည်ထောင်စိုက်ပျိုးသည့် သစ်တော စိုက်ခင်းများတွင် ပိုမိုဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၁၁-၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖြစ် လွှဲပြောင်းပေးခြင်း

သစ်တောစိုက်ခင်းများကို သတ်မှတ်ထားသော ခုတ်ပတ်ရောက်သည်အထိ ပြုစုထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။ နိုင်ငံတော်မှ ငွေကြေးအမြောက်အများ မတည်ပြီး ဝန်ထမ်းများ၊လုပ်သားများ၏ လုပ်အားများဖြင့် စိုက်ပျိုးတည်ထောင်ထားသောသစ်တောစိုက်ခင်းများကို ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှု အထူးလိုအပ်ပါသည်။ တည်ထောင်ပြီး စိုက်ခင်းဧရိယာဧက များပြားလာသည်နှင့်အမျှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တစ်ခုတည်းမှ တာဝန်ယူ၍ စိုက်ခင်းဟောင်းများအား ပြုစုထိန်းသိမ်း ကာကွယ်ရန်မှာ အခက်အခဲများစွာ ရှိပါသည်။ သို့ဖြစ်၍ ဒေသခံပြည်သူများအား စည်းရုံး၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများအဖြစ် စိုက်ခင်းဟောင်းများအား သစ်တောဦးစီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လွှဲအပ်ပေးနိုင်ရေးကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ၁၁-၃။ ထုတ်ယူသုံးစွဲခြင်း

### ၁၁-၃-၁။ သက်ပတ်နှင့် ခုတ်လှဲခြင်းနည်းစနစ်သတ်မှတ်ပေးရန် လိုအပ်သော စိုက်ခင်းများ

အပူပိုင်းဒေသအတွင်း တည်ထောင်ပြီး သစ်တောစိုက်ခင်းများ အနက် စိုက်ပျိုးပြီး ထုတ်လုပ်သုံးစွဲရန် ရည်ရွယ်သည့် အောက်ဖော်ပြပါ စိုက်ခင်းအမျိုးအစားများကို စိုက်ခင်းများ၏ သက်ပတ်နှင့် ခုတ်လှဲခြင်း နည်းစနစ်များ သတ်မှတ်ပေး၍ ထုတ်ယူသုံးစွဲခွင့်ပြုရပါမည်။ ၎င်းစိုက်ခင်းအမျိုးအစားများမှာ ကျေးရွာသုံးစိုက်ခင်း အမျိုးအစားတွင် ပါဝင်သည့် -

(က) သာမန်ကျေးရွာသုံးစိုက်ခင်း

(ခ) သီးနှံသစ်တောရောနှောစိုက်ခင်း

(ဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတို့ဖြစ်ပါသည်။

စိုက်ခင်းများ၏ သက်ပတ်ကို သတ်မှတ်ရာတွင်လည်း ပုံသေသတ်မှတ်၍ ရမည်မဟုတ်ပဲ စိုက်ခင်းတစ်ခုချင်းအလိုက် ပေါက်ရောက်ကြီးထွားမှုအပေါ် မူတည်၍ သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါမည်။ ယေဘူယျအားဖြင့် အပူပိုင်းဒေသအတွင်း

စိုက်ပျိုးသော သစ်မျိုးများမှာ ယူကလစ် မယ်ဇလီ၊ ဘောစကိုင်း စသည့် အကြီးမြန် သစ်မျိုးများဖြစ်၍ စိုက်ခင်းများ၏ သက်ပတ်ကို (၅)နှစ် သတ်မှတ်လျှင် လုံလောက်မည် ဖြစ်ပါသည်။

**၁၁-၃-၂။ ထုတ်ယူခုတ်လှဲမည့်နည်းစနစ်များ**

အပူပိုင်းဒေသအတွင်း တည်ထောင်ပြီးဖြစ်သည့် ကျေးရွာသုံးစိုက်ခင်းများ အား ယေဘူယျအားဖြင့် အပြောင်ခုတ်လှဲခြင်းနည်းစနစ် (Clear felling system) ကို အသုံးမပြုပဲ ပျိုးပင်ချန်၍ ငုတ်တက်ချွန်စနစ် (Coppice with standard) နည်းစနစ်ဖြင့် ထုတ်ယူသုံးစွဲရပါမည်။ ၎င်းစနစ်ဖြင့် ခုတ်ယူသုံးစွဲပါက စိမ်းလန်းစိုပြည်ရေး အတွက် ထိခိုက်နိုင်လျှင် သစ်ပင်များကို ခုတ်လှဲခြင်းမပြုပဲ ခေါင်နှိမ်ခြင်း (Pollarding)၊ ကိုင်းချိုင်ခြင်း(Prunning) စနစ်များဖြင့် ထုတ်ယူသုံးစွဲရပါမည်။

## ၁၂။ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် ပံ့ပိုးမှုများ

**၁၂-၁။ ဝန်ထမ်းအင်အားလိုအပ်ချက်**

စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း၊ စိုက်ခင်းဟောင်းများထိန်းသိမ်းခြင်းလုပ်ငန်း နှင့် ပျိုးဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ခင်းဧက (၆၀၀)မှ (၁၀၀၀)ထိ နှစ်စဉ် တည်ထောင်မည့် မြို့နယ်တစ်မြို့နယ်တွင် အောက်ဖော်ပြပါအတိုင်း ဝန်ထမ်းအင်အား လိုအပ်မည် ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | အရေအတွက် |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ဒု-ဦးစီးမှူး | ၁၂၅၀-၂၅-၁၃၅ဝ/- | ၁ |
| ၂ | လက်ထောက်ဦးစီးမှူး | ၁၁၀၀-၂၅-၁၂၀ဝ/- | ၅ |
| ၃ | တောခေါင်း | ၉၅၀-၂၅-၁၀၅ဝ/- | ၁၀ |
| ၄ | ထွန်စက်မောင်း(၄) | ၉၅၀-၂၅-၁၀၅ဝ/- | ၁ |
| ၅ | တောကြပ် | ၈၀၀-၂၅-၉၀ဝ/- | ၄ |
| | | **စုစုပေါင်း** | **၂၁** |

## ၁၂-၂။ စိုက်ခင်းအဆောက်အဦး မတည်ဆောက်လုပ်ခြင်း

### ၁၂-၂-၁။ စိုက်ခင်းစခန်းများ

သစ်တောစိုက်ခင်းစခန်းများအား စိုက်ခင်းဧရိယာနှင့် အလှမ်းမဝေးသော နေရာများတွင် တည်ဆောက်ရန်ဖြစ်ပါသည်။ စိုက်ခင်းဝန်ထမ်းများ အချိန်ပြည့် အနီးကပ် ကြီးကြပ်နိုင်ရန်အတွက် စိုက်ခင်းစခန်းများအား မရှိမဖြစ်ဆောက်လုပ်ရန်လိုအပ်ပါသည်။ စိုက်ခင်းစခန်းတစ်ခုတွင် အောက်ဖော်ပြပါ အဆောက်အဦများ လိုအပ်မည်ဖြစ်ပါသည် -

| စဉ် | အဆောက်အဦးအမျိုးအစား | အရေအတွက် |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | ဝန်ထမ်းနေအိမ် | ၃ လုံး |
| ၂ | (၂)ခန်းတွဲတန်းလျား | ၂ လုံး |
| ၃ | ရှင်းလင်းဆောင် | ၁ လုံး |
| ၄ | ဂိုဒေါင် | ၁ လုံး |
| | **စုစုပေါင်း** | **၇ လုံး** |

### ၁၂-၂-၂။ သစ်တောလမ်းများ

သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စီမံ အုပ်ချုပ်မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများ အထောက်အကူဖြစ်စေရန် အတွက် သစ်တောလမ်းများ ဖောက်လုပ်ရန် လိုအပ်ပါသည်။

သစ်တောလမ်းများကို တစ်ရာသီသုံးမြေသားလမ်း၊ အကျယ်(၈)ပေဖြင့် ဖောက်လုပ်ရန် ဖြစ်ပါသည်။ စိုက်ခင်းဧက (၂၀၀)လျှင် တစ်မိုင်နှုန်းဖြင့် ဖောက်လုပ်ရန် လိုအပ်ပါသည်။

သစ်တောစိုက်ခင်း အတွင်း (၆)ပေအကျယ် စစ်ဆေးလမ်းများကို စိုက်ခင်း ဧက (၁၀၀)လျှင် တစ်မိုင်နှုန်းဖြင့် ဖောက်လုပ်ထားရန် လိုအပ်ပါသည်။ စိုက်ခင်း စစ်ဆေး လမ်းများ ဖောက်လုပ်ထားခြင်းဖြင့် မီးကာကွယ်ခြင်း လုပ်ငန်းတွင် စိုက်ခင်းအတွင်း မီးတားလမ်းများအဖြစ် အသုံးပြုနိုင်မည် ဖြစ်ပါသည်။

### ၁၂-၂-၃။ အမြဲတမ်းပျိုးဥယျာဉ်များ

အမြဲတမ်းပျိုးဥယျာဉ်များ တည်ဆောက်ထားခြင်းမှာ စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းအတွက် အထူးအရေးကြီးသော လုပ်ငန်းဖြစ်ပါသည်။ အမြဲတမ်းပျိုးဥယျာဉ်များကို တည်ဆောက်ရာတွင် ရေကောင်းရေသန့် လုံလောက်စွာ ရရှိမှု၊ လေဝင်လေထွက် ကောင်းမွန်မှု၊ မြေဆွေးနွားချေး လွယ်ကူစွာ ရရှိနိုင်မှု၊ စိုက်ခင်းများသို့ ပျိုးပင်များ လွယ်ကူစွာ သယ်ပို့ပေးနိုင်မှု စသည့် အချက်အလက်များကို မူတည်၍ တည်ဆောက်သွားရန် ဖြစ်ပါသည်။ တစ်မြို့နယ်လျှင် အမြဲတမ်းပျိုးဥယျာဉ် အနည်းဆုံး တစ်ခု ဆောက်လုပ်သင့်ပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လက်ရှိ အသုံးပြုနေသော အမြဲတမ်းပျိုးဥယျာဉ်များ၏ စာရင်းကို ပူးတွဲ(၈)ဖြင့် ဖော်ပြ ထားပါသည်။

### ၁၂-၃။ စက်ကိရိယာနှင့် ယာဉ်ယန္တရား

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် စိုက်ခင်းလုပ်ငန်းများ အချိန်မီ ပြီးစီးစေရေးအတွက် စက်ကိရိယာနှင့် ယာဉ်ယန္တရားများ အထူးလိုအပ်ပါသည်။ စိုက်ခင်းလုပ်ငန်းများနှင့် ပျိုးဥယျာဉ်လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများ သယ်ယူခြင်း၊ ဝန်ထမ်းများနှင့် လုပ်သားများအတွက် လိုအပ်သော ရိက္ခာ/ပစ္စည်းများ သယ်ယူခြင်း၊ စိုက်ခင်းလမ်းဖောက်လုပ်ခြင်းတို့တွင် ယာဉ်ယန္တရားများ ပြည့်စုံမှသာ လုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စက်ကိရိယာနှင့် ယာဉ်ယန္တရားများ အမြဲကောင်းမွန်ပြီး အသင့် အသုံးပြုနိုင်သော အခြေအနေမျိုး ရှိစေရန် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ စက်ကိရိယာများနှင့် ယာဉ်ယန္တရားများကို သုံးစွဲသည့်အခါတွင်လည်း စနစ်တကျ ကိုင်တွယ်မောင်းနှင်တတ်သူများကိုသာ တာဝန်ပေးအပ်သင့်ပါသည်။ နိုင်ငံတော်မှ တန်ဖိုးကြီးစွာ ရင်းနှီးထားရသော စက်ကိရိယာနှင့် ယာဉ်ယန္တရားများအား စနစ်တကျ အသုံးပြုပြီး လိုအပ်သောကြွခိုင်မှု ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းအတွက် ယာဉ်ယန္တရားများ လိုအပ်ချက်စာရင်းကို ပူးတွဲ(၉)ဖြင့်လည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ရှိအသုံးပြုနေသော ယာဉ်ယန္တရားစာရင်းကို ပူးတွဲ(၁၀)ဖြင့် ဖော်ပြထားပါသည်။

## ၁၂-၄။ လောင်စာဆီလိုအပ်ချက်

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် လုပ်ငန်းများ အချိန်မီ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ယာဉ်ယန္တရားများလိုအပ်သကဲ့သို့ ယာဉ်ယန္တရားများအား လုပ်ငန်းခွင်တွင် အချိန်မီအသုံးပြုနိုင်ရန် လိုအပ်သော လောင်စာဆီများ ရရှိရေးကိုလည်း ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ သစ်တောစိုက်ခင်း ဧရိယာဧက (၆၀၀)တည်ထောင်မည့် စိုက်ကွက်တစ်ကွက် အတွက် နှစ်စဉ် လိုအပ်သော လောင်စာဆီ(ဒီဇယ်) ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**"စိုက်ခင်းဧက(၆၀၀)အတွက် လိုအပ်သည့် လောင်စာဆီပမာဏ"**

| စဉ် | လုပ်ငန်းအမည် | လိုအပ်သောဒီဇယ်ဆီပမာဏ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁ | ပျိုးထောင်ခြင်း | ၃၆၀ ဂါလံ |
| ၂ | ပျိုးပင်သယ်ခြင်း | ၆၀၀ ဂါလံ |
| ၃ | စိုက်ခင်းလမ်းဖောက်လုပ်ခြင်း | ၂၅၀ ဂါလံ |
| ၄ | ရိက္ခာသယ်ခြင်း | ၃၆၀ ဂါလံ |
| ၅ | စိုက်ခင်းစခန်းရေပို့ခြင်းနှင့်လုပ်ငန်းသုံးပစ္စည်းသယ်ခြင်း | ၇၂၀ ဂါလံ |
| ၆ | လုပ်သားကြိုပို့ခြင်း | ၃၆၀ ဂါလံ |
| | **စုစုပေါင်း** | **၂၆၅၀ ဂါလံ** |

## ၁၂-၅။ လုပ်သားလိုအပ်ချက်

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စိုက်ခင်းအတွက် ပျိုးဥယျာဉ်လုပ်ငန်းများ၊ စိုက်ခင်းစိုက်ပျိုးရန် မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးသည့်လုပ်ငန်းများတွင် သာမက စိုက်ခင်းထိန်းသိမ်း ကာကွယ်သည့် လုပ်ငန်းများတွင်လည်း လုပ်သားများ လိုအပ်ပါသည်။

စိုက်ခင်းလုပ်ငန်းအဆင့်ဆင့်သည် သဘောသဘာဝကွာခြားသည့် နည်းတူ လုပ်ဆောင်ရသော ကာလအပိုင်းအခြားသည်လည်း တစ်သမတ်တည်း မဖြစ်ပါ။ လိုအပ်သော လုပ်သား အရေအတွက်လည်း ကွာခြားမှုရှိပါသည်။ စိုက်ခင်းဧက (၆၀၀) တည်ထောင်ရမည့် စိုက်ကွက်တစ်ခုအနေဖြင့် လုပ်သားလိုအပ်ချက်နှင့် ကာလအပိုင်းအခြားမှာ အောက်အတိုင်း ဖြစ်ပါသည် -

**"စိုက်ခင်းဧက (၆၀၀)အတွက် လိုအပ်သော လုပ်သားပမာဏ"**

| စဉ် | လုပ်ငန်းအမျိုးအမည် | လိုအပ်သောလုပ်သား အရေအတွက် | လိုအပ်သောအချိန်ကာလ |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| ၁ | ပျိုးထောင်ခြင်း | ၁၀-ဦး | ၁၂-လ |
| ၂ | မြေတိုင်းတာခြင်း/ပန္နက်ရိုက်ခြင်း | ၄၀-ဦး | ၁-လ |
| ၃ | ကျင်းတူးခြင်း | ၁၆၀-ဦး | ၃-လ |
| ၄ | ကျင်းဖို့ခြင်း | ၄၀-ဦး | ၁-လ |
| ၅ | ပျိုးပင်သယ်ခြင်း/စိုက်ပျိုးခြင်း | ၁၈၀-ဦး | ၁၀-ရက် |
| ၆ | သေပင်ဖာထေးခြင်း | ၁၂-ဦး | ၁၀-ရက် |
| ၇ | မြေဆွပေါင်းရှင်းခြင်း | ၆၀-ဦး | ၂-လ |
| ၈ | မီးကာကွယ်ခြင်း | | |
| | (က) မီးတားလမ်းဖောက်ခြင်း | ၁၆-ဦး | ၁၀-လ |
| | (ခ) မီးစောင့်ခြင်း | ၁၂-ဦး | ၄-လ |

စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ လိုအပ်သည့် လုပ်သားအရေအတွက်နှင့် ကာလအပိုင်းအခြားမှာ ကွဲပြားမှုရှိသဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးစေရန် လုပ်သားလိုအပ်ချက်ကို ကြိုတင်တွက်ချက်၍ စီစဉ်ထားရန် လိုအပ်ပါသည်။ လုပ်သားလိုအပ်ချက်ကို တွက်ချက်ခန့်မှန်းရာတွင်လည်း ကျေးရွာများ၏ သဘာဝအတိုင်း သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များ အခါကြီးရက်ကြီးများတွင် လုပ်သားများ အလုပ်နားတတ်သည့် အနေအထားကိုပါ ထည့်သွင်းစဉ်းစား ခန့်မှန်းကြရန် လိုအပ်ပါသည်။

## ၁၃။ အထွေထွေ

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင် ရေမြေတောတောင် သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ဒေသခံပြည်သူတို့၏ လူနေမှုဘဝတိုးတက် လာစေရန်အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း လုပ်ငန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သစ်တောစိုက်ခင်းများ အောင်မြင်စွာ တည်ထောင်နိုင်ရေးအတွက် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ လုပ်ငန်းအဆင့်တစ်ခု အချိန်မီ မပြီးစီးပါက ဆက်လက်လုပ်ဆောင်ရသည့် လုပ်ငန်းအဆင့်တိုင်း ခက်ခဲစွာ ဆောင်ရွက်ရပါသည်။ သို့ဖြစ်၍

စိုက်ခင်းတည်ထောင်ရန် မြေနေရာရွေးချယ်ခြင်း၊ သစ်မျိုးရွေးချယ်ခြင်းမှစ၍ စိုက်ခင်းများထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းများအထိ လုပ်ငန်းတိုင်း အောင်မြင်စေရေးအတွက် အထူးဝီရိယထား၍ စနစ်တကျ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ၁၄။ နိဂုံး

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအား စိမ်းလန်းစိုပြည် သာယာလှပစေရန်၊ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားထားဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ရာသီဥတု မျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်၏ လမ်းညွှန်ပံ့ပိုးမှုများ၊ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများ၊ အခြားသော ဌာနဆိုင်ရာများ၏ ကူညီဆောင်ရွက်မှုများ လိုအပ်မည်ဖြစ်ပါသည်။

အပူပိုင်းဒေသအတွင်း သစ်တောစိုက်ခင်းများ ထူထောင်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်ပံ့ပိုးမှုများ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများဖြင့် ဌာနဆိုင်ရာအသီးသီးမှကူညီဆောင်ရွက်ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ကြွစွာဆောင်ရွက်ခြင်းဖြင့် အပူပိုင်းဒေသသည် စိမ်းလန်းစိုပြည်လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို တိုးတက်လာစေမည့်အပြင် နောင်သားစဉ်မြေးဆက်အထိ အမွေကောင်းများ ပေးနိုင်မည်ဖြစ်ပါသည်။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## မြို့နယ်အလိုက် ကြိုးဝိုင်းဧရိယာ၊ ကြိုးပြင်ဧရိယာနှင့် အခြားစိုက်ပျိုးမြေအခြေအနေပြဇယား

**(ဇက)**

| စဉ် | တိုင်း | ခရိုင် | မြို့နယ် | ကြိုးဝိုင်း ဧရိယာ | ကြိုးပြင် ဧရိယာ | အခြား စိုက်ပျိုးမြေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁။ | စစ်ကိုင်း | မုံရွာ | မုံရွာ | - | ၄၁၅၅၃ | ၁၂၈၆၈၇ | ၁၇၀၂၄၀ |
| | | | ဘုတလင် | - | ၅၈၇၉၃ | ၂၀၆၄၄၀ | ၂၆၅၂၃၃ |
| | | | အရာတော် | - | ၇၅၇၈၁ | ၂၂၆၆၁၉ | ၃၀၂၄၀၀ |
| | | | ချောင်းဦး | - | ၁၃၄၀၀ | ၁၀၇၂၈၄ | ၁၂၀၆၈၄ |
| | | | ယင်းမာပင် | - | ၁၀၇၉၅၀ | ၁၂၄၁၁၁ | ၂၃၂၁၃၁ |
| | | | ဆားလင်းကြီး | - | ၅၁၄၂၇ | ၁၁၆၉၀၄ | ၁၆၈၃၃၁ |
| | | | ပုလဲ | ၁၄၇၉၃၇ | ၁၁၈၁၈၂ | ၁၂၆၁၇၉ | ၃၉၂၂၉၈ |
| | | ရွှေဘို | ခင်ဦး | ၉၂၃၅ | ၇၈၂၇၉ | ၁၆၉၀၁၂ | ၂၅၆၅၂၆ |
| | | | ဝက်လက် | - | ၅၅၅၃၉ | ၂၇၃၇၉၃ | ၃၂၉၃၃၂ |
| | | | ရေဦး | ၁၁၃၄၅၃ | ၁၂၈၆၈၄ | ၁၁၄၈၉၀ | ၃၅၇၀၂၇ |
| | | | ဒီပဲယင်း | ၂၁၆၃ | ၁၅၆၅၁၃ | ၁၆၈၉၀၇ | ၃၂၇၅၈၃ |
| | | | တန့်ဆည် | ၆၁၆၀၀ | ၂၁၈၁၈၃ | ၁၇၈၆၇၅ | ၄၅၈၄၅၈ |
| | | | ရွှေဘို | ၆၈၄၂ | ၅၈၄၉၆ | ၁၉၈၄၆၆ | ၂၆၃၈၀၄ |
| | | | ကန့်ဘလူ | ၃၇၈၂၁၆ | ၄၁၆၅၈၇ | ၂၄၁၈၄၇ | ၁၀၃၆၆၅၀ |
| | | စစ်ကိုင်း | စစ်ကိုင်း | - | ၄၁၀၃၂ | ၂၆၉၄၇၀ | ၃၁၀၅၀၂ |
| | | | မြင်းမူ | - | ၁၃၆၆၂ | ၁၇၇၉၉၂ | ၁၉၁၆၅၄ |
| | | | ငါန်းဇွန် | - | ၄၆၃၂၃ | ၁၈၁၅၁၁ | ၂၂၇၈၃၄ |
| | | | မြောင် | - | ၂၉၂၉ | ၁၀၈၅၃၉ | ၁၁၁၄၆၈ |
| | | **၃** | **၁၈** | **၇၁၉၄၄၆** | **၁၆၈၃၃၁၃** | **၃၁၁၉၃၉၆** | **၅၅၂၂၁၅၅** |
| ၂။ | မန္တလေး | မိတ္ထီလာ | မိတ္ထီလာ | ၁၇၆၀၈ | ၄၄၀၃၇ | ၂၄၂၅၈၉ | ၃၀၄၂၃၄ |
| | | | ဝမ်းတွင်း | ၄၂၂၇၁ | ၅၁၀၂၉ | ၂၅၄၅၉၅ | ၃၄၇၈၈၉ |
| | | | မလှိုင် | ၈၉၅၉ | ၆၈၅၇၀ | ၁၉၆၈၄၀ | ၂၇၄၃၆၉ |
| | | | သာစည် | ၂၀၈၀၅၈ | ၁၁၉၈၅၉ | ၁၇၆၁၅၁ | ၅၀၄၀၆၈ |
| | | ရမည်းသင်း | ပျော်ဘွယ် | ၃၈၄၀ | ၁၄၄၄၄၂ | ၂၆၀၃၂၃ | ၄၀၈၆၀၅ |
| | | | တပ်ကုန်း | ၃၆၃၂၄၂ | ၁၂၁၆၄၉ | ၁၅၃၀၅၈ | ၆၃၇၉၄၉ |
| | | | ရမည်းသင်း | ၄၄၉၀၆ | ၂၈၀၂၉၀ | ၂၁၄၂၉ | ၅၃၅၆၂၅ |
| | | မြင်းခြံ | မြင်းခြံ | - | ၄၁၁၆၅ | ၁၉၈၃၇၉ | ၂၃၉၅၄၄ |
| | | | တောင်သာ | ၁၁၀၃၁ | ၄၆၈၀၃ | ၂၆၆၇၇၉ | ၃၂၄၆၁၃ |
| | | | နွားထိုးကြီး | ၁၁၈၄ | ၅၃၅၀၈ | ၂၅၃၂၇၆ | ၃၀၇၉၆၈ |
| | | | ကျောက်ပန်းတောင်း | ၃၈၄၇၀ | ၁၄၄၁၀၄ | ၃၀၂၇၆၇ | ၄၈၅၃၄၁ |
| | | ညောင်ဦး | ညောင်ဦး | - | ၁၂၀၄၃၆ | ၂၄၆၁၂၇ | ၃၆၆၅၆၃ |

Source GIS. PSD. FD

**(ဇက)**

| စဉ် | တိုင်း | ခရိုင် | မြို့နယ် | ကြိုးဝိုင်း ဧရိယာ | ကြိုးပြင် ဧရိယာ | အခြား စိုက်ပျိုးမြေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | ကျောက်ဆည် | မြစ်သား | ၃၃၈၇၄ | ၄၅၂၂၄ | ၁၄၀၁၈၈ | ၂၁၉၂၈၆ |
| | | | တံတားဦး | - | ၃၂၇၃၅ | ၂၀၀၂၁၆ | ၂၃၂၉၅၁ |
| | | | ကျောက်ဆည် | ၂၅၅၉၇၂ | ၁၀၀၅၀၆ | ၁၀၇၇၀၀ | ၄၆၄၁၇၈ |
| | | ၅ | ၁၅ | **၁၀၂၉၄၁၅** | **၁၄၁၄၃၅၁** | **၃၂၀၉၄၁၇** | **၅၆၅၃၁၈၃** |
| ၃။ | မကွေး | မကွေး | မကွေး | - | ၂၀၅၀၅၄ | ၂၃၁၅၆၉ | ၄၃၆၆၂၃ |
| | | | ရေနံချောင်း | - | ၁၁၉၀၇၀ | ၁၂၉၈၆၁ | ၂၄၈၉၃၁ |
| | | | ချောက် | - | ၅၄၈၀၇ | ၁၉၀၂၀၆ | ၂၄၅၀၁၃ |
| | | | မြို့သစ် | ၁၄၅၀၈၄ | ၆၅၇၇၂ | ၁၈၁၂၆၀ | ၃၉၂၁၁၆ |
| | | | နတ်မောက် | ၄၄၈၂၅ | ၁၉၁၂၄၂ | ၃၃၄၅၅၈ | ၅၇၀၆၂၅ |
| | | | တောင်တွင်းကြီး | ၁၅၇၅၅၅ | ၁၄၀၅၅၀ | ၁၈၈၂၉၈ | ၄၈၆၄၀၃ |
| | | မင်းဘူး | မင်းဘူး | ၁၀၀၁၅၄ | ၁၅၁၇၃၂ | ၁၅၉၄၄၈ | ၄၁၁၃၃၄ |
| | | | စလင်း | ၉၉၂၀၂ | ၂၆၇၄၅၈ | ၂၀၄၉၅၀ | ၅၇၁၆၁၀ |
| | | | ပွင့်ဖြူ | ၆၃၇၀၂ | ၉၆၉၆၉ | ၁၄၀၇၉၅ | ၃၀၁၄၆၆ |
| | | | ငဖဲ | ၁၉၃၅၂၆ | ၁၀၆၃၆၅ | ၂၄၀၁၅ | ၃၂၃၉၀၆ |
| | | သရက် | သရက် | ၇၄၈၀ | ၂၃၁၅၄၆ | ၅၄၇၀၃ | ၂၉၃၇၂၉ |
| | | | မင်းလှ | ၂၀၆၈၉ | ၅၀၉၁၅၅ | ၅၆၁၃၂ | ၅၈၅၉၇၆ |
| | | | မင်းတုန်း | ၁၉၆၅၃၅ | ၄၀၂၅၆၀ | ၃၂၃၂၂ | ၆၃၁၄၁၇ |
| | | | ကံမ | ၆၈၅၉၄ | ၁၆၅၅၂၂ | ၅၀၈၆၂ | ၂၈၄၉၇၈ |
| | | | အောင်လံ | ၁၁၈၇၈၉ | ၄၃၅၈၇၈ | ၁၀၆၈၆၇ | ၆၆၁၅၃၄ |
| | | | ဆင်ပေါင်ဝဲ | ၄၀၈၄၆ | ၃၇၆၉၂၂ | ၈၈၆၉၃ | ၅၀၆၄၆၁ |
| | | ပခုက္ကူ | ပခုက္ကူ | - | ၁၀၈၂၅၆ | ၂၀၂၆၈၀ | ၃၁၀၉၃၆ |
| | | | ပေါက် | ၁၀၉၂၆၈ | ၃၈၆၄၀၂ | ၁၁၈၇၃၀ | ၆၁၄၄၀၀ |
| | | | မြိုင် | ၄၃၇၂ | ၁၉၇၃၇၉ | ၃၀၁၀၇၂ | ၅၀၂၈၂၃ |
| | | | ဆိပ်ဖြူ | ၇၀၈၁၉၃ | ၂၀၃၉၁၃ | ၁၀၁၇၀၅ | ၃၇၆၄၃၇ |
| | | | ရေစကြို | - | ၈၁၆၂၉ | ၁၆၅၂၄၁ | ၂၄၆၈၇၀ |
| | | ဂန့်ဂေါ | ဂန့်ဂေါ | ၃၀၃၆၁၉ | ၁၈၀၄၈၉ | ၁၂၄၇၅၁ | ၆၀၈၈၂၃ |
| | | | ထီးလင်း | ၇၆၃၈၀ | ၁၇၆၄၀၀ | ၇၆၈၂၀ | ၃၂၉၆၀၀ |
| | | | ဆော | ၂၀၇၁၇၉ | ၁၄၈၈၃၅ | ၈၄၀၉၆ | ၄၄၀၁၁၀ |
| | | ၅ | ၂၄ | **၂၀၂၈၆၁၈** | **၅၀၀၃၉၀၅** | **၃၃၄၉၅၉၈** | **၁၀၃၈၂၁၂၁** |
| **ပေါင်း** | ၃ | ၁၃ | ၅၇ | **၃၇၇၇၄၇၉** | **၈၁၀၁၅၆၉** | **၉၆၇၈၄၁၁** | **၂၁၅၅၇၄၅၉** |

Source GIS. PSD. FD

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
# မြေအသုံးချမှုနှင့်သစ်တောဖုံးလွှမ်းမှုအခြေအနေပြဇယား

(ဧက)

| စဉ် | ခရိုင် | တောကောင်း | တောညံ့ | တောင်ယာ | စိုက်ပျိုးမြေ | အခြားမြေ | ရေ | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ရွှေဘို | ၉၆၇၇၁၄ | ၃၀၀၆၆၈ | ၈၂၆၆၅ | ၁၆၀၄၈၈၀ | ၄၀၇၉၇ | ၃၂၆၅၅ | ၃၀၂၉၃၇၉ |
| | စစ်ကိုင်း | ၄၄၇၄ | ၁၉၂၂၀ | - | ၇၃၆၅၇၉ | ၂၈၄၄၇ | ၅၂၇၃၇ | ၈၄၁၄၅၇ |
| | မုံရွာ | ၁၆၉၀၇၈ | ၆၃၁၆၀ | ၆၅၁၉၅ | ၁၂၉၈၀၇၂ | ၄၁၇၉၂ | ၁၄၀၂၂ | ၁၆၅၁၃၁၉ |
| | **စစ်ကိုင်းတိုင်း** | **၁၁၄၁၂၆၆** | **၃၈၃၀၄၈** | **၁၄၇၈၆၀** | **၃၆၃၉၅၃၁** | **၁၁၁၀၃၆** | **၉၉၄၁၄** | **၅၅၂၂၁၅၅** |
| | ကျောက်ဆည် | ၂၇၅၀၄၇ | ၂၂၅၄၈ | ၅၃၆၁၄ | ၅၄၃၁၃၅ | ၁၃၁၄၀ | ၈၉၃၁ | ၉၁၆၄၁၅ |
| | မြင်းခြံ | ၄၂၉၂၇ | ၁၃၂၈၄၆ | - | ၁၁၄၀၅၃၅ | ၂၉၂၃၅ | ၁၁၉၂၃ | ၁၃၅၇၄၆၆ |
| | ညောင်ဦး | ၇၄၀ | ၄၂၃၁၃ | - | ၂၈၇၃၇၄ | ၂၄၁၃၈ | ၁၁၉၉၈ | ၃၆၆၅၆၃ |
| | ရမည်းသင်း | ၁၉၀၆၃၀ | ၅၇၄၁၆ | ၆၂၈၇၇ | ၁၀၈၁၆၄၂ | ၃၃၁၂၁ | ၄၈၇၄ | ၁၄၃၀၅၆၀ |
| | မိတ္ထီလာ | ၃၈၅၇၄၆ | ၂၅၂၃၃ | ၃၁၀၉၅၁ | ၈၄၅၁၀၅ | ၁၁၆၉၅ | ၃၄၄၉ | ၁၅၈၂၁၇၉ |
| | **မန္တလေးတိုင်း** | **၈၉၅၀၉၀** | **၂၈၀၃၅၆** | **၄၂၇၄၄၂** | **၃၈၉၇၇၉၁** | **၁၁၁၃၂၉** | **၄၁၁၇၅** | **၅၆၅၃၁၈၃** |
| | မကွေး | ၃၀၇၇၄၀ | ၂၉၀၀၆၈ | ၂၄၀၇၀၂ | ၁၀၉၆၃၇၇ | ၇၂၆၅၇ | ၄၃၉၂၀ | ၂၀၅၁၄၆၄ |
| | မင်းဘူး | ၇၆၃၃၁၂ | - | ၃၇၅၂၄၂ | ၂၂၅၅၀၁ | ၆၆၆ | ၁၃၈၁၃ | ၁၃၇၈၅၃၄ |
| | သရက် | ၂၃၃၁၅၅ | ၂၉၆၃၃၇ | ၂၂၀၅၃၈ | ၇၉၉၇၇၀ | ၂၃၈၀၀ | ၃၄၇၁၅ | ၁၆၀၈၃၁၅ |
| | ပခုက္ကူ | ၁၁၅၇၁၂ | ၄၂၈၈၁၈ | ၁၆၄၀၆၀ | ၁၅၆၂၇၆၄ | ၈၂၃၄၀ | ၂၆၀၁၇ | ၂၃၇၉၇၁၁ |
| | ဂန့်ဂေါ | ၇၉၄၃၂၁ | ၁၃၇၂၁၅ | ၁၂၂၈၃၃၀ | ၇၄၀၆၆၂ | ၂၀၄၄၅ | ၄၃၁၂၄ | ၂၉၆၄၀၉၇ |
| | **မကွေးတိုင်း** | **၂၂၁၇၂၄၀** | **၁၁၅၂၄၃၈** | **၂၂၂၈၈၇၂** | **၄၄၂၅၀၇၄** | **၁၉၉၉၀၈** | **၁၆၁၅၈၉** | **၁၀၃၈၂၁၂၁** |
| | **စုစုပေါင်း** | **၄၂၅၀၅၉၆** | **၁၈၁၅၈၄၂** | **၂၈၀၄၁၇၄** | **၁၁၉၆၂၃၉၆** | **၄၂၂၂၇၃** | **၃၀၂၁၇၈** | **၂၁၅၅၇၄၅၉** |
| | **ရာနှုန်း** | ၁၉.၇% | ၈.၄% | ၁၃.၀% | ၅၅.၅% | ၂.၀% | ၁.၄% | ၁၀၀% |

Source RS&GIS Section PSD, FD

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## သစ်တောစိုက်ခင်းတည်ထောင်ရန် မြေအမျိုးအစားအခြေအနေပြဇယား

(ဇက)

| စဉ် | ခရိုင်/မြို့နယ် | လျော့စောက်ဒီဂရီအရမြေအတန်းအစား | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | |
| ၁ | မြောင် | ၁၀၉၅၀၄ | ၀ | ၁၉၆၄ | ၀ | ၁၁၁၄၆၈ |
| ၂ | မြင်းမူ | ၁၈၉၃၈၇ | ၄၂ | ၂၂၂၅ | ၀ | ၁၉၁၆၅၄ |
| ၃ | ငါန်းဇွန် | ၂၂၀၉၇၇ | ၄၀၆၄ | ၂၄၇၇ | ၃၁၆ | ၂၂၇၈၃၄ |
| ၄ | စစ်ကိုင်း | ၂၉၈၃၈၈ | ၇၁၂၅ | ၁၃၂၄ | ၃၆၆၅ | ၃၁၀၅၀၂ |
| | **စစ်ကိုင်းခရိုင်** | **၈၁၈၂၅၆** | **၁၁၃၂၁** | **၇၉၉၀** | **၃၉၈၁** | **၈၄၁၄၅၈** |
| ၅ | ကန့်ဘလူ | ၈၆၁၈၂၁ | ၉၆၁၇၉ | ၇၈၂၈၃ | ၃၆၇ | ၁၀၃၆၆၅၀ |
| ၆ | ခင်ဦး | ၂၁၁၄၂၁ | ၄၅၀၂၁ | ၈၄ | ၀ | ၂၅၆၅၂၆ |
| ၇ | ရွှေဘို | ၂၃၄၉၁၃ | ၂၈၈၉၀ | ၀ | ၀ | ၂၆၃၈၀၃ |
| ၈ | ဒီပဲယင်း | ၂၅၇၂၄၃ | ၆၇၁၂၃ | ၃၂၁၇ | ၀ | ၃၂၇၅၈၃ |
| ၉ | တန့်ဆည် | ၄၂၈၂၂၆ | ၂၈၉၉၃ | ၈၇၁ | ၃၆၇ | ၄၅၈၄၅၇ |
| ၁၀ | ဝက်လက် | ၃၁၃၁၂၂ | ၁၆၂၁၀ | ၀ | ၀ | ၃၂၉၃၃၂ |
| ၁၁ | ရေဦး | ၃၃၈၅၆၅ | ၁၈၄၆၂ | ၀ | ၀ | ၃၅၇၀၂၇ |
| | **ရွှေဘိုခရိုင်** | **၂၆၄၅၃၁၁** | **၃၀၀၈၇၈** | **၈၂၄၅၅** | **၇၃၄** | **၃၀၂၉၃၇၈** |
| ၁၂ | အရာတော် | ၃၀၂၄၀၀ | ၀ | ၀ | ၀ | ၃၀၂၄၀၀ |
| ၁၃ | ဘုတလင် | ၂၆၁၆၅၄ | ၃၅၈၀ | ၀ | ၀ | ၂၆၅၂၃၄ |
| ၁၄ | ချောင်းဦး | ၁၁၅၂၃၇ | ၅၃၂၉ | ၁၁၈ | ၀ | ၁၂၀၆၈၄ |
| ၁၅ | မုံရွာ | ၁၅၇၃၈၉ | ၁၂၅၂၅ | ၀ | ၃၂၆ | ၁၇၀၂၄၀ |
| ၁၆ | ပုလဲ | ၃၁၂၆၃၀ | ၂၆၆၈၄ | ၅၁၀၈၄ | ၁၉၀၀ | ၃၉၂၂၉၈ |
| ၁၇ | ဆားလင်းကြီး | ၁၅၇၁၂၁ | ၁၁၀၃၀ | ၀ | ၁၈၀ | ၁၆၈၃၃၁ |
| ၁၈ | ယင်းမာပင် | ၂၁၃၇၈၀ | ၃၉၀၆ | ၁၄၀၉၇ | ၃၄၈ | ၂၃၂၁၃၁ |
| | **မုံရွာခရိုင်** | **၁၅၂၀၂၁၁** | **၆၃၀၅၄** | **၆၅၂၉၉** | **၂၇၅၄** | **၁၆၅၁၃၁၈** |
| | **စစ်ကိုင်းတိုင်းပေါင်း** | **၄၉၈၃၇၇၈** | **၃၇၅၁၆၃** | **၁၅၅၇၄၄** | **၇၄၆၉** | **၅၅၂၂၁၅၄** |

Source RS&GIS Section PSD, FD

ပူးတွဲ(၃)အဆက်

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**သစ်တောစိုက်ခင်းတည်ထောင်ရန် မြေအမျိုးအစားအခြေအနေပြဇယား**

**(ဇက)**

| စဉ် | ခရိုင်/မြို့နယ် | လျောစောက်ဒီဂရီအရမြေအတန်းအစား | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | |
| ၁ | ချောက် | ၁၆၈၂၅၇ | ၁၆၀၃၀ | ၃၆၉၇၇ | ၂၃၇၄၉ | ၂၄၅၀၁၃ |
| ၂ | မကွေး | ၃၅၉၂၅၆ | ၂၉၅၆၃ | ၄၇၈၀၄ | ၀ | ၄၃၆၆၂၃ |
| ၃ | မြို့သစ် | ၂၇၉၉၈၇ | ၉၉၉၉၁ | ၁၀၃၄၄ | ၁၇၉၄ | ၃၉၂၁၁၆ |
| ၄ | နတ်မောက် | ၄၇၁၀၁၈ | ၇၂၃၂၄ | ၂၀၈၇၇ | ၆၄၀၆ | ၅၇၀၆၂၅ |
| ၅ | တောင်တွင်းကြီး | ၃၃၂၂၈၇ | ၁၄၆၈၅၄ | ၇၁၃၈ | ၁၂၄ | ၄၈၆၄၀၃ |
| ၆ | ရေနံချောင်း | ၁၄၂၀၇၉ | ၂၃၁၁၆ | ၈၁၈၆၀ | ၁၈၇၆ | ၂၄၈၉၃၁ |
| | **မကွေးခရိုင်** | **၁၇၅၂၈၈၄** | **၃၈၇၈၇၈** | **၂၀၅၀၀၀** | **၃၃၉၄၉** | **၂၃၇၉၇၁၁** |
| ၇ | မင်းဘူး | ၂၇၈၀၆၆ | ၁၂၁၆၃၃ | ၁၀၅၂၈ | ၁၁၀၇ | ၄၁၁၃၃၄ |
| ၈ | ငဖဲ | ၂၅၂၅၅၃ | ၃၇၃၀၀ | ၃၃၄၉၄ | ၅၅၉ | ၃၂၃၉၀၆ |
| ၉ | ပွင့်ဖြူ | ၂၁၀၀၂၉ | ၆၉၉၈၃ | ၂၁၂၆၂ | ၁၉၂ | ၃၀၁၄၆၆ |
| ၁၀ | စလင်း | ၃၄၈၈၁၂ | ၈၆၄၉၀ | ၁၃၆၁၈၄ | ၁၂၄ | ၅၇၁၆၁၀ |
| | **မင်းဘူးခရိုင်** | **၁၀၈၉၄၆၀** | **၃၁၅၄၀၆** | **၂၀၁၄၆၈** | **၁၉၈၂** | **၁၆၀၈၃၁၆** |
| ၁၁ | ကံမ | ၁၈၄၅၅၈ | ၁၀၀၀၀၀ | ၀ | ၄၂၀ | ၂၈၄၉၇၈ |
| ၁၂ | မင်းတုန်း | ၃၄၃၄၉၀ | ၂၈၄၃၅၂ | ၃၂၈၄ | ၂၉၁ | ၆၃၁၄၁၇ |
| ၁၃ | မင်းလှ | ၃၉၉၀၁၆ | ၁၆၆၂၈၀ | ၁၇၄၄၈ | ၈၂၃၂ | ၅၈၅၉၇၆ |
| ၁၄ | အောင်လံ | ၃၆၀၉၇၆ | ၂၉၈၉၅၁ | ၁၇၂ | ၁၄၃၆ | ၆၆၁၅၃၅ |
| ၁၅ | ဆင်ပေါင်ဝဲ | ၂၂၁၁၀၈ | ၂၈၁၁၀၈ | ၂၇၁ | ၃၉၇၄ | ၅၀၆၄၆၁ |
| ၁၆ | သရက် | ၇၈၉၅၆ | ၂၁၃၆၇၈ | ၀ | ၁၀၉၅ | ၂၉၃၇၂၉ |
| | **သရက်ခရိုင်** | **၁၅၈၈၁၀၄** | **၁၃၄၄၃၆၉** | **၂၁၁၇၅** | **၁၀၄၄၈** | **၂၉၆၄၀၉၆** |
| ၁၇ | မြိုင် | ၄၃၁၁၁၉ | ၃၈၆၃၈ | ၃၂၈၅၉ | ၂၀၇ | ၅၀၂၈၂၃ |
| ၁၈ | ပခုက္ကူ | ၂၁၂၃၈၂ | ၆၂၁၆၀ | ၃၆၃၈၆ | ၈ | ၃၁၀၉၃၆ |
| ၁၉ | ပေါက် | ၃၉၃၉၁၅ | ၇၉၉၄၀ | ၁၄၀၁၀၇ | ၄၃၈ | ၆၁၄၄၀၀ |
| ၂၀ | ဆိပ်ဖြူ | ၂၆၆၆၉၇ | ၅၁၉၉၀ | ၅၇၇၃၅ | ၁၅ | ၃၇၆၄၃၇ |
| ၂၁ | ရေစကြို | ၂၁၅၇၂၆ | ၁၈၂၅၉ | ၁၂၆၉၄ | ၁၉၁ | ၂၄၆၈၇၀ |
| | **ပခုက္ကူခရိုင်** | **၉၈၅၈၁၉** | **၂၅၀၉၈၇** | **၂၇၉၇၈၁** | **၈၅၉** | **၂၀၅၁၄၆၆** |
| ၂၂ | ဂန့်ဂေါ | ၅၀၂၃၆၃ | ၁၃၂၅၂ | ၉၁၅၅၃ | ၁၆၅၅ | ၆၀၈၈၂၃ |
| ၂၃ | ထီးလင်း | ၂၀၇၀၅၂ | ၂၀၅၁၇ | ၉၉၈၇၅ | ၂၁၅၆ | ၃၂၉၆၀၀ |
| ၂၄ | ဆော | ၂၇၆၄၀၄ | ၆၇၅၅၄ | ၈၂၄၇၁ | ၁၃၆၈၁ | ၄၄၀၁၁၀ |
| | **ဂန့်ဂေါခရိုင်** | **၉၈၅၈၁၉** | **၁၀၁၃၂၃** | **၂၇၃၈၉၉** | **၁၇၄၉၂** | **၁၃၇၈၅၃၃** |
| | **မကွေးတိုင်းပေါင်း** | **၆၉၃၆၁၀၆** | **၂၃၉၉၉၆၃** | **၉၈၁၃၂၃** | **၆၄၇၃၀** | **၁၀၃၈၂၁၂၂** |

Source RS&GIS Section PSD, FD

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## သစ်တောစိုက်ခင်းတည်ထောင်ရန် မြေအမျိုးအစားအခြေအနေပြဇယား

(ဇက)

| စဉ် | ခရိုင်/မြို့နယ် | လျောစောက်ဒီဂရီအရမြေအတန်းအစား | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ၁ | ၂ | ၃ | ၄ | |
| ၁ | ကျောက်ဆည် | ၄၀၂၄၃၄ | ၄၈၃၆၇ | ၆၁၃၅ | ၇၂၄၂ | ၄၆၄၁၇၈ |
| ၂ | မြစ်သား | ၁၉၉၄၈၈ | ၁၅၁၁၇ | ၃၈၆၂ | ၈၁၉ | ၂၁၉၂၈၆ |
| ၃ | တံတားဦး | ၂၂၉၅၆၈ | ၂၆၇၀ | ၀ | ၇၁၃ | ၂၃၂၉၅၁ |
| | **ကျောက်ဆည်ခရိုင်** | **၈၃၁၄၉၀** | **၆၆၁၅၄** | **၉၉၉၇** | **၈၇၇၄** | **၉၁၆၄၁၅** |
| ၄ | ကျောက်ပန်းတောင်း | ၃၉၆၆၀၅ | ၅၄၃၂၂ | ၃၀၅၁၃ | ၃၉၀၁ | ၄၈၅၃၄၁ |
| ၅ | မြင်းခြံ | ၂၁၈၃၁၁ | ၁၂၄၈၇ | ၈၃၄၉ | ၃၉၇ | ၂၃၉၅၄၄ |
| ၆ | နွားထိုးကြီး | ၃၀၂၅၅၇ | ၄၂၇၅ | ၁၀၆၂ | ၇၄ | ၃၀၇၉၆၈ |
| ၇ | တောင်သာ | ၃၀၂၄၄၂ | ၉၃၁၆ | ၁၂၅၂၃ | ၃၃၂ | ၃၂၄၆၁၃ |
| | **မြင်းခြံခရိုင်** | **၁၂၁၉၉၁၅** | **၈၀၄၀၀** | **၅၂၄၄၇** | **၄၇၀၄** | **၁၃၅၇၄၆၆** |
| ၈ | ညောင်ဦး | ၃၂၃၅၁၈ | ၂၃၃၅၅ | ၁၈၉၅၈ | ၇၃၂ | ၃၆၆၅၆၃ |
| | **ညောင်ဦးခရိုင်** | **၃၂၃၅၁၈** | **၂၃၃၅၅** | **၁၈၉၅၈** | **၇၃၂** | **၃၆၆၅၆၃** |
| ၉ | ပျော်ဘွယ် | ၃၈၅၅၈၁ | ၁၂၂၇၁ | ၆၂၃၆ | ၄၅၁၇ | ၄၀၈၆၀၅ |
| ၁၀ | တပ်ကုန်း | ၄၂၂၈၇၀ | ၁၈၄၃၉၇ | ၂၇၈၆၇ | ၂၈၁၅ | ၆၃၇၉၄၉ |
| ၁၁ | ရမည်းသင်း | ၄၂၀၆၆၁ | ၈၈၂၈၄ | ၁၇၁၂၉ | ၉၅၅၁ | ၅၃၅၆၂၅ |
| | **ရမည်းသင်းခရိုင်** | **၁၂၂၉၁၁၂** | **၂၈၄၉၅၂** | **၅၁၂၃၂** | **၁၆၈၈၃** | **၁၅၈၂၁၇၉** |
| ၁၂ | မလှိုင် | ၂၆၈၀၄၃ | ၉၈ | ၃၅၇၀ | ၂၆၅၈ | ၂၇၄၃၆၉ |
| ၁၃ | မိတ္ထီလာ | ၃၀၄၀၃၁ | ၀ | ၂၀၃ | ၀ | ၃၀၄၂၃၄ |
| ၁၄ | သာစည် | ၄၁၀၈၁၀ | ၅၄၁၄၉ | ၃၆၅၇၁ | ၂၅၃၈ | ၅၀၄၀၆၈ |
| ၁၅ | ဝမ်းတွင်း | ၃၃၈၆၅၃ | ၁၁၉၇ | ၅၃၉၄ | ၂၆၄၅ | ၃၄၇၈၈၉ |
| | **မိတ္ထီလာခရိုင်** | **၁၃၂၁၅၃၇** | **၅၅၄၄၄** | **၄၅၇၃၈** | **၇၈၄၁** | **၁၄၃၀၅၆၀** |
| | **မန္တလေးတိုင်း** | **၄၉၂၅၅၇၂** | **၅၁၀၃၀၅** | **၁၇၈၃၇၂** | **၃၈၉၃၄** | **၅၆၅၃၁၈၃** |
| | **စိမ်း/စိုစုစုပေါင်း** | **၁၆၈၄၅၄၅၆** | **၃၂၈၅၄၃၁** | **၁၃၁၅၄၃၉** | **၁၁၁၁၃၃** | **၂၁၅၅၇၄၅၉** |

Source RS&GIS Section PSD, FD

၁။ လျောစောက်ဒီဂရီအရမြေအတန်းအစား(၁)သည် စိုက်ခင်းတည်ထောင်ရန် မသင့်လျော်သော (သို့မဟုတ်) မလိုအပ်သောမြေအမျိုးအစားဖြစ်ပါသည်။

၂။ မြေအတန်းအစား (၂)တွင် လျောစောက် ၂၇%ထက်ပိုသော ဒေသများပါဝင်ပါသည်။ စိုက်ခင်းတည်ထောင်ရန် လိုအပ်သော်လည်းမြေမျက်နှာသွင်ပြင် ညီညာမှုမရှိသဖြင့် စိုက်ခင်းတည်ထောင်ရန် ခက်ခဲမှုရှိပါသည်။ တောနိမ့်မြေအမျိုးအစားများပါဝင်ပြီးသဘာဝနည်းဖြင့်သာထိန်းသိမ်းကာကွယ်သင့်သော ဒေသများဖြစ်ပါသည်။

၃။ မြေအတန်းအစား (၃)တွင် လျောစောက် ၂၇% ထက်လျော့နည်းပြီးစိုက်ခင်းတည်ထောင်ရန် သင့်လျော်သောမြေမျက်နှာသွင်ပြင် ညီညာသောဒေသများဖြစ်ပါသည်။

၄။ မြေအတန်းအစား (၄)တွင် လယ်ယာစိုက်ပျိုးမြေများဖြစ်ပြီးလျောစောက် ၂၇% ထက်ပိုသော ဒေသများတွင် မြေပြုပြင်ထိန်းသိမ်းမှုပြုလုပ်ပေးရန် လိုအပ်ပြီးမြေပြိုစားမှုလွယ်ကူစွာ ဖြစ်ပေါ်နိုင်သော မြေအတန်းအစားဖြစ်ပါသည်။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## ( ၁၉၉၇-၉၈) ခုနှစ်မှ (၂၀၀၀-၀၁) ခုနှစ်အတွင်း တည်ထောင်မည့်
## တိုင်းအလိုက်လျာထားသည့် သစ်တောစိုက်ခင်းများစာရင်း

**(ဧက)**

| စဉ် | တိုင်း | စစ်ကိုင်းတိုင်းပေါင်း | | | | မန္တလေးတိုင်းပေါင်း | | | | မကွေးတိုင်းပေါင်း | | | | အပူပိုင်းဒေသ စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျေးရွာသုံး | ရေဝေရေလဲ | အခြား | ပေါင်း | ကျေးရွာသုံး | ရေဝေရေလဲ | အခြား | ပေါင်း | ကျေးရွာသုံး | ရေဝေရေလဲ | အခြား | ပေါင်း | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) | (၁၄) | (၁၅) |
| ၁။ | ၁၉၉၇-၉၈ | ၃၅၇၅ | - | - | ၃၅၇၅ | ၄၃၀၀ | - | - | ၄၃၀၀ | ၁၁၆၅၅ | - | - | ၁၁၆၅၅ | ၁၉၅၃၀ |
| ၂။ | ၁၉၉၈-၉၉ | ၄၅၇၀ | ၁၈၀၀ | ၁၇၃၀ | ၈၁၀၀ | ၄၇၅၀ | ၄၃၀၀ | ၂၅၅၀ | ၁၁၃၀၀ | ၈၁၀၀ | ၃၆၅၀ | ၃၈၅၀ | ၁၅၆၀၀ | ၃၅၀၀၀ |
| ၃။ | ၁၉၉၉-၂၀၀၀ | ၂၇၂၀ | ၃၅၇၀ | ၁၅၃၀ | ၈၀၀၀ | ၃၄၅၀ | ၆၀၀၀ | ၂၅၅၀ | ၁၂၀၀၀ | ၆၂၆၀ | ၅၂၀၀ | ၃၅၄၀ | ၁၅၀၀၀ | ၃၅၀၀၀ |
| ၄။ | ၂၀၀၀-၂၀၀၁ | ၂၇၂၀ | ၃၇၅၀ | ၁၅၃၀ | ၈၀၀၀ | ၃၄၅၀ | ၆၀၀၀ | ၂၅၅၀ | ၁၂၀၀၀ | ၆၂၆၀ | ၅၂၀၀ | ၃၅၄၀ | ၁၅၀၀၀ | ၃၅၀၀၀ |
| **အပူပိုင်းဒေသပေါင်း** | | **၁၃၅၈၅** | **၉၃၀၀** | **၄၇၉၀** | **၂၇၆၇၅** | **၁၅၉၅၀** | **၁၆၃၀၀** | **၇၃၅၀** | **၃၉၆၀၀** | **၃၂၂၇၅** | **၁၄၀၅၀** | **၁၀၉၃၀** | **၅၇၂၅၅** | **၁၂၄၅၃၀** |

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## ၁၉၉၇-၉၈ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း

| စဉ် | ခရိုင် | ကျေးရွာသုံး | | | | ရေဝေရေလဲ | | | တောင်တန်း | သုတေသန | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာမန် | သီးနှံ သစ်တော | ဒေသခံ အစုအဖွဲ့ | ပေါင်း | သာမန် | သီးနှံ သစ်တော | ပေါင်း | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | ရွှေဘို | ၁၀၀၀ | - | - | ၁၀၀၀ | - | - | - | - | - | - | ၁၀၀၀ |
| ၂ | စစ်ကိုင်း | ၇၇၀ | - | - | ၇၇၀ | - | - | - | - | - | - | ၇၇၀ |
| ၃ | မုံရွာ | ၁၈၀၅ | - | - | ၁၈၀၅ | - | - | - | - | - | - | ၁၈၀၅ |
| | **စစ်ကိုင်းတိုင်းပေါင်း** | **၃၅၇၅** | - | - | **၃၅၇၅** | - | - | - | - | - | - | **၃၅၇၅** |
| ၄ | ကျောက်ဆည် | - | - | - | - | - | - | - | - | - | - | - |
| ၅ | မြင်းခြံ | ၁၄၀၀ | - | - | ၁၄၀၀ | - | - | - | - | - | - | ၁၄၀၀ |
| ၆ | ညောင်ဦး | ၄၀၀ | - | - | ၄၀၀ | - | - | - | - | - | - | ၄၀၀ |
| ၇ | မိတ္ထီလာ | ၁၄၅၀ | - | - | ၁၄၅၀ | - | - | - | - | - | - | ၁၄၅၀ |
| ၈ | ရမည်းသင်း | ၁၀၅၀ | - | - | ၁၀၅၀ | - | - | - | - | - | - | ၁၀၅၀ |
| | **မန္တလေးတိုင်းပေါင်း** | **၄၃၀၀** | - | - | **၄၃၀၀** | - | - | - | - | - | - | **၄၃၀၀** |
| ၉ | ပခုက္ကူ | ၃၀၀၀ | - | - | ၃၀၀၀ | - | - | - | - | - | - | ၃၀၀၀ |
| ၁၀ | ဂန့်ဂေါ | - | - | - | - | - | - | - | - | - | - | - |
| ၁၁ | မကွေး | ၄၀၅၅ | - | - | ၄၀၅၅ | - | - | - | - | - | - | ၄၀၅၅ |
| ၁၂ | မင်းဘူး | ၁၇၀၀ | - | - | ၁၇၀၀ | - | - | - | - | - | - | ၁၇၀၀ |
| ၁၃ | သရက် | ၂၉၀၀ | - | - | ၂၉၀၀ | - | - | - | - | - | - | ၂၉၀၀ |
| | **မကွေးတိုင်းပေါင်း** | **၁၁၆၅၅** | - | - | **၁၁၆၅၅** | - | - | - | - | - | - | **၁၁၆၅၅** |
| | **အပူပိုင်းဒေသပေါင်း** | **၁၉၅၃၀** | - | - | **၁၉၅၃၀** | - | - | - | - | - | - | **၁၉၅၃၀** |

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**၁၉၉၈-၉၉ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း**

| စဉ် | ခရိုင် | ကျေးရွာသုံး | | | | ရေဝေရေလဲ | | | တောင်တန်း | သုတေသန | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာမန် | သီးနှံ သစ်တော | ဒေသခံ အစုအဖွဲ့ | ပေါင်း | သာမန် | သီးနှံ သစ်တော | ပေါင်း | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | ရွှေဘို | ၁၅၄၀ | ၃၀၀ | - | ၁၈၄၀ | ၁၄၀၀ | - | ၁၄၀၀ | - | ၁၀ | ၃၅၀ | ၃၆၀၀ |
| ၂ | စစ်ကိုင်း | ၉၃၀ | ၅၀၀ | - | ၁၄၃၀ | - | - | - | ၅၀၀ | ၁၀ | ၃၅၀ | ၂၂၉၀ |
| ၃ | မုံရွာ | ၁၂၀၀ | ၁၀၀ | - | ၁၃၀၀ | ၄၀၀ | - | ၄၀၀ | ၁၀၀ | ၁၀ | ၄၀၀ | ၂၂၁၀ |
| **စစ်ကိုင်းတိုင်းပေါင်း** | | **၃၆၇၀** | **၉၀၀** | **-** | **၄၅၇၀** | **၁၈၀၀** | **-** | **၁၈၀၀** | **၆၀၀** | **၃၀** | **၁၁၀၀** | **၈၁၀၀** |
| ၄ | ကျောက်ဆည် | ၇၀၀ | - | - | ၇၀၀ | - | - | - | ၁၀၀ | ၁၀ | ၃၆၀ | ၁၁၇၀ |
| ၅ | မြင်းခြံ | ၇၀၀ | - | - | ၇၀၀ | ၂၇၀၀ | - | ၂၇၀၀ | - | ၁၀ | ၃၆၀ | ၃၇၇၀ |
| ၆ | ညောင်ဦး | ၁၂၅၀ | - | - | ၁၂၅၀ | - | - | - | ၃၀၀ | ၁၀ | ၃၆၀ | ၁၉၂၀ |
| ၇ | မိတ္ထီလာ | ၈၀၀ | - | - | ၈၀၀ | ၁၀၀၀ | - | ၁၀၀၀ | - | ၁၀ | ၃၆၀ | ၂၁၇၀ |
| ၈ | ရမည်းသင်း | ၁၃၀၀ | - | - | ၁၃၀၀ | ၆၀၀ | - | ၆၀၀ | - | ၁၀ | ၃၆၀ | ၂၂၇၀ |
| **မန္တလေးတိုင်းပေါင်း** | | **၄၇၅၀** | **-** | **-** | **၄၇၅၀** | **၄၃၀၀** | **-** | **၄၃၀၀** | **၄၀၀** | **၅၀** | **၁၈၀၀** | **၁၁၃၀၀** |
| ၉ | ပခုက္ကူ | ၁၆၀၀ | ၂၀၀ | - | ၁၈၀၀ | ၁၅၀၀ | - | ၁၅၀၀ | ၁၁၀၀ | ၁၀ | ၃၅၀ | ၄၇၆၀ |
| ၁၀ | ဂန့်ဂေါ | - | - | - | - | ၅၀၀ | ၁၀၀၀ | ၁၅၀၀ | - | ၁၀ | ၃၅၀ | ၁၈၆၀ |
| ၁၁ | မကွေး | ၂၅၀၀ | - | - | ၂၅၀၀ | ၆၅၀ | - | ၆၅၀ | - | ၁၀ | ၇၀၀ | ၃၈၆၀ |
| ၁၂ | မင်းဘူး | ၁၀၀၀ | ၁၀၀ | - | ၁၁၀၀ | - | - | - | ၆၀၀ | ၁၀ | ၃၅၀ | ၂၀၆၀ |
| ၁၃ | သရက် | ၂၁၀၀ | ၆၀၀ | - | ၂၇၀၀ | - | - | - | - | ၁၀ | ၃၅၀ | ၃၀၆၀ |
| **မကွေးတိုင်းပေါင်း** | | **၇၂၀၀** | **၉၀၀** | **-** | **၈၁၀၀** | **၂၆၅၀** | **၁၀၀၀** | **၃၆၅၀** | **၁၇၀၀** | **၅၀** | **၂၁၀၀** | **၁၅၆၀၀** |
| **အပူပိုင်းဒေသပေါင်း** | | **၁၅၆၂၀** | **၁၈၀၀** | **-** | **၁၇၄၂၀** | **၈၇၅၀** | **၁၀၀၀** | **၉၇၅၀** | **၂၇၀၀** | **၁၃၀** | **၅၀၀၀** | **၃၅၀၀၀** |

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## ၁၉၉၉-၂၀၀၀ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း

| စဉ် | ခရိုင် | ကျေးရွာသုံး | | | | ရေဝေရေလဲ | | | တောင်တန်း | သုတေသန | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာမန် | သီးနှံ သစ်တော | ဒေသခံ အစုအဖွဲ့ | ပေါင်း | သာမန် | သီးနှံ သစ်တော | ပေါင်း | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | ရွှေဘို | ၆၀၀ | ၃၀၀ | ၁၀၀ | ၁၀၀၀ | ၁၆၀၀ | ၁၅၀ | ၁၇၅၀ | - | ၁၀ | ၃၀၀ | ၃၀၆၀ |
| ၂ | စစ်ကိုင်း | ၆၀၀ | ၂၀၀ | ၅၀ | ၈၅၀ | ၆၀၀ | - | ၆၀၀ | ၅၀၀ | ၁၀ | ၄၀၀ | ၂၃၆၀ |
| ၃ | မုံရွာ | ၅၇၀ | ၂၅၀ | ၅၀ | ၈၇၀ | ၁၃၀၀ | ၁၀၀ | ၁၄၀၀ | - | ၁၀ | ၃၀၀ | ၂၅၈၀ |
| **စစ်ကိုင်းတိုင်းပေါင်း** | | **၁၇၇၀** | **၇၅၀** | **၂၀၀** | **၂၇၂၀** | **၃၅၀၀** | **၂၅၀** | **၃၇၅၀** | **၅၀၀** | **၃၀** | **၁၀၀၀** | **၈၀၀၀** |
| ၄ | ကျောက်ဆည် | ၆၀၀ | ၁၀၀ | ၅၀ | ၇၅၀ | - | - | - | ၁၀၀ | ၁၀ | ၄၀၀ | ၁၂၆၀ |
| ၅ | မြင်းခြံ | ၅၀၀ | ၁၀၀ | ၅၀ | ၆၅၀ | ၁၈၀၀ | ၂၀၀ | ၂၀၀၀ | ၃၀၀ | ၁၀ | ၄၀၀ | ၃၃၆၀ |
| ၆ | ညောင်ဦး | ၅၀၀ | ၁၀၀ | ၁၀၀ | ၇၀၀ | - | - | - | ၁၀၀ | ၁၀ | ၄၀၀ | ၁၂၁၀ |
| ၇ | မိတ္ထီလာ | ၅၀၀ | ၁၀၀ | ၅၀ | ၆၅၀ | ၁၈၀၀ | ၂၀၀ | ၂၀၀၀ | - | ၁၀ | ၄၀၀ | ၃၀၆၀ |
| ၈ | ရမည်းသင်း | ၅၅၀ | ၁၀၀ | ၅၀ | ၇၀၀ | ၁၈၀၀ | ၂၀၀ | ၂၀၀၀ | - | ၁၀ | ၄၀၀ | ၃၁၁၀ |
| **မန္တလေးတိုင်းပေါင်း** | | **၂၆၅၀** | **၅၀၀** | **၃၀၀** | **၃၄၅၀** | **၅၄၀၀** | **၆၀၀** | **၆၀၀၀** | **၅၀၀** | **၅၀** | **၂၀၀၀** | **၁၂၀၀၀** |
| ၉ | ပခုက္ကူ | ၁၂၀၀ | ၁၀၀ | ၁၀၀ | ၁၄၀၀ | ၉၀၀ | ၁၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀ | ၆၀၀ | ၄၀၁၀ |
| ၁၀ | ဂန့်ဂေါ | - | - | - | - | ၅၀၀ | ၁၀၀၀ | ၁၅၀၀ | - | - | ၁၀၀ | ၁၆၀၀ |
| ၁၁ | မကွေး | ၂၀၀၀ | ၁၀၀ | ၁၀၀ | ၂၂၀၀ | ၉၀၀ | ၁၀၀ | ၁၀၀၀ | - | ၁၀ | ၆၀၀ | ၃၈၁၀ |
| ၁၂ | မင်းဘူး | ၇၀၀ | ၁၀၀ | ၆၀ | ၈၆၀ | ၁၀၀၀ | ၁၀၀ | ၁၁၀၀ | ၅၀၀ | ၁၀ | ၃၀၀ | ၂၇၇၀ |
| ၁၃ | သရက် | ၁၆၀၀ | ၁၀၀ | ၁၀၀ | ၁၈၀၀ | ၅၀၀ | ၁၀၀ | ၆၀၀ | - | ၁၀ | ၄၀၀ | ၂၈၁၀ |
| **မကွေးတိုင်းပေါင်း** | | **၅၅၀၀** | **၄၀၀** | **၃၆၀** | **၆၂၆၀** | **၃၈၀၀** | **၁၄၀၀** | **၅၂၀၀** | **၁၅၀၀** | **၄၀** | **၂၀၀၀** | **၁၅၀၀၀** |
| **အပူပိုင်းဒေသပေါင်း** | | **၉၉၂၀** | **၁၆၅၀** | **၈၆၀** | **၁၂၄၃၀** | **၁၂၇၀၀** | **၂၂၅၀** | **၁၄၉၅၀** | **၂၅၀၀** | **၁၂၀** | **၅၀၀၀** | **၃၅၀၀၀** |

ပူးတွဲ (၅)အဆုံး

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
## ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တည်ထောင်မည့်သစ်တောစိုက်ခင်းစာရင်း

| စဉ် | ခရိုင် | ကျေးရွာသုံး | | | | ရေဝေရေလဲ | | | တောင်တန်း | သုတေသန | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သာမန် | သီးနှံ့သစ်တော | ဒေသခံအစုအဖွဲ့ | ပေါင်း | သာမန် | သီးနှံ့သစ်တော | ပေါင်း | | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) | (၁၀) | (၁၁) | (၁၂) | (၁၃) |
| ၁ | ရွှေဘို | ၆၀၀ | ၃၀၀ | ၁၀၀ | ၁၀၀၀ | ၁၆၀၀ | ၁၅၀ | ၁၇၅၀ | - | ၁၀ | ၃၀၀ | ၃၀၆၀ |
| ၂ | စစ်ကိုင်း | ၆၀၀ | ၂၀၀ | ၅၀ | ၈၅၀ | ၆၀၀ | - | ၆၀၀ | ၅၀၀ | ၁၀ | ၄၀၀ | ၂၃၆၀ |
| ၃ | မုံရွာ | ၅၇၀ | ၂၅၀ | ၅၀ | ၈၇၀ | ၁၃၀၀ | ၁၀၀ | ၁၄၀၀ | - | ၁၀ | ၃၀၀ | ၂၅၈၀ |
| **စစ်ကိုင်းတိုင်းပေါင်း** | | **၁၇၇၀** | **၇၅၀** | **၂၀၀** | **၂၇၂၀** | **၃၅၀၀** | **၂၅၀** | **၃၇၅၀** | **၅၀၀** | **၃၀** | **၁၀၀၀** | **၈၀၀၀** |
| ၄ | ကျောက်ဆည် | ၆၀၀ | ၁၀၀ | ၅၀ | ၇၅၀ | - | - | - | ၁၀၀ | ၁၀ | ၄၀၀ | ၁၂၆၀ |
